# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 11 December 2017 ၉၁၃၅


# မောင်တောမြို့တွင် ဓာတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေ



**မောင်တောမြို့ပေါ်သို့ လက်ရှိလျှပ်စစ်မီးပေးလျက်ရှိသော ဒီဇယ်ဂျင်နရေတာကို တွေ့ရစဉ်။**

**မောင်တော ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လာမည့်နှစ်တွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး၏ ပြောကြားချက်အရ သိရသည်။

လက်ရှိအခြေအနေတွင် မောင်တောမြို့ပေါ်၌ အိမ်ထောင်စု ၄၀၀၀ ကျော်အနက် အိမ်ထောင်စု ၁၈၇၂ စုအား ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး နောက်ပိုင်းတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါက အိမ်ထောင်စုအားလုံးအား လျှပ်စစ်မီးပေးနိုင်မည်ဟု သိရသည်။ "လက်ရှိ လည်ပတ်နေတာက 1000 KVA ဒီဇယ်ဂျင်နရေတာရယ်၊ 500 KVA ဒီဇယ်ဂျင်နရေတာရယ် ဒီနှစ်လုံးနဲ့ ဖြစ်ပါတယ်၊ အရန်အဖြစ်ကတော့ 500 KVA တစ်လုံး၊ 400 KVA တစ်လုံး၊ 300 KVA တစ်လုံး ထားရှိထားပါတယ်"ဟု ခရိုင်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက ပြောသည်။

မောင်တောမြို့တွင် ယခင်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လေးနာရီနှင့် မီးလင်းရေးအဖွဲ့အစီအစဉ်ဖြင့် တစ်နာရီ စုစုပေါင်း ငါးနာရီပေးဝေနေရာမှ ၂၀၁၆ ခုနှစ် အောက်တိုဘာလဖြစ်စဉ် **စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✱**

# မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်များပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ သဘာဝတောတောင်၊ ရေမြေ၊ ရာသီဥတုသာယာမှု၊ သဘာဝရှုခင်းများ ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအဆောက်အအုံ၊ ဘုရားပုထိုးစေတီများ၊ လူမျိုးစုများ၏ မတူညီသော ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပေါကြွယ်ဝမှု၊ သာယာလှပသောကမ်းခြေများ၊ ကျွန်းစုများ၊ သဘာဝရေချိုအိုင်ကြီးများနှင့် သဘာဝဘေးမဲ့တောများနှင့် တောရိုင်းတိရစ္ဆာန်များစသည့် လေ့လာချင်စရာများ ပေါကြွယ်ဝမှုများကြောင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ တစ်နေ့တခြား ဝင်ရောက်မှုများပြားလာခဲ့သည်ကို တွေ့ရသည်။

ထိုကဲ့သို့လေ့လာချင်စရာ သဘာဝအလှတရားများကြောင့် မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ပေါက်များမှ ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်)နှင့် ပြည်ဝင်ဗီဇာ(လုပ်ငန်း)တို့ဖြင့် ဝင်ရောက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၂၉၇၆၇၆ ဦး၊ လုပ်ငန်းဗီဇာဖြင့် ၁၅၉၀၉၄ ဦးသာရှိခဲ့သော်လည်း အလားတူ ၂၀၁၇ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၂၉၈၃၉၅ ဦးနှင့် လုပ်ငန်းဗီဇာဖြင့် ၁၆၀၀၇၇ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့ တွေ့ဆုံ

စာမျက်နှာ ›› ၃



ဖျက်ဒုံးကျည်စနစ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှု အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယားတို့ ပူးတွဲပြုလုပ်မည်

စာမျက်နှာ ›› ၄



စာပေညီလာခံဆွေးနွေးပွဲ တက်ရောက်လိုသူများအတွက် ကြို/ပို့ယာဉ်များ စီစဉ်ပေးထား

စာမျက်နှာ ›› ၇



ပုဂံရှေးဟောင်းနယ်မြေ နေဝင်ချိန်ရှုခင်းကြည့်ခြင်းကို ရည်ရွယ်ချက်သုံးမျိုးဖြင့် တားမြစ်သွားမည်

စာမျက်နှာ ›› ၁၆




ကြေးမုံ

# နိုင်ငံအကျိုးပြု အလုပ်လမ်းညွှန်များကို ခံယူ

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီး ညီလာခံ (၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့က နေပြည်တော်တွင်ပြုလုပ်ခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

ထိုအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ပြောကြားခဲ့ရာ၌ လူငယ်များသည် နိုင်ငံ၏အရင်းအမြစ်များဖြစ်ကြောင်း၊ နောင်တစ်ခေတ်တွင် ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်နေထိုင်သွားနိုင်ရန်အတွက် ယခုလူငယ်များအပေါ်တွင် မူတည်နေကြောင်း၊ နိုင်ငံသိက္ခာရှိရှိ တောင့်တင်းခိုင်မာစွာရပ်တည်နိုင်ရန် စီးပွားရေးတိုးတက်မှုသည် အရေးကြီးကြောင်း၊ လူငယ်အင်အားနှင့် စီးပွားရေးအင်အားပေါင်းပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာဖြစ်ကြောင်းနှင့် လူငယ်များအားအားကိုးပါကြောင်း လူငယ်များ၏ အခန်းကဏ္ဍ၊ လူငယ်များ၏အရေးပါပုံ၊ လူငယ်များ၏ အနာဂတ်၊ လူငယ်များ ဆောင်ရွက်ရန် စသည်တို့ကို လမ်းညွှန်မှာကြားခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရှိလူငယ်များအတွက် နိုင်ငံတော်က ဦးစားပေးအကောင်အထည်ဖော်ပေးနေသည်ကို တွေ့ရသည်။ မကြာသေးမီရက်ပိုင်းကလည်း လူငယ်ဖွံ့ဖြိုးရေးအတွက် ပွဲတော်များ ကျင်းပပေးခဲ့ပြီး ယခုလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံကို ဒုတိယအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုသို့ကျင်းပပေးခြင်းဖြင့် လူငယ်လူရွယ်များ စိတ်ဓာတ်ခွန်အားမြင့်မားလာပြီး နိုင်ငံအတွက် အကျိုးကြီးမားအောင် ကြိုးပမ်းဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတကာတွင် လူငယ်လူရွယ်များမှာ နိုင်ငံအတွင်း ရှေ့တန်းမှ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေပြီး ထိုနိုင်ငံအတွက် အားထားရသည့် စွမ်းဆောင်ရှင်များအဖြစ် ရပ်တည်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် လူငယ်လူရွယ်များ အခန်းကဏ္ဍမှာ မှေးမှိန်ခဲ့ပြီး နိုင်ငံ့အကျိုးဆောင်ရွက်ရေး၌ အားနည်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းကို သတိမူ၍ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အကြံပြုလမ်းညွှန်မှုများကို လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။

စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များ ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က 3M နည်းလမ်းကို လမ်းညွှန်ခဲ့သည်။ ငွေကြေး(Money)တည်းဟူသော အရင်းအနှီးရရှိရေးအတွက် ဘဏ်ချေးငွေသာမက အစုရှယ်ယာထည့်ဝင်ခြင်း၊ ကူညီပံ့ပိုးခြင်းတို့ကို အကြံပြုထားသည်။ ဈေးကွက်(Market)နှင့်ပတ်သက်၍ ဈေးကွက်ဖန်တီးနိုင်ရေး၊ ဈေးကွက်ရှာဖွေရေး၊ ကိုယ်တိုင်ထုတ်လုပ်သည့် ကုန်ပစ္စည်းပုံစံ၊ အရည်အသွေးတို့ကို စမ်းသပ်တီထွင်ထုတ်လုပ်ပြီး ဈေးကွက်တွင်ကျယ်အောင်ထိုးဖောက်ရေးနှင့် နည်းပညာအသုံးချရေးကို လမ်းညွှန်ထားသည်။

လမ်းညွှန်ပေးမှု(Mentorship)တွင် ဖွဲ့စည်းတည်ထောင်ထားသော အာဆီယံစွန့်ဦးတီထွင်လုပ်ငန်းရှင်များအား လမ်းညွှန်ပေးသည့် ကွန်ရက်၏ အောင်မြင်နေသောလုပ်ငန်းရှင်များထံမှ အကြံဉာဏ်၊ အထောက်အပံ့ရယူရေး၊ ကွန်ရက်ထူထောင်ရေး မှာကြားထားသည်။ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရေးတွင် 3M သည် အရေးပါသော အလုပ်လမ်းညွှန်များဖြစ်သည်။ 3M အကောင်အထည်ဖော်ရေးကို လူငယ်များသာမက လူကြီးများကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရပေမည်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်အဖြစ်ဆောင်ရွက်မည့် လူငယ်များအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ခဲ့သော အကြံပြုချက်များမှာ လူငယ်လူရွယ်များ လေးလေးနက်နက် စဉ်းစားရမည့် အချက်များဖြစ်သည်။ လူငယ်များအနေဖြင့် မိမိနိုင်ငံအကျိုးအတွက် ကမ္ဘာကြည့်ကြည့်တတ်ဖို့ မြင်တတ်ဖို့လိုသည်။ မိမိနိုင်ငံ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေး နိုင်ငံ၏ညီညွတ်မှုအားဖြင့် လူငယ်များ တိုးတက်ဖြစ်မြောက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတိုးတက်ရေးကို မျက်စိအောက်သာမက အနာဂတ်အတွက်ပါ မျက်မွေးတစ်ဆုံး ကြည့်ရှုအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယနေ့လူငယ်များသည် နောင်တွင် လူကြီးများဖြစ်လာမည်ဖြစ်ရာ အနာဂတ်ကို ပိုင်စိုးသူသည် လူငယ်များသာဖြစ်သည်။ ထို့ကြောင့် အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်ရေးအတွက် ယနေ့လူငယ်များအား စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖြစ်အောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားချက်နှင့်အညီ ဝိုင်းဝန်းအကောင်အထည်ဖော်ရန် တိုက်တွန်းအပ်ပါသည်။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ကျောက်ဆည်မြို့၌ မြစ်ကမ်းစပ်ရှိ အမှိုက်များ ရှင်းလင်း

**ကျောက်ဆည် ဒီဇင်ဘာ ၁၀**
ရောဝတီတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးကော်မတီက မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့မဈေး သားငါးတန်းနောက်ရှိ အမှိုက်များရှင်းလင်းမှုကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

သားငါးတန်းနောက်ဘက် မြစ်ကမ်းစပ်ရှိ အမှိုက်များနှင့် ထွေ/အုပ်ရုံးရှေ့ မြစ်ကမ်းစပ်ရှိ အမှိုက်များ၊ ရေမြောင်းများကို ရှင်းလင်းခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေး ခေတ္တအမှုဆောင်အရာရှိ ဦးရဲထွန်းဦးက ပြောသည်။

ကျောက်ဆည်မြို့နယ် မြို့မဈေးကြီးမှ ထွက်သောအမှိုက်များနှင့် ပျံကျဈေးမှထွက်သော အမှိုက်များကို အမှိုက်ကားဖြင့် တစ်နေ့တစ်ခေါက်ရှင်းလင်းသော်လည်း မလုံလောက်သဖြင့် စုပုံနေပြီး ရပ်ကွက်အတွင်းမှလည်း လာရောက်စွန့်ပစ်ကြသည့်အတွက် မြစ်ကမ်းစပ်တွင် စုပုံနေရကြောင်း ဈေးကောက်ဦးဝင်းမြင့်က ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**
ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘင်္ဂလားကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

## ကျွမ်းကျင်လုပ်သားများအနေဖြင့် မိမိတို့တတ်ကျွမ်းထားသော အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရန်လို

**ရန်ကုန် ဒီဇင်ဘာ ၁၀**
၂၀၁၈ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းအတွင်း လွတ်လပ်သော ကုန်သွယ်မှုအရ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကြောင့် မိမိတို့ မြန်မာလုပ်သားများ ဒေသတွင်းနိုင်ငံများရှိ လုပ်သားများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်နှင့် မြန်မာလုပ်သားထု အလုပ်အကိုင်အခွင့်အလမ်းတည်မြဲနိုင်စေရန်နှင့် အလုပ်အကိုင် ကျွမ်းကျင်မှုအလိုက် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်းတွင် ကျင်းပသည့် အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခြင်းဖြစ်သည်။

အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ကို မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့(NSSA)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်သား ၅၀၀၀ စိစစ်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း စိစစ်အောင်မြင်ခဲ့သူများကို ပေးအပ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကဲဖြတ်စင်တာမှ တာဝန်ရှိသူများ၊ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ကျွမ်းကျင်လုပ်သားများ စုစုပေါင်း ၅၀၀ တက်ရောက်သည်။

ယနေ့အခမ်းအနားတွင် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း အလုပ်အကိုင် ၁၀ မျိုးအတွက် ဖြေဆိုအောင်မြင်ခဲ့သည့် လုပ်သား ၄၆၅ ဦးကို အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ခြောက်ခုတို့ကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့(NSSA)သည် လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်သည့်အနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း နိုင်ငံ၏ စီးပွားရေးအချက်အချာကျပြီး လုပ်သားဈေးကွက် လိုအပ်ချက်များပြားနေသော ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် အလုပ်အကိုင် ၁၈ မျိုးအတွက် အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ စိစစ်အကဲဖြတ်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသစ်**(MNA)

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၁၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့ တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် Gen. Ranjendra Chhetri ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်မှ နီပေါဖက်ဒရေးရှင်းသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ Tribhuvan အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ နီပေါတပ်မတော်မှ Chief of Staff ဖြစ်သူ Lt. Gen. Hemanta Raj Kunwar နှင့်ဇနီး၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးထွန်းနေလင်းနှင့်ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Ranjendra Chhetri က ခတ္တမန္ဒူမြို့ရှိ နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ်ရုံးရှေ့ မြက်ခင်းပြင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် အစည်းအဝေးခန်းမ၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Army Pavilion, Tundikh ရှိ Bir Smarak သူရဲကောင်းစစ်သည်များ၏ အထိမ်းအမှတ်နေရာသို့ သွားရောက်ပြီး ပန်းခွေချအလေးပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘက်စုံပြန်လည်ထူထောင်ရေးစင်တာတစ်ခု ဖွင့်လှစ်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒီဇင်ဘာသီရိဂေဟာအိမ်ရာအနီးရှိ မြေနေရာပေါ်တွင် ဘက်စုံပြန်လည်ထူထောင်ရေး စင်တာတစ်ခုတည်ဆောက်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်က မြေတိုင်းတာခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်း၊ လမ်းဖောက်လုပ်ရေး၊ ခြံစည်းရိုးကာရံခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မွေးကင်းစ စွန့်ပစ်ကလေးငယ်များနှင့် မိခင်များ၊ သက်ငယ်မုဒိမ်းကျူးလွန်ခံရသူများ၊ လမ်းပေါ်နေကလေးသူငယ်များ၊ တောင်းရမ်း စားသောက်သူများ၊ အကြမ်းဖက်ခံ အမျိုးသမီးများ၊ လူကုန်ကူးခံခဲ့ရသူများ၊ ပြည့်တန်ဆာအမျိုးသမီးများ၊ မူးယစ်ဆေးဝါးဖြတ်ပြီးသူများ၊ အကာအကွယ်မဲ့ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ အစရှိသူတို့၏ ဘဝများကို စနစ်တကျပြန်လည်ထူထောင်ပြီး လူ့အသိုက်အဝန်းတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရေး၊ လူ့အခွင့်အရေး အပြည့်အဝရရှိခံစားနိုင်ရေး၊ စီးပွားရေးအရ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေး၊ ဆိုးကျိုးသံသရာအတွင်းမှ ရုန်းထွက်နိုင်ရေးတို့အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဥပဒေများ၊ နည်းဥပဒေများ၊ မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မွေးကင်းစမှ သက်ကြီးရွယ်အိုအထိ လိုအပ်မည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအားလုံးကို ယခုတည်





ဆောက်မည့် ဘက်စုံပြန်လည်ထူထောင်ရေးစင်တာတွင် တစုတစည်းတည်း ထိထိရောက်ရောက် ဆောင်ရွက်သွားမည် ဖြစ်သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းများလည်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက်လည်း ပြင်ပလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့ ဝန်ကြီးဌာနအနေဖြင့် မွေးကင်းစကလေးငယ်များ စွန့်ပစ်မှုမှ တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ကင်းစင်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းဖြစ်မှုလျှော့ချရေး အစရှိသည့် လုပ်ငန်းများကိုလည်း အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ လုံခြုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘက်စုံပြန်လည်ထူထောင်ရေးစင်တာကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒီဇင်ဘာသီရိဂေဟာ အိမ်ရာဝင်းအနီးရှိ မြေဧက ၅၀ ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း ရွှေတံဆိပ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှု၊ ပညာရေးအရည်အသွေး တိုးတက်မြင့်မားရေး၊ ပညာရေးရည်မှန်းချက်၊ တာဝန်ယူမှု/တာဝန်ခံမှု၊ အရေးယူဆောင်ရွက်မှု၊ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲမှု၊ သင်ယူမှု/သင်ကြားမှု၊ ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝမှု၊ ပညာရေးကဏ္ဍအတွက် ဖြည့်ဆည်းပေးရမည့် အခြေခံလိုအပ်ချက်များ၊ အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကျောင်းနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍနှင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်း အခြေခံပညာတတ်မြောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှု အောင်မြင်ရန်လိုအပ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှု မအောင်မြင်ပါက နိုင်ငံတော်၏ တည်ငြိမ်ချမ်းအေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေမည်ဖြစ်ပြီး ဆရာ ဆရာမတိုင်း၊ လူတိုင်းမျှော်လင့်သည့် လူမှုဘဝဖူလုံရေးသည် ရောက်လာမည်မဟုတ်ပါကြောင်း၊ အလွတ်ကျက်မှတ်မှုအားကောင်းသော နိုင်ငံဖြစ်ခဲ့သည့်အတွက် စဉ်းစားတွေးခေါ်မှုကို အားပေးရန် အရေးကြီးပါကြောင်း၊ ကျောင်းများတွင် ကျောင်းသားများ၏ တီထွင်ဆန်းသစ်မှုကို




အားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးအရည်အသွေးကောင်းမွန်စေရန် အားလုံးက တာဝန်ယူ/တာဝန်ခံမှုဖြင့် ပူးပေါင်းဆောင်ရွက်ပြီး အပင်ပန်းခံ၊ အနစ်နာခံ ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆရာ ဆရာမများက ကျောင်းပြင်ပသို့ ရောက်ရှိသွားသည့် ကလေးများကိစ္စ၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း စာတတ်မြောက်ရေးကိစ္စ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ကမ္ဘာ့ဘဏ်နှင့် ချိတ်ဆက်၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေနှင့် မိမိတို့ဒေသအလိုက် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲဒုတိယနေ့၌ ဆွေးနွေးခဲ့ကြသည့် ဆရာ ဆရာမ ခန့်ထားမှုတွင် အရည်အချင်းရှိ၍ သင်တန်းပြီးမြောက်သူများကိုသာ ခန့်ထားရေးနှင့် ထိုခန့်ထားသည့် အရေအတွက်အတိုင်းသာ ရာထူးပြောင်းရွှေ့/ရာထူးတိုးဆောင်ရွက်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သော ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စာသင်ခန်းတွင် သင်ကြားသင်ယူမှု တိုးတက်မြင့်မားရေးဆောင်ရွက်မှု၊ ပြည်သူ့နီတိ အလေ့အကျင့်နှင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အခြေခံပညာ ဆရာ ဆရာမများ အရည်အသွေးမြင့်မားအောင် ထိရောက်သော အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးခြင်းအပေါ် အကြံပြုဆွေးနွေးခြင်း၊ အခြေခံပညာအဆင့် ပညာရေးစစ်ဆေးတိုင်းတာမှုအား လေ့လာသုံးသပ်ခြင်း၊ ကြီးကြပ်အကဲဖြတ်လုပ်ငန်းများ ထိရောက်အောင်မြင်ရေး ဆောင်ရွက်ခြင်း၊ ကျောင်းထွက်သူပပျောက်ရေး၊ မူလတန်းပညာ သင်ယူသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရေး၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လိုအပ်ချက်များဖြည့်ဆည်း၍ စီမံကိန်းလုပ်ငန်းများပြုစုရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ အလယ်တန်းပညာသင်ယူပြီးမြောက်ပြီး အထက်တန်းပညာဆက်လက်ပညာသင်ယူရေး စသည့် ခေါင်းစဉ်များနှင့် ပတ်သက်သည့် ဆွေးနွေးချက်များကို စုစည်းတင်ပြပြီး မှတ်တမ်းတင်ကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး နှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

နှီးနှောဖလှယ်ပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ပညာရေးသုတေသန ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘကိုယ်စားလှယ်များ၊ ကိုယ်ပိုင်ကျောင်းများမှ ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ အရက်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသားကိုယ်စားလှယ်များနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အပ်နှင်းမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်မည်ဟု ဂျပန်အိမ်ရှေ့မင်းသမီး မာဆာ့ကို ပြောကြား

**တိုကျို ဒီဇင်ဘာ ၁၀**

၂၀၁၉ ခုနှစ် မေလတွင် ဂျပန်နိုင်ငံ၏ ဧကရီ မိဖုရားကြီးဖြစ်လာရန် တာစူလျက်ရှိသော အိမ်ရှေ့မင်းသမီး မာဆာ့ကိုသည် မိမိအား အင်နှင်းမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟု သူ၏ ၅၄ နှစ်ပြည့် မွေးနေ့အခါသမယတွင် သန္နိဋ္ဌာန်ပြုလိုက်ကြောင်း ကျိုဒိုသတင်းဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိ၏ အနာဂတ်ရေးကို စဉ်းစားမိသည့်အခါ အံ့သြဝမ်းမြောက်မှုကို အလေးအနက်ခံစားရပါကြောင်း အိမ်ရှေ့မင်းသမီး မာဆာ့ကိုက ဂျပန်ဧကရာဇ် ဘုရင် အာကီဟီတို နန်းစွန့်မည့်နေ့ရက်အဖြစ် ၂၀၁၉ခုနှစ် ဧပြီ ၃၀ ရက်ကို သတ်မှတ်သည်ဆိုသော ဝန်ကြီးအဖွဲ့၏ နိုဝင်ဘာ ၈ ရက် ဆုံးဖြတ်ချက်ကို ရည်ညွှန်း၍ ပြောကြားသည်။

ဒီဇင်ဘာ ၉ ရက်က ကျရောက်ခဲ့သော မွေးနေ့အခါသမယတွင် အိမ်ရှေ့မင်းသမီး မာဆာ့ကိုက နန်းမွေဆက်ခံရေးနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားသော ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

၂၀၁၉ ခုနှစ် မေလ ၁ ရက်မှစ၍ ဧကရာဇ်ဘုရင် အာကီဟီတို၏သားကြီး ဩရသ အိမ်ရှေ့မင်းသား နာရူဟီတို နန်းမွေဆက်ခံသည့်အခါ အိမ်ရှေ့မင်းသမီး မာဆာ့ကိုက ဧကရီမိဖုရားဖြစ်လာမည်ဆို၏။

ဂျပန်ဧကရာဇ်ဘုရင် အာကီဟီတိုနှင့် မိဖုရားကြီး မီချီကိုတို့သည် ပြည်သူများ သာယာအေးချမ်းရေးအတွက် ကာလကြာရှည်စွာ စေတနာအပြည့်အဝဖြင့် အားတက်သရော တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း အိမ်ရှေ့မင်းသမီး မာဆာ့ကိုက ပြောကြားသည်။

ဟားဗတ်တက္ကသိုလ်နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့ပြီး သံတမန်ဟောင်းတစ်ဦးဖြစ်သူ



မာဆာ့ကိုသည် အိမ်ရှေ့မင်းသား နာရူဟီတိုနှင့်အတူ ၂၀၁၁ ခုနှစ်က မြေငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ခံစားခဲ့သော နိုင်ငံအရှေ့မြောက်ပိုင်း မီးယာဂီခရိုင်သို့ လွန်ခဲ့သည့်လက သွားရောက်ခဲ့သည်။ **ကျိုဒို**



# ဖျက်ဒုံးကျည်စနစ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှု အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယားတို့ ပူးတွဲပြုလုပ်မည်

တိုကျို ဒီဇင်ဘာ ၁၀

ဒုံးကျည်ပစ်ခတ်မှုလမ်းကြောင်းအား ခြေရာခံကာ လိုက်လံဖျက်ဆီးသည့် ဖျက်ဒုံးကျည်စနစ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုကို အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံ သုံးနိုင်ငံတို့က ဒီဇင်ဘာ ၁၁ ရက်မှစပြီး နှစ်ရက်ကြာ ပူးတွဲလုပ်ဆောင်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြီးခဲ့သော ရက်သတ္တပတ်က အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲစစ်ဆင်ရေးဆင်နွှဲခဲ့ကြသည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်တက်နေသည့်အချိန်တွင် အဆိုပါ သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်မည်ဖြစ်သည်။

ပြုံယမ်း၏ နျူကလီးယားအရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်များနှင့် နိုင်ငံတကာ ရှုတ်ချမှုများကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံပိုင်နက်ကောင်းကင်ယံမှ ဂျပန်ပင်လယ်ထဲသို့ ဒုံးကျည်များကို ပစ်လွှတ်စမ်းသပ်ခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၂၉ ရက်တွင် အမေရိကန်နိုင်ငံ၏ မည်သည့်နေရာကိုမဆို ရောက်ရှိနိုင်သည့် စွမ်းဆောင်ရည်မြင့် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို ပြုံယမ်းက ပစ်လွှတ်စမ်းသပ်ခဲ့သည်။

ဒီဇင်ဘာ ၁၁ ရက်တွင် စတင်မည့် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား သုံးနိုင်ငံပူးတွဲလေ့ကျင့်မည့် ဖျက်ဒုံးကျည်စနစ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုသည် ခြောက်ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားနိုင်ငံတွင် ဖြန့်ကြက်ထားသည့် အမေရိကန်၏ ဒုံးခွင်းဒုံးများ ပါဝင်ခြင်းရှိ၊ မရှိ ဆိုသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ **အင်န်အိတ်ချ်ကေ**

# ယခုနှစ်ဆောင်းရာသီ၏ ပထမဆုံးသော ဆီးနှင်းများ နယူးယောက်မြို့၌ ကျဆင်း

**နယူးယောက် ဒီဇင်ဘာ ၁၀**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ဒီဇင်ဘာ ၉ ရက် နံနက်တွင် ယခုနှစ်ဆောင်းဥတု၏ ပထမဆုံးသော ဆီးနှင်းများ ကျရောက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းအထိ ဆီးနှင်းဆက်လက်ကျရောက်မည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်အမျိုးသား ရာသီဥတုဌာနက ထုတ်ပြန်ကြေညာရာတွင် နယူးယောက်မြို့၊ ဝင်ချက်စတာစီရင်စု၊ နယူးဂျာစီပြည်နယ် အရှေ့မြောက်ပိုင်း၊ ကွန်နက်တီကက်ပြည်နယ် အနောက်တောင်ပိုင်းတို့တွင် ဆီးနှင်းများ ကျဆင်းခဲ့ပြီး ခန့်မှန်းခြေ အမြင့် ၄လက်မမှ ၆ လက်မအထိ ဆီးနှင်းများ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းဒေသတွင် နေထိုင်သူများအနေဖြင့် လမ်းချော်နိုင်မှု အန္တရာယ်ကိုသတိထားကြရန်နှင့် မြင်နိုင်စွမ်းကျဆင်းမှုအခြေအနေများအတွက် ဂရုပြုကြရန် သတိပေးထားသည်။

ယခုနှစ်ဆောင်းဥတု၏ ပထမဆုံးသော ဆီးနှင်းများကျဆင်းမှု ဖြစ်စဉ်ကြောင့် နယူးယောက်မြို့သူ မြို့သားများမှာ ပျော်ရွှင်လန်းဆန်းနေကြပုံရပြီး ဆီးနှင်းကျဆင်းပုံအား ဖော်ပြသည့် ဓာတ်ပုံများကို အင်တာနက် လူမှုကွန်ရက် တွစ်တာတွင် လွှင့်တင်ခဲ့ကြသည်။

**ဆင်ဟွာ**



# နီပေါနိုင်ငံ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပနိုင်မှု သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခြင်းဟုဆို

**ခတ္တမန္ဒူ ဒီဇင်ဘာ ၁၀**

နီပေါနိုင်ငံ၌ အောက်လွှတ်တော်ရွေးကောက်ပွဲနှင့် ပြည်နယ်လွှတ်တော်များ ရွေးကောက်ပွဲတို့ ကျင်းပနိုင်ခဲ့ခြင်းသည် ယင်းနိုင်ငံ၏ ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား အကောင်အထည်ဖော်သည့် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲများ ကျင်းပစဉ် မဲပေးပွဲပျက်ပြားစေရန် အကြမ်းဖက်မှု အချို့ရှိခဲ့သော်လည်း ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းနှင့် ကြွယ်ဝချမ်းသာခြင်းတို့နှင့်ပြည့်စုံသည့် နိုင်ငံတော်ထူထောင်ရန် ရည်ရွယ်လျက် ပြည်သူသန်းပေါင်းများစွာတို့က မဲရုံများသို့ သွားရောက်၍ မဲပေးခဲ့ကြကြောင်း အီးယူ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အကြီးအကဲ ဇီဂျန် ဇိုကိုလာ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင်ဖော်ပြသည်။

နီပေါနိုင်ငံ၌ အရေးပါသော ရွေးကောက်ပွဲနှစ်ခုကို နိုဝင်ဘာ ၂၆ ရက်နှင့် ဒီဇင်ဘာ ၇ ရက်တို့တွင် အဆင့်နှစ်ဆင့်ခွဲ၍ တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား အကောင်အထည်ဖော်နိုင်မှု၏ သမိုင်းမှတ်တိုင်တစ်ရပ်ပင်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြသည်။

ရွေးကောက်ပွဲကျင်းပခြင်းကို စောင့်ကြည့်လေ့လာရန် နီပေါအစိုးရအဖွဲ့က ဥရောပသမဂ္ဂအား ဖိတ်ကြားခဲ့သည်။

နီပေါနိုင်ငံတစ်ဝန်း ပြည်နယ်ခုနစ်ခုရှိ ခရိုင်ပေါင်း ၆၁ ခုတွင် မဲရုံပေါင်း ၆၃၃ ရုံ ဖွင့်လှစ်ပေးခဲ့ပြီး အီးယူရွေးကောက်ပွဲ အကဲခတ်များက မဲရုံဖွင့်လှစ်ပုံ၊ မဲပေးပုံနှင့် မဲရုံပိတ်ပုံတို့ကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

နီပေါနိုင်ငံ၌ နှစ်ပေါင်း ၂၄၀ ကြာ သက်တမ်းရှိခဲ့သည့် ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံစနစ်ကို ထူထောင်ခဲ့ပြီးချိန်နောက်ပိုင်း ပါလီမန်နှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများကို ကျင်းပခြင်းဖြစ်သည်။

**ဆင်ဟွာ**

# တိုင်းပြည်ရဲ့ စီးပွားရေးက ကျွန်တော်တို့ ကိုယ်တိုင်လုပ်မှ ရမှာဖြစ်ပါတယ်၊ ဘယ်သူ့ကိုမှ အားကိုးလို့ မရပါဘူး၊ အဲဒီအတွက်ကြောင့် ကိုယ်ထူးကိုယ်ချွန် လုပ်ငန်းတွေကို လုပ်ရမှာဖြစ်ပါတယ်

**ဦးထွန်းထွန်းနိုင်**

**ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ (၂၀၁၇) ကို ဒီဇင်ဘာ ၉ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ တွင် ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်အချို့၏ အတွေ့အကြုံများကိုမျှဝေလိုက်ပါသည်-**

**ဦးထွန်းထွန်းနိုင်**
**မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ**

ကျွန်တော်တို့အသင်းကတော့ မြန်မာနိုင်ငံမှာ တရားဝင်အသင်းအနေနဲ့ ၂၀၁၂ ခုနှစ် ဇွန်လတည်းကစပြီး တည်ထောင်လာတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အခုနောက်ပိုင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ တံခါးဖွင့် ဈေးကွက် စီးပွားရေးကို ကျင့်သုံးလာပြီဖြစ်ပါတယ်၊ နောက်ပိုင်းမှာ စွန့်ဦးတီထွင် ယဉ်ကျေးမှုတစ်ခု ဖြစ်လာအောင်ဆိုပြီးတော့ အသင်းရဲ့ အဓိက ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်၊ နောက်တစ်ခုက မြန်မာနိုင်ငံမှာ လူငယ် လုပ်ငန်းရှင်တွေကို မြေတောင်မြှောက်ပေးမယ် ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအသင်းကို ဖွဲ့တာ ဖြစ်ပါတယ်၊ ဒီလိုအသင်းမျိုးက နိုင်ငံတကာ မှာတော့ လွန်ခဲ့တဲ့ အနှစ် ၂၀၊ ၃၀ လောက် ကတည်းက ရှိပြီးသား ဖြစ်ပါတယ်၊ အာဆီယံမှာ လည်းတော်တော်များများရှိပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် အသင်းဟာ အာဆီယံအသင်းဝင် အသင်းတစ်သင်း လည်းဖြစ်ပါတယ်၊ အာဆီယံ စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်အသင်းဆိုပြီး အာဆီယံ ၁၀ နိုင်ငံစလုံးနဲ့ ပေါင်းဖွဲ့ထားတဲ့ အသင်းလည်း ဖြစ်ပါတယ်။

အသင်းစဖွဲ့ကတည်းက မြန်မာပြည်မှာ စွန့်ဦးတီထွင်လုပ်ငန်းနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှု တစ်ရပ်ဖြစ်ပေါ်လာဖို့ ဆွေးနွေးပွဲ တွေလုပ်တယ်၊ ဟောပြောပွဲတွေ လုပ်တယ်၊ နယ်တွေကို လှည့်ပြီး အလုပ်အကိုင်ပြပွဲတွေ လုပ်တယ်၊ ၂၀၁၆ ခုနှစ်တုန်းက မြန်မာနိုင်ငံမှာ ပထမဆုံး လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင် ထိပ်သီးညီလာခံကို ကျင်းပခဲ့ပါတယ်၊ အဲဒီ ထိပ်သီးညီလာခံမှာ စွန့်ဦးတီထွင် လူငယ် လုပ်ငန်းရှင်တွေအတွက် တကယ်လိုအပ်တဲ့ ဂေဟာစနစ်ခြောက်ခုကို တင်ပြခဲ့ပါတယ်၊ အဲဒီ ဂေဟာစနစ်ကို အကောင်အထည်ဖော်ဖို့ နှစ်နှစ်စီမံကိန်းနဲ့ ကျွန်တော်တို့လုပ်နေပါတယ်၊ ဂေဟာစနစ်ကို အကောင်အထည်ဖော်တဲ့ အခါကျမှ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ် လုပ်ငန်းရှင်တွေအတွက်၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေအတွက် နိုင်ငံတော်က အားပေးမှုတွေရမှာဖြစ်တယ်။

ယဉ်ကျေးမှုတစ်ရပ်ဖြစ်ဖို့အတွက် လူများ များသိဖို့လိုပါတယ်၊ ဒီလိုပွဲတွေကို နှစ်စဉ်နှစ် တိုင်းလုပ်တာဖြစ်ပါတယ်၊ အစိုးရရဲ့ အသိ အမှတ်ပြုမှုကို ခံချင်ပါတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ လူငယ်လုပ်ငန်းရှင် အသေး လေးတွေကို အစိုးရကနေ အားပေးတယ်၊ ချီးမြှင့်တယ်၊ ချီးမြှောက်တယ်၊ တော်တဲ့သူတွေ အတွက် ဂုဏ်ပြုတယ်ဆိုတာတွေ လိုပါတယ်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်တွေအတွက် အတားအဆီးတွေအများကြီးရှိပါတယ်၊ တချို့ အတားအဆီးတွေက အတားအဆီး ဖြစ်ပေါ် စေတဲ့ ပေါ်လစီတွေ၊ ဥပဒေတွေ၊ နည်းဥပဒေ တွေ ပြင်ရမှာဖြစ်ပါတယ်၊ တချို့ဆိုရင် နည်းဥပဒေတွေ၊ ဥပဒေတွေ မရှိသေးတဲ့ အတွက် အကာအကွယ်မပေးနိုင်ပါဘူး။ မရှိသေးတဲ့ နည်းဥပဒေတွေ၊ ဥပဒေတွေကို ရေးဆွဲရမှာ ဖြစ်ပါတယ်၊ နံပါတ် (၁) ပြိုင်ဆိုင် မှုပေါ်လစီဖြစ်ပါတယ်။



ဦးထွန်းထွန်းနိုင်

ပြိုင်ဆိုင်မှုပေါ်လစီမှာ Open Market အကုန်လုံး တစ်ပြေးညီလို့ ပြောပေမယ့် ဆိတ်နဲ့ ဆင်နဲ့က ပြိုင်လို့မရပါဘူး၊ ဆိတ်နဲ့ ဆိတ်ချင်းပြိုင်၊ ဆင်နဲ့ ဆင်ချင်းပြိုင်ဆိုတာ ရှိရပါမယ်၊ ငယ်တဲ့သူတွေအတွက် ဘယ်လို လုပ်ပေးမလဲ၊ အလယ်လတ်တန်းစားတွေ အတွက် ဘယ်လိုလုပ်ပေးမလဲ၊ ကြီးတဲ့သူတွေ အတွက် ဘယ်လိုလုပ်ပေးမလဲဆိုတဲ့ ပေါ်လစီ မျိုးကို ထည့်ဆွဲပေးရမှာ ဖြစ်ပါတယ်၊ အစိုးရ ဝယ်ယူရေး ပေါ်လစီတွေမှာလည်း လူငယ် လုပ်ငန်းရှင်အသေးလေးတွေဆီကို ဘတ်ဂျက် နည်းနည်းချပေးပြီး သူတို့ကို စပြီး အသုံးပြု ကြည့်ဖို့လိုပါတယ်၊ အဲဒီလိုစမ်းသပ်ကြည့်တဲ့ အခါကျမှ သူတို့လည်း တဖြည်းဖြည်းနဲ့ အောင်မြင်လာတဲ့ လုပ်ငန်းရှင်တွေ ဖြစ်ကြ မှာပါ၊ ကျွန်တော်တို့ စွန့်ဦးတီထွင်လုပ်ငန်းဟာ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်ထုတ် လုပ်ငန်းကဏ္ဍ၊ ခရီးသွားလုပ်ငန်းတွေမှာလည်း ပါပါတယ်၊ လုပ်ငန်းတိုင်းမှာ ပါတဲ့အတွက် ကြောင့် ပေါ်လစီ၊ နည်းဥပဒေတွေကို ကျွန်တော်တို့ကနေ လိုအပ်တဲ့ဟာတွေကို လိုအပ်သလို ရေးရမှာဖြစ်ပါတယ်၊ အဲဒါ လုပ်ပြီးသွားရင်တော့ မြန်မာနိုင်ငံက စွန့်ဦး တီထွင်လူငယ်လုပ်ငန်းရှင်တွေကို တကယ်ပံ့ပိုး ပေးတဲ့ နိုင်ငံကြီး တစ်နိုင်ငံ ဖြစ်သွားမှာပါ၊ လူငယ်လုပ်ငန်းရှင်တွေ အများကြီးပေါ်ထွန်း လာတဲ့အတွက်ကြောင့် တိုင်းပြည်ရဲ့စီးပွားရေး က ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ပထဝီအနေအထားအရရော၊ သယံဇာတအရရော ပြည့်ဝတဲ့ နိုင်ငံဖြစ်ပါ တယ်၊ အိမ်နီးချင်းကောင်းတွေလည်းရှိပါ တယ်၊ အရှေ့ဘက်မှာ တရုတ်နိုင်ငံ၊ အနောက်ဘက်မှာ အိန္ဒိယနိုင်ငံနဲ့ အာဆီယံ ဒေသကြီး တစ်ခုလုံးရှိပါတယ်၊ စီးပွားရေး အနေအထားအရ ကမ္ဘာ့ဈေးကွက်ရဲ့ သုံးပုံ နှစ်ပုံကို ပိုင်ထားပြီးသား ဖြစ်ပါတယ်၊ တရုတ်၊ အိန္ဒိယ အာဆီယံဈေးကွက်က ဈေးကွက် အကြီးကြီးပါ၊ ကျွန်တော်တို့သာ တကယ်တမ်း အသုံးချနိုင်မယ်၊ တကယ်တမ်း အလုပ်လုပ် နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံက အချိန် တိုတိုအတွင်းမှာ တိုးတက်လာမှာ ဖြစ်ပါ တယ်။

ကျွန်တော်တို့နိုင်ငံက နုနယ်သေးတဲ့ ဒီမို ကရေစီ အသွင်ကူးပြောင်းတဲ့ အချိန်ကာလမှာ အဘက်ဘက်ကနေ ဖိအားတွေပေးတာရှိပါ တယ်၊ ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာရဲ့ အမြင်မှာရော နိုင်ငံတကာနဲ့ ပတ်သက်ပြီး ဆက်ဆံတဲ့ဟာတွေမှာပါ တော်တော်လေးကို လုပ်ငန်းရှင်တွေအတွက် အခက်အခဲတွေဖြစ်ပါတယ်၊ အဲဒီအခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မလာပါဘူး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို စောင့်မနေဘဲ ကိုယ်ထူးကိုယ်ချွန်လုပ်နိုင်တဲ့ လုပ်ငန်းတွေ အများကြီးရှိပါတယ်၊ မြန်မာပြည်မှာ လူဦးရေ သန်း ၅၀ ကျော်ရှိတယ်၊ ဒီလူဦးရေကို ဘယ်လိုဝန်ဆောင်မှုပေးမလဲ၊ ဘယ်လို ကုန်ပစ္စည်းမျိုးတွေ ရောင်းမလဲဆိုရင်ပဲ တော်တော်အောင်မြင်တဲ့ ဈေးကွက်တစ်ခု ရမှာဖြစ်ပါတယ်၊ **ကျွန်တော့်အနေနဲ့ စွန့်ဦး တီထွင်လူငယ်လုပ်ငန်းရှင်တွေကိုရော၊ မြန်မာ နိုင်ငံမှာရှိတဲ့ စီးပွားရေး လုပ်ငန်းရှင်တွေကို ပါ အကုန်လုံးကိုပြောချင်တာက ကျွန်တော် တို့ တိုင်းပြည်ရဲ့ စီးပွားရေးက ကျွန်တော်တို့ ကိုယ်တိုင်လုပ်မှ ရမှာဖြစ်ပါတယ်၊ ဘယ်သူ့ ကိုမှ အားကိုးလို့ မရပါဘူး၊ အဲဒီအတွက်ကြောင့် ကိုယ်ထူးကိုယ်ချွန်လုပ်ငန်းတွေကို လုပ်ရမှာ ဖြစ်ပါတယ်။**




ဒေါက်တာသီရိဂီဝင်း

**ဒေါက်တာသီရိဂီဝင်း**
**Founder and Business development Director**
**Global Assistance Co.,Ltd.**

ကျွန်မတို့ကုမ္ပဏီက ခရီးသွား ကျန်းမာရေး ဆိုင်ရာ အထောက်အကူပေးတဲ့၊ ကျန်းမာရေး ဝန်ဆောင်မှုတွေပြုလုပ်ပေးတဲ့ ကုမ္ပဏီ ဖြစ်ပါတယ်၊ ပုဂံမြို့သစ်မှာ ဆေးခန်းအနေနဲ့ နိုင်ငံတကာအဆင့်မီ နိုင်ငံခြားသားတွေ အတွက်ရော မြန်မာလူမျိုးတွေအတွက်ပါ ဖွင့်လှစ်ထားပါတယ်၊ ဒ့ါအပြင် နောက်ထပ် ဆေးခန်းတွေ ဖွင့်လှစ်သွားဖို့ အစီအစဉ်ရှိ ပါတယ်၊ အင်းလေးမှာဆိုရင်လည်း နောင်နှစ် တွေမှာ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်၊ အခြား ဝန်ဆောင်မှုအနေနဲ့က အရေးပေါ်လူနာတွေ ကို ဘန်ကောက်-စင်ကာပူ စင်းလုံးငှား လေယာဉ်နဲ့ရော အခြားလေယာဉ်နဲ့ပါ ပို့ဆောင်ပေးပါတယ်။

ကျွန်မဆေးရုံတစ်ခုမှာ လုပ်ခဲ့ပါတယ်၊ ခရီးသွားကျန်းမာရေးနဲ့ပတ်သက်ပြီး လိုအပ် ချက်တွေ အများကြီးတွေ့ရှိခဲ့ပါတယ်၊ ဒါကြောင့်မို့ ဒီကုမ္ပဏီကို တည်ထောင် ပြီးတော့ ခရီးသွားလာမှုများတဲ့ဒေသတွေမှာ နိုင်ငံတော်ရဲ့ ကျန်းမာရေးကဏ္ဍကို တစ်ထောင့်တစ်နေရာကနေ ကူညီပံ့ပိုးပေး နိုင်မယ်ဆိုပြီး ရည်ရွယ်ဖွင့်လှစ်နေတာ ဖြစ်ပါ တယ်၊ ဒီဆုကတော့ နှစ်နှစ်အောက်သက်တမ်း ရှိတဲ့ လုပ်ငန်းရှင်တွေကို ပေးတာဖြစ်ပါတယ်၊ ကျွန်မရဲ့ ခရီးသွားကျန်းမာရေးဝန်ဆောင်မှုက မြန်မာပြည်မှာ လုပ်တဲ့သူ မရှိသေးပါဘူး၊ ကျွန်မကုမ္ပဏီက ၁၀၀ ရာခိုင်နှုန်း Local Own ဖြစ်ပါတယ်။ ကျွန်မကုမ္ပဏီရဲ့ Data သည် International ကုမ္ပဏီဖြစ်တဲ့အပြင် ပုဂံမြို့မှာရှိတဲ့ ဆေးခန်းက အများပြည်သူ အတွက်ကို အကျိုးပြုနိုင်တဲ့ လုပ်ငန်းဖြစ်တဲ့ အတွက်ကြောင့် ဒီဆုကိုရခဲ့တယ်လို့ ထင်ပါ တယ်။




ကိုပုည

မြန်မာပြည်မှာ စွန့်ဦးတီထွင်တာတွေကို တော့ လုပ်ချင်ကြပေမယ့် လုပ်ဖို့အတွက် ကျတော့ လုပ်ချင်တဲ့လုပ်ငန်းရှိဖို့လိုပါတယ်၊ သူတို့လုပ်ငန်းကို အထောက်အကူပြုမယ့် Financial Background လည်းရှိဖို့လိုပါတယ်။ Sustainable ဖြစ်ဖို့ အတွက်လည်း သူတို့ ဘက်ကနေ သေချာကြိုးစားအားထုတ်ဖို့ အများကြီးလိုပါတယ်၊ နှစ်နှစ်တာဝန်းကျင်မှာ ကျွန်မရဲ့ ပုဂံဆေးခန်းကို မဆုတ်မနစ် အောင်မြင်အောင် ကြိုးစားခဲ့ပါတယ်၊ မြန်မာမိန်းကလေးတစ်ယောက် ဖြစ်နေတဲ့ အတွက်လည်း ကျွန်မအတွက် ပိုပြီး အခက် အခဲတွေ အများကြီးရှိပါတယ်၊ ဒီလုပ်ငန်းကို ဖြစ်ကိုဖြစ်ရမယ်၊ ဘယ်လို အခက်အခဲပဲ ရှိပါစေ ကျော်လွှားရမယ်ဆိုတာကို စိတ်ထဲမှာ အမြဲထားပြီး လုပ်တဲ့အတွက်ကြောင့် အောင်မြင်တယ်လို့ ယူဆပါတယ်။

**ကိုပုည**
**လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းရှင်**

ကျွန်တော် အရင်တုန်းက လူမှုအကျိုးပြု တီထွင်မှုတစ်ခုလုပ်ခဲ့ပါတယ်၊ စွန့်ပစ်ပစ္စည်း တွေကို အလှူခံတဲ့အမှိုက်ပုံးတွေဖြစ်ပါတယ်၊ အလှူခံလို့ရတဲ့ အမှိုက်တွေကို ရောင်းချပြီး တော့ ကလေးတွေရဲ့ ပညာရေးရန်ပုံငွေမှာ ပြန်ပြီးအသုံးပြုခဲ့ပါတယ်၊ ပတ်ဝန်းကျင် အတွက်လည်း အကျိုးရှိတယ်၊ ကလေးတွေ အတွက်လည်း ပညာရေးမှာ ရန်ပုံငွေရပါတယ်၊ အကျိုးနှစ်မျိုးရရှိပါတယ်၊ ကျွန်တော်လုပ်ခဲ့ တာက ပရဟိတ စေတနာ့ဝန်ထမ်းတစ်ဦး အနေနဲ့ လုပ်ခဲ့တာဖြစ်ပါတယ်၊ ရေရှည်မှာ ဒီအလုပ်တွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်နိုင်ဖို့အတွက် စီးပွားရေးနဲ့ လူမှုရေး နှစ်မျိုးသက်ဆိုင်တဲ့ လူမှုအကျိုးပြု စီးပွားရေး ကို တီထွင်ပြီး လုပ်ခဲ့တာဖြစ်ပါတယ်။

လက်ရှိ လုပ်နေတာက နည်းပညာ အမှိုက်ပုံးတွေ လုပ်နေပါတယ်၊ ဒီအမှိုက်ပုံး တွေက အိမ်တွေ၊ ရုံးတွေ၊ ကျောင်းတွေမှာ ထားလို့ရမယ်။ အမှိုက်တွေကိုစုတဲ့ စုဘူးပုံစံမျိုး ဖြစ်ပါတယ်။ ဒီစုဘူးတွေကို သိမ်းတဲ့ဝန်ဆောင်မှု လုပ်ငန်းတွေနဲ့ ချိတ်ဆက်ပေးလို့ရအောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်၊ အမှိုက်ကို စုတဲ့သူတွေကလည်း ဝင်ငွေကို ပြန်ပြီး ဖန်တီးလို့ရမယ်၊ ဒါမှမဟုတ် လိုအပ်တဲ့နေရာ တွေကို လှူဒါန်းနိုင်မယ်၊ သိမ်းတဲ့လူတွေကျ တော့လည်း ပိုပြီးအဆင်ပြေပြေ လွယ်လွယ် ကူကူနဲ့ သိမ်းသွားလို့ရမယ်၊ ပတ်ဝန်းကျင်မှာ ကျတော့လည်း အမှိုက်တွေ ဘေးကိုထွက်တာ လျော့သွားမှာဖြစ်ပါတယ်။ အဲဒီလိုအကျိုးတွေ ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ ပြောင်းလဲဖို့ဆိုရင် သမား ရိုးကျမဟုတ်ဘဲ တီထွင်ကြံဆတဲ့ နည်းလမ်း တွေနဲ့ ချဉ်းကပ်မှ ပိုပြီးအပြောင်းအလဲက မြန်မြန်ဆန်ဆန်နဲ့ ဖြစ်နိုင်မယ်လို့ ကျွန်တော် အနေနဲ့ယူဆပါတယ်၊ သမားရိုးကျအတိုင်း ဆိုရင် လူတွေကို ဆွဲဆောင်တဲ့ နေရာရော၊ အလုပ်လုပ်တဲ့နေရာမှာပါ ပိုပြီး မြန်မြန် ဆန်ဆန်ဖြစ်မယ်လို့ မထင်ပါဘူး၊ တီထွင် ကြံဆတဲ့နည်းလမ်းတွေသုံးမှသာ အလုပ် အပြောင်းအလဲတွေ၊ လူမှုရေး ပတ်ဝန်းကျင် အပြောင်းအလဲတွေ၊ ကိုယ့်ရဲ့စီးပွားရေး အပြောင်းအလဲတွေ ဖြစ်မယ်လို့ ယူဆပါ တယ်၊ တီထွင်မှုတွေကိုလည်း ဖန်တီးရတာ ကြိုက်နှစ်သက်လို့ ဒီဟာကို လုပ်ခဲ့တာ ဖြစ်ပါ တယ်။

ကျွန်တော် ဒီလိုဆုရတယ်ဆိုတာ တီထွင် ဖန်တီးမှုကို MYEA အဖွဲ့ကနေ အသိ အမှတ်ပြုတဲ့ သဘောဖြစ်ပါတယ်၊ ဒီလိုအသိ အမှတ်ပြုတဲ့အတွက် အလုပ်လုပ်တဲ့ နေရာမှာ ခွန်အားတွေလည်း အများကြီးရရှိပါတယ်၊ တီထွင်ခဲ့တဲ့ ဖန်တီးမှုအပေါ်မှာ ဆက်လက် ကြိုးစားပြီး နောက်ထပ်စိတ်ကူးအသစ်တွေ ထပ်ဖြည့်ပြီး ပိုပြီးရေရှည်ခံတဲ့၊ စီးပွားရေး အရလည်း လည်ပတ်နိုင်တဲ့၊ ဆက်ပြီး တွေးတောကြံစည် လုပ်ဆောင်တဲ့အတွက် အသိအမှတ်ပြုခြင်းခံရတာလည်း ဖြစ်ပါ တယ်၊ ရှေ့ဆက်ပြီး ပိုကြိုးစားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စွန့်ဦးတီထွင်လူငယ်တွေက အသစ်အဆန်းတွေကို ဖန်တီးရတာဖြစ်တဲ့ အတွက် စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်၊ မသေချာမရေရာတဲ့ အခြေအနေမျိုးတွေဖြစ် ပါတယ်၊ ကိုယ့်ယုံကြည်ချက်ကို အားမလျှော့ဘဲ အောင်မြင်အောင်လို့ ခိုင်မာတဲ့ ဇွဲရှိဖို့လိုပါ တယ်၊ စွန့်ဦးတီထွင်တာတွေနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အရည်အချင်းတွေရှိရမှာ ဖြစ်သလို လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အရှုပ် အရှင်းတွေကင်းပြီး ကိုယ့်ကိုယ်ကိုယ်ကျန်းမာ နေဖို့၊ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်း မမြဲမပြတ်ဆည်းပူး လေ့လာနေဖို့ လိုပါတယ်၊ ဒါမှ အသစ်အဆန်းတွေကို ဖန်တီးနိုင်မယ်၊ ဒီအလုပ်တွေလုပ်တဲ့အခါမှာ တခြားလူတွေနဲ့ ပူးပေါင်းတာပဲဖြစ်ဖြစ်၊ ကိုယ်နဲ့ရင်းနှီးမြှုပ်နှံပြီး လက်တွဲမယ့်သူတွေပဲဖြစ်ဖြစ် ယုံကြည်မှုတွေ ရရှိမှာ ဖြစ်ပါတယ်၊ **လူငယ်တွေကို ပြောချင် တာက တီထွင်ကြံဆပါ၊ တီထွင်မှုတွေနဲ့ စွန့်ဦးတီထွင်သူ တစ်ယောက်ဖြစ်အောင် ကြိုးစားပါ၊ အောင်မြင်မှုတွေကို ရယူလိုက်ပါလို့ ပြောချင်ပါတယ်။**

**သတင်းအဖွဲ့**

# မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ

## ကျော်စိန်(ဇလွန်)

*(ယမန်နေ့မှအဆက်)*

အဆိုပါ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် အဓိကပါရှိရန်လိုအပ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စ စသည်တို့ဖြင့် ခွဲခြားကျင့်သုံးပုံကို ပြဋ္ဌာန်းထားသည်။ ထို ၁၉၃၅ ခုနှစ် အက်ဥပဒေတွင် အပိုင်း ၁၄ ပိုင်း၊ ပုဒ်မ ၁၅၉ ခုဖြင့် ပြဋ္ဌာန်းပြီး ဇယား ခြောက်ခုကို ပူးတွဲထားသည်။ အပိုင်း ၂ တွင် ဘုရင်ခံကို ခန့်ထားခြင်းနှင့် ဝန်ကြီးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်းကိစ္စ၊ စီရင်အုပ်ချုပ်ရေးကိစ္စ၊ အစိုးရရှေ့နေချုပ် ခန့်ထားခြင်း ကိစ္စ၊ အပိုင်း ၃ နှင့် ၄ တို့တွင် ဥပဒေပြုအဖွဲ့နှင့် ဥပဒေပြုရေးကိစ္စ၊ အပိုင်း ၆ တွင် ဘဏ္ဍာရေးနှင့် ဘတ်ဂျက်ကိစ္စ၊ ငွေစာရင်းစစ်ချုပ် ခန့်ထားတာဝန်ပေးခြင်းကိစ္စ၊ အပိုင်း ၈ တွင် တရားလွှတ်တော် ဖွဲ့စည်းခြင်း၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ ခန့်ထားခြင်းနှင့် တရားစီရင်ရေးကိစ္စ၊ အပိုင်း ၉ တွင် နိုင်ငံတော်ကာကွယ်ရေးကိစ္စ၊ အပိုင်း ၁၁ တွင် အိန္ဒိယနှင့် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စများကိုလည်းကောင်း၊ ဒုတိယဇယားတွင် ဥပဒေများ အာဏာသက်ရောက်ခြင်းကိစ္စ၊ တတိယဇယားတွင် ဥပဒေပြုအဖွဲ့၌ လွှတ်တော်နှစ်ရပ်ထားရှိပြီး အောက်လွှတ်တော် ဟုခေါ်သော ပြည်သူ့လွှတ်တော် (House of Representatives) နှင့် အထက်လွှတ်တော် ဟုခေါ်သော ဆီးနိတ်(Senate)တို့တွင်ပါဝင်သည့် အမတ်များ၏ အရည်အချင်းနှင့် အရေအတွက်များကိုလည်းကောင်း စသည်ဖြင့် ပြဋ္ဌာန်းပါရှိပါသည်။

လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ ထို ၁၉၃၅ ခုနှစ် အက်ဥပဒေ ပုဒ်မ ၃၀ အရ အင်္ဂလိပ်စာသည် ရုံးသုံးစာဖြစ်ရမည်ဟု ဆိုသည်။ ထိုအက်ဥပဒေတွင် ဥပဒေပြုလွှတ်တော်၌ ဘုရင်ခံက ရွေးချယ်ခန့်အပ်သော အထက်လွှတ်တော်အမတ်ထက်ဝက်နှင့် အောက်လွှတ်တော်ရှိ ဗြိတိသျှအုပ်ချုပ်ရေး ထိပ်တန်းနေရာများအတွက် ရွေးချယ်တာဝန်ပေးသည့် အမတ်များဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုအဖွဲ့ဖြစ်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမပြုခဲ့ပေ။

ထိုအက်ဥပဒေသည် ၁-၄-၁၉၃၇ ရက်နေ့မှ စတင် အာဏာသက်ရောက်ခဲ့ပြီး ဂျပန်တပ်များ ဝင်ရောက်သိမ်းပိုက်သဖြင့် ဗြိတိသျှတပ်များ ဆုတ်ခွာသော ၂၀-၅-၁၉၄၂ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သည်။ ထို့နောက် ဂျပန်တပ်များကို တော်လှန်ပြီး ဗြိတိသျှတပ်များ ပြန်လည်ဝင်ရောက်လာကာ ၆-၉-၁၉၄၅ ရက်နေ့တွင် ဂျပန်တပ်များ လက်နက်ချကြောင်း တရားဝင်လက်မှတ်ရေးထိုးသည့်အချိန်မှစ၍ The Burma Indemnity and Validating Act, 1945 ပြဋ္ဌာန်းပြီး ၎င်းတို့ ၁၉၄၂ ခုနှစ်တွင် စစ်ပြေးဘဝ မတိုင်မီက ကျင့်သုံးခဲ့သည့် အိန္ဒိယအက်ဥပဒေများကို ပြန်လည်အသက်သွင်းခဲ့ရာ ထို ၁၉၃၅ ခုနှစ် အက်ဥပဒေသည်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်အထိ အာဏာသက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသည့်အခါ ရေးဆွဲပြဋ္ဌာန်းသော ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ထို ၁၉၃၅ ခုနှစ် အက်ဥပဒေကို မှီငြမ်း၍ ရေးဆွဲကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။

အဆိုပါ The Government of Burma Act, 1935 အက်ဥပဒေ ပုဒ်မ ၁၄၈ တွင် "အိန္ဒိယစီရင်အုပ်ချုပ်မှု အက်ဥပဒေကို မည်သို့ပင် ရုပ်သိမ်းစေကာမူ ဤအက်ဥပဒေကို မပြဋ္ဌာန်းမီ လက်ရှိ တရားဥပဒေများကို ဥပဒေပြုပိုင်ခွင့်ရှိသော ဥပဒေပြုအဖွဲ့က ဖြစ်စေ၊ ထိုကဲ့သို့သော အာဏာပိုင်က ဖြစ်စေ ပြောင်းလဲခြင်း သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းသော်လည်းကောင်း၊ ပြင်ဆင်ခြင်းသော်လည်းကောင်း မပြုသေးသမျှ ဤအက်ဥပဒေနှင့် မဆန့်ကျင်လျှင် ထိုလက်ရှိ တရားဥပဒေများသည် ဆက်လက်၍ အာဏာတည်စေရမည်။" ဟူသော ပြဋ္ဌာန်းချက်အရ ယခင် တည်ဆဲ အိန္ဒိယအက်ဥပဒေများနှင့် အိန္ဒိယပြည်နယ်အဖြစ် တည်ရှိစဉ် ပြဋ္ဌာန်းဥပဒေများသည် ဆက်လက်၍ အာဏာတည်ခဲ့သည်။ သို့ရာတွင် မြန်မာမင်းများလက်ထက်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများသည် တည်ဆဲဥပဒေများတွင် မပါရှိခဲ့သဖြင့် ထိုဥပဒေများမှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ စာရင်းမှ ကွယ်ပျောက်ခဲ့ရသည်။

**၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်ခေတ် ၁၃၀၅ ခုနှစ်၊ ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေ**

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်က ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီး အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေညာခဲ့ပြီးနောက် စစ်မီးသည် မြန်မာနိုင်ငံသို့ ကူးစက်ခဲ့သည်။ ၁၉၄၂ ခုနှစ် မတ်လတွင် ဘီအိုင်အေနှင့် ဂျပန်တပ်များက ရန်ကုန်မြို့ကို ပြန်လည်သိမ်းနိုင်ခဲ့သည်။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေအရ တည်ရှိခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၂ ခုနှစ်တွင် ဘုရင်ခံက ယင်းဥပဒေပုဒ်မ ၁၃၉ အရ ရပ်ဆိုင်းလိုက်ပြီး ဥပဒေပြု အာဏာနှင့် အုပ်ချုပ်မှုအာဏာတို့ကို လွှဲပြောင်းရယူခဲ့ပါသည်။

၁၀-၁၂-၄၂ ရက်နေ့တွင် အိန္ဒိယပြည် ဆင်းမလားမြို့ရှိ စစ်ပြေးအစိုးရ (အဝေးရောက် မြန်မာအစိုးရ)က မြန်မာပြည်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တပ်များ သိမ်းပိုက်လိုက်သော အခါ ဂျပန်အာဏာပိုင်တို့သည် မြန်မာပြည် ဗဟိုအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ၎င်းအစိုးရအဖွဲ့သည် ဂျပန်စစ်အုပ်ချုပ်ရေးအောက်တွင် ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်သည်။ ဂျပန်တို့သည် ရှမ်းပြည်နှင့် ကရင်နီနယ်များကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည်။ ရှမ်းပြည်မှ စော်ဘွားများကို ၎င်းတို့၏ သက်ဆိုင်ရာ နယ်ပယ်များတွင် ပဒေသရာဇ်စနစ်အရ ဆက်လက်အုပ်ချုပ်ခွင့်ပြုခဲ့သည်။ ထူးခြားချက်တစ်ရပ်မှာ ဗြိတိသျှကိုလိုနီခေတ် ရှမ်းပြည်တွင် ကျင့်သုံးခဲ့သော နယ်နှင့် ဥပဒေမှာ ဂျပန်ခေတ်တွင် ပပျောက်သွားပြီး တောင်ပေါ်နှင့် မြေပြန့် လွတ်လပ်စွာကူးလူးဆက်ဆံနိုင်ခြင်းပင် ဖြစ်သည်။

၁၉၄၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် တိုဂျိုက ဂျပန် ဒိုင်ယက်လွှတ်တော်၌ မြန်မာပြည်လွတ်လပ်ရေးကို လိုလားပြီး တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ဒေါက်တာ ဘမော်၊ သခင်မြ၊ ဒေါက်တာ သိန်းမောင်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ခေါ်ယူကာ ဂျပန်အစိုးရနှင့် ဆွေးနွေးပြီးနောက် ၁၉၄၃ ခုနှစ် မေလ ၈ ရက်၌ ဗမာပြည် လွတ်လပ်ရေးအတွက် စီစဉ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးကာ ဂျပန်အကြံပေးအရာရှိ စစ်ဗိုလ်ချုပ်ကြီး အီဆိုမူရာ၏ လမ်းညွှန်မှုဖြင့် မြန်မာများက ၁၉၄၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။

ဂျပန်တို့သည် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက် တနင်္ဂနွေနေ့၌ မြန်မာနိုင်ငံကို ဂျပန် ဦးဆောင်သည့် မဟာအရှေ့ အာရှ သာတူညီမျှရေး ဒေသအတွင်း လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်တွင် ဥပဒေ အမှတ် ၁ ဖြင့် ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေ အမည်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို မြန်မာဘာသာဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို ၁၉၄၃ ခုနှစ် အက်ဥပဒေ၌ အခန်းခေါင်းစဉ် ၁၂ ခုနှင့် ပုဒ်မပေါင်း ၆၄ ခုပါဝင်ခဲ့သည်။ ထိုစည်းမျဉ်းဥပဒေ အခန်းခေါင်းစဉ်များတွင် နိုင်ငံတော်၊ နိုင်ငံတော် အဓိပတိ၊ ဝန်ကြီးများအဖွဲ့၊ အတိုင်ပင်ခံလွှတ်တော်၊ ဥပဒေပြုခြင်း၊ ဗမာအမျိုးသားတို့၏ အခြေခံအခွင့်အရေးများ၊ တရားရုံးတော်များ၊ ဘာသာ၊ နိုင်ငံတော်ဝန်ထမ်းများ၊ စာရင်းစစ်နှင့် စာရင်းကိုင်၊ လက်နက်ကိုင်စစ်တပ်များ၊ အုပ်ချုပ်မှု စီမံရေးအဖွဲ့ ဟူသော ခေါင်းစဉ်များ ပါရှိခဲ့သည်။

၁၃၀၅ ခုနှစ် (၁၉၄၃ ခုနှစ်)၊ ဗမာနိုင်ငံတော်၏ အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေ ပုဒ်မ ၂၃ တွင် **"ဤအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေအရ စတင်မဆောင်ရွက်မီ ဗမာနိုင်ငံ၌ အတည်ဖြစ်လျက်ရှိနေသော ဥပဒေများ အားလုံးသည် ဤအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေနှင့် မဆန့်ကျင်သမျှ ဆိုင်ရာ အာဏာပိုင်က ပြင်ဆင်ဖြည့်စွက်ပြောင်းလဲခြင်းမပြုသမျှ ကာလပတ်လုံး ဆက်လက်အတည်ဖြစ်လျက်ရှိရမည်"** ဟူသော ပြဋ္ဌာန်းချက်အရ ယခင် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှု အက်ဥပဒေအရ အာဏာတည်ခဲ့သော အိန္ဒိယအက်ဥပဒေများသာလျှင် ဆက်လက်၍ အာဏာတည်ခဲ့သည်။

ယင်းဖွဲ့စည်းပုံစည်းမျဉ်းဥပဒေအရ အဓိပတိသည် အတိုင်ပင်ခံလွှတ်တော်၏ ထင်မြင်ချက်များကို ရယူ၍ ဝန်ကြီးအဖွဲ့နှင့်တိုင်ပင်ကာ ဥပဒေများကို ပြဋ္ဌာန်းနိုင်ပါသည်။ အဓိပတိ ဒေါက်တာဘမော် ဦးဆောင်သော ဝန်ကြီးအဖွဲ့၊ အတိုင်ပင်ခံလွှတ်တော်၊ မြန်မာအမျိုးသားအရာရှိ အုပ်ချုပ်သော ကိုယ်ပိုင်တပ်မတော် ထားရှိခွင့်ပြုခြင်းနှင့် ပုဒ်မ ၃၆ တွင် ဗမာဘာသာသည် ဗမာနိုင်ငံတော်သစ်၏ ရုံးသုံးဘာသာ ဖြစ်ရမည်ဟု ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်းမှာ ထူးခြားသည်။ တိုင်းမင်းကြီးများနှင့် ခရိုင်ဝန်များ ခန့်ထား၍ အုပ်ချုပ်စေသည်။ ရှမ်းနှင့် ကယားပြည်နယ်တို့ပါဝင်သည့် ကမ္ဘောဇတိုင်းကို အဓိပတိလက်အောက် ထားရှိစေသည်။ ဂျပန်ခေတ် လွတ်လပ်ရေး၏ ထူးခြားချက်တစ်ရပ်မှာ မည်သည့် အစိုးရအရာရှိ အရာခံကိုမျှ ဘုရားထူးခြင်း မပြုရန်နှင့် ဘုရားထူး မခံကြရန် ပထမဆုံး အမိန့်ထုတ်ပြန်နိုင်ခဲ့သည်။

ထို ၁၉၄၃ ခုနှစ် အခြေခံဥပဒေသည် ၁-၈-၁၉၄၃ ရက်နေ့မှ ၆-၉-၁၉၄၅ ရက်နေ့အထိ နှစ်နှစ်ကျော်ခန့်သာ စစ်အတွင်း အာဏာတည်ခဲ့ပြီး ဂျပန်စစ်တပ်၏ ကြီးစိုးမှုအပေါ် မှီခိုအားထား၍ ရေးဆွဲပြဋ္ဌာန်းသော ရွှေရည်စိမ် အခြေခံဥပဒေဟု ဆိုခဲ့ကြသည်။

ဂျပန်ပေးသော လွတ်လပ်ရေးခေတ်အတွင်းတွင် မြန်မာအစိုးရသည် မြန်မာနိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အောက်ပါဥပဒေကြမ်း သုံးခုကို ပြဋ္ဌာန်းနိုင်ခဲ့သည် -

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေကြမ်း၊

(ခ) နိုင်ငံခြားသားနှင့် ဖက်စပ်ကုမ္ပဏီ တည်ထောင်ရာတွင် နိုင်ငံသားက အစုရှယ်ယာ အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်ရမည်ဆိုသော ပြဋ္ဌာန်းချက်ပါရှိသည့် ကုမ္ပဏီဥပဒေကြမ်း၊

(ဂ) မြန်မာအမျိုးသမီးများ နိုင်ငံခြားသားနှင့် လက်ထပ်ရာတွင် ပစ္စည်းခွဲဝေရေးနှင့် အမွေဆက်ခံရေးတို့ ဆုံးရှုံးခြင်း မရှိစေရသည့်အပြင် လင်ခန်း မယားခန်း၌ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဖြစ်စေရမည် ဟူသော လက်ထပ်ရေးဥပဒေကြမ်း။

ဂျပန်ခေတ်တွင် အိန္ဒိယနိုင်ငံ၊ ဆင်းမလားတွင် ရုံးထိုင်သည့် စစ်ပြေးဘုရင်ခံသည် မြန်မာနိုင်ငံအတွက် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် အထိ ဥပဒေများကို ပြဋ္ဌာန်းကာ ဘုရင်ခံ၏ ဥပဒေပေါင်းချုပ် ( Compendium of Governors Acts, 1942-45 ) အဖြစ် အိန္ဒိယတွင် စာအုပ်ရိုက်နှိပ်ထုတ်ဝေခဲ့သေးသည်။ ယင်းဥပဒေများကို လေ့လာရာတွင် ၁၉၄၂ ခုနှစ်တွင် ဥပဒေ ၃ ခု၊ ၁၉၄၃ ခုနှစ် ဥပဒေ ၂၈ ခု၊ ၁၉၄၄ ခုနှစ်တွင် ဥပဒေ ၁၀ ခုနှင့် ၁၉၄၅ ခုနှစ်တွင် ဥပဒေ ၂၇ ခု၊ စုစုပေါင်း ဥပဒေ ၆၈ ခု ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေများအနက် မူရင်းဥပဒေ ၃၅ ခု၊ ပြင်ဆင်ချက် ဥပဒေ ၂၈ ခု၊ အက်ဥပဒေများကို ရပ်ဆိုင်းသည့် ဥပဒေ ၃ ခုနှင့် ၁၉၄၅ ခုနှစ်တွင် အက်ဥပဒေများ ရုပ်သိမ်းခြင်းနှင့် ပြင်ဆင်ခြင်း အက်ဥပဒေ ၂ ခု တို့ ပါဝင်ကြသည်။ အဆိုပါမူရင်း ဥပဒေများအနက် The Money Lender Act, 1945 နှင့် The Police Act, 1945 တို့အပါအဝင် ဥပဒေအချို့မှာ ယနေ့တိုင် တည်ဆဲဥပဒေများအဖြစ် တည်ရှိနေသည်။

စစ်ပြေးအစိုးရသည် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီးနောက် ပြန်လည်အသက်သွင်းခဲ့သည့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ ဆက်လက်အာဏာတည်ခဲ့သည့် အက်ဥပဒေများ၊ ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့် အက်ဥပဒေများနှင့် စစ်ပြေးအစိုးရက အိန္ဒိယနိုင်ငံ၊ ဆင်းမလားတွင် ရုံးထိုင်၍ ပြဋ္ဌာန်းခဲ့သည့် အထက်ဖော်ပြပါ အက်ဥပဒေ ၆၈ ခု တို့ကို တရားဝင် အတည်ဖြစ်စေရန် ရည်ရွယ်၍ The Burma Indemnity and Validating Act, 1945 ကို ပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် ဂျပန်ခေတ်တွင် ပြဋ္ဌာန်းခဲ့သည့် ၁၃၀၅ ခုနှစ် ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေနှင့်အတူ ထိုဥပဒေအရ ပြဋ္ဌာန်းခဲ့သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဥပဒေ၊ ကုမ္ပဏီဥပဒေနှင့် လက်ထပ်ရေး ဥပဒေတို့ကို အသိအမှတ်မပြုခဲ့ပေ။ သို့အတွက် အဆိုပါဥပဒေများသည် မြန်မာနိုင်ငံ ဥပဒေအတွဲများတွင် ပါရှိခြင်းမရှိတော့ပေ။

**ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇ ခုနှစ်)**

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများအဖြစ် လန်ဒန်မြို့၌ အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ပင်လုံအစည်းအဝေးများ ကျင်းပပြီးနောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး ပင်လုံစာချုပ်ကို တိုင်းရင်းသားခေါင်းဆောင်များနှင့် ချုပ်ဆိုနိုင်ခဲ့သည်။ ၁၉-၇-၄၇ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည်ကိုးဦး ကျဆုံးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်နှင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲအတည်ပြုပြဋ္ဌာန်းရန် လိုအပ်သဖြင့် ဝန်ကြီးသခင်မြ ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင် ၁၁၁ ဦးတို့က ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက် ခုနစ်ချက်ကိုပါ ထည့်သွင်းစဉ်းစားကာ ရေးဆွဲခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွက် ပထမဦးဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေကို အခြေခံ၍ ထည့်သွင်းစဉ်းစားပြီး ရေးဆွဲခဲ့ကြောင်း၊ နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်းက အိန္ဒိယနိုင်ငံသို့သွားရောက်၍ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်သည့် ဥပဒေပညာရှင် Sir Vanegal Rau နှင့် တွေ့ဆုံ၍ အကြံဉာဏ်များရယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပါ အချို့ကဏ္ဍများကို ပြုစုတင်ပြခဲ့ကြောင်း လေ့လာသိရှိရသည်။ ထို့ပြင် ၇၅ ဦးဖြင့် ဖွဲ့စည်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီသည် ပြင်ပမှ ဥပဒေပညာရှင်များနှင့် နိုင်ငံရေးအတွေ့အကြုံရှိကြသော ဆာမောင်ကြီး၊ တရားရေးဝန်ကြီး ဦးအေးမောင်၊ ဆာမြဘူးနှင့် မစ္စတာ အမ်အေရာရှစ်တို့၏ အကူအညီ အကြံဉာဏ်ကိုရယူပြီး အခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ကြကြောင်း၊ ယင်းအခြေခံ ဥပဒေမူကြမ်းကို တိုင်းပြည်ပြုလွှတ်တော် ဒုတိယညီလာခံမှ စိစစ်အတည်ပြုပြီးနောက် အချောကိုင်ကော်မတီက တတိယညီလာခံသို့ တင်သွင်းခဲ့သည်။ တတိယ ညီလာခံသို့ တင်သွင်းသော အခြေခံ ဥပဒေမူကြမ်း တွင် နိဒါန်းနှင့် အခန်း ၁၄ ခန်း၊ ပုဒ်မ ပေါင်း ၂၂၁ ခုနှင့် ဇယား ၄ ခု ပါဝင်ခဲ့သည်။ တတိယညီလာခံမှ ဆွေးနွေးညှိနှိုင်းစိစစ်ပြီးနောက် နိဒါန်းနှင့် အခန်း ၁၄ ခန်း သတ်မှတ်ပြီး ပုဒ်မပေါင်း ၂၃၄ ခု အဖြစ် ပြင်ဆင်ဖြည့်စွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ၁၇-၁၀-၄၇ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနုနှင့် ဗြိတိသျှဝန်ကြီးချုပ် C. Richard Attlee တို့ နုအက်တလီစာချုပ်ကို ဆက်လက်၍ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ထိုနေ့မှာပင် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ဥပဒေကြမ်း (Burma Independence Bill, A.D. 1947) ကို ဗြိတိသျှပါလီမန်က ဗြိတိသျှဘုရင်၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

**"မူရင်းဥပဒေများအနက် The Money Lender Act, 1945 နှင့် The Police Act, 1945 တို့အပါအဝင် ဥပဒေ အချို့မှာ ယနေ့တိုင် တည်ဆဲဥပဒေများအဖြစ် တည်ရှိနေသည်။"**

# ရက် ၁၀၀ အောက် ရောက်ခဲ့ပြီ

## အန်ကယ်ပညာ

တစ်နှစ်တာကာလဆိုတာ ကြာလှတဲ့အချိန်တစ်ခုလို့ ယခင်ကထင်ခဲ့ကြပါလိမ့်မယ်။ ယခုအချိန်မှာ ဖြတ်ကျော်ကုန်လွန်ခဲ့တဲ့အချိန်တွေကို ပြန်လှည့်ကြည့်လိုက်ကြရင်တော့ မယုံနိုင်စရာ ခဏလေးပါလားလို့ ပြောကြလိမ့်မယ် ထင်ပါတယ်။

ကုန်လွန်ခဲ့တဲ့အချိန်တွေမှာ သင့်တော်ရာ၊ နီးစပ်ရာတွေမှာ အပ်နှံကြ၊ ပို့ကြကြိုကြ၊ စောင့်ရှောက်ပေးကြတဲ့ မိဘတွေ၊ သင်ကြပြကြ လေ့ကျင့်ပေးကြတဲ့ ဆရာ ဆရာမတွေနဲ့ သင်ယူကြ၊ လေ့လာကြ၊ လေ့ကျင့်ကြတဲ့ ကျောင်းသား ကျောင်းသူတွေဟာ သက်ဆိုင်ရာကဏ္ဍအလိုက် ဝတ္တရားမပျက် အားထုတ်ခဲ့ကြတယ်လို့ ထင်မြင်မိပါတယ်။ အခုလို မကြာလိုက်ဘူးထင်ရတဲ့ ကုန်လွန်ခဲ့တဲ့အချိန်တွေကို သင်ယူချိန်ကာလလို့ သတ်မှတ်ထားလိုက်စေချင်ပါတယ်။

ယခုအချိန်ကနေစပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေရမယ့်ရက်မတိုင်မီကာလကိုတော့ စာမေးပွဲအတွက် ပြင်ဆင်ချိန်လို့ သတ်မှတ်ကြပါမယ်။ ပြင်ဆင်ချိန်က သင်ယူချိန်ထက် အများကြီးနည်းနေတာကို တွေ့ရမှာပါ။ ရက်အားဖြင့်ကြည့်မယ်ဆိုရင် ဆယ်ဂဏန်းပဲ ကျန်ပါတော့တယ်။ ဒါပေမယ့်လည်း အချိန်မလုံလောက်မှာ စိုးရိမ်စရာတော့ မဟုတ်ပါဘူး။ အလုပ်လုပ်နေသူအတွက် အချိန်တွေ အကုန်မြန်တတ်တာကို သတိပြုမိဖို့နဲ့ ကျန်ရှိနေတဲ့အချိန်ကို စာမေးပွဲအတွက် ထိထိရောက်ရောက် အသုံးချနိုင်ဖို့ ရက်တွက်ပြပေးတာပါ။

တက္ကသိုလ်ဝင်စာမေးပွဲဆိုတာနဲ့ အောင်ချင်ကြတာက ကျောင်းသား ကျောင်းသူတွေပါ။ အောင်စေချင်ကြတာက မိဘတွေနဲ့ ဆရာတွေပါ။ အဲဒီအထဲမှာမှ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးစလုံး ဆန္ဒပြည့်နိုင်တာက နှစ်စဉ် ၃၀ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ အချိန်တန်ရင် အောင်မှာပဲလို့ သာမန်သဘောထားလို့မရနိုင်တဲ့ စာမေးပွဲဖြစ်ပါတယ်။ ဒါကြောင့် သာမန်ထက်ပိုပြီး ကြိုးစားကြဖို့လိုပါတယ်။ ဘယ်လိုကြိုးစားကြရမှာလဲ။

**နောက်မကျသေးတာသေချာတယ်**

ပြင်ဆင်ချိန်ကာလကို ရက်တွက်ကြည့်လိုက်ရင် ရက် ၁၀၀ အောက် ဆယ်ဂဏန်းပဲ ကျန်တော့တယ်လို့ ပြောခဲ့ပါတယ်။ ဒါဆိုရင် စာလုပ်ဖို့အချိန် သိပ်နည်းသွားပြီလား။ အချိန်မလုံလောက်တော့ဘူးလားလို့ မေးစရာရှိပါတယ်။ စာမေးပွဲအတွက် ပြင်ဆင်ချိန် လုံးဝလုံလောက်ပါတယ်။ လုံးဝနောက်မကျသေးပါဘူးလို့ပဲ ပြောချင်ပါတယ်။ အခုမှ ပြင်ဆင်ချိန်ရဲ့အစလို့တောင် ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် အခုမှ သင်ရမယ့်သင်ရိုးကုန်တာဖြစ်လို့ပါ။ သင်ယူချိန်ကာလအဆုံး ပြင်ဆင်ချိန်ကာလအစမှာ အကောင်းဆုံးဖြစ်အောင် ကိုယ်ဘယ်လို ကြိုးစားပြင်ဆင်သွားမယ်ဆိုတဲ့ စိတ်ဓာတ်ရှိနေဖို့ပဲလိုပါတယ်။

**အနိမ့်ဆုံး ဘာသာစုံအောင်မှတ်ရရမယ်**

အောင်စာရင်းထွက်ပြီးလို့ အမှတ်စာရင်းတောင်းကြည့်တဲ့အချိန်မှာ ငါးဘာသာဂုဏ်ထူးထွက်ပြီး တစ်ဘာသာကျလို့ စာမေးပွဲကျတဲ့သူရှိတာ တွေ့ဖူးပါတယ်။ အလွန်ပဲ စိတ်မကောင်းဖြစ်စရာပါ။ ဂုဏ်ထူးရဘာသာတွေအတွက် နှမြောစရာကောင်းသလို ကုန်လွန်သွားတဲ့ တစ်နှစ်တာက ပိုနှမြောစရာပါ။ ဒါကြောင့် ဘာသာစုံအောင်မှတ်ရဖို့ကို အနိမ့်ဆုံးရည်မှန်းချက်ထား ကြိုးစားကြဖို့ ပြောလိုပါတယ်။ ကျန်တဲ့အပိုင်းကတော့ ကိုယ်ကျွမ်းကျင်ပိုင်နိုင်သမျှ အစွမ်းပြကြဖို့ပါပဲ။

**တွက်ထား၊ ကျက်ထား၊ လေ့လာထားသမျှကို ချရေးကြည့်ပါ**

တစ်နှစ်တာလုံး သင်ကြားလေ့ကျင့်ခဲ့သမျှကို စာမေးပွဲခန်းထဲက အဖြေလွှာပေါ်မှာ ချရေးခြင်းနဲ့ အဆုံးသတ်ရတာပါ။ အောင်မြင်စွာ အဆုံးသတ်နိုင်ဖို့ တွက်ရ၊ ကျက်ရ၊ လေ့လာရတာတွေ အကြိမ်ကြိမ်ပြုလုပ်ရပါတယ်။ ဒါကို ကျောင်းသားတစ်ယောက် အလုပ်လုပ်တယ်၊ စာလုပ်တယ်လို့ ပြောကြပါတယ်။ ကိုယ်လုပ်သမျှကို စာရွက်ပေါ်မှာ ချရေးနိုင်တဲ့အဆင့်ရောက်မှ စာရတယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် ကိုယ်စာလုပ်တာ တကယ်ရရဲ့လားဆိုတာ ချရေးကြည့်ပြီး လိုအပ်ချက်တွေရှိရင် ပြုပြင်ပေးသွားဖို့ လိုအပ်ပါတယ်။

**ကျန်းမာနေဖို့ လိုပါတယ်**

စာမေးပွဲအောင်ဖို့ သာမန်ကြိုးစားရုံနဲ့ မရဘူးလို့ ပြောခဲ့ပါတယ်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားစိုက်ရမယ်ဆိုတဲ့သဘောပါ။ ဒါကြောင့် ကျန်းမာရေးကောင်းမွန်နေဖို့ အထူးလိုအပ်ပါတယ်။ စာမေးပွဲနီးမှ ကျန်းမာရေးမကောင်းလို့ နောက်တစ်နှစ်ဆက်နေရတယ်ဆိုတဲ့ သာဓကတွေလည်း ရှိပါတယ်။အနေအထိုင်၊ အစားအသောက်နဲ့ အသွားအလာတွေ ဆင်ခြင်ကြဖို့ လိုအပ်ပါတယ်။

**တစ်နေ့ အိပ်ချိန် ၆ နာရီ သတ်မှတ်ကြည့်ပါ**

စာကို တကယ်ကြိုးစားကြသူတွေ၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူတွေ အများစုဟာ ညကို ၁၁ နာရီအထိ၊ မနက်ကို ၅ နာရီထပြီး စာလုပ်ခဲ့ကြတယ်လို့ဆိုပါတယ်။ အိပ်ချိန်အနေနဲ့ပြောရင် တစ်နေ့ကို ၆ နာရီပဲ အိပ်တယ်လို့ ဆိုနိုင်ပါတယ်။ စာလုပ်ချိန်ကို တစ်နေ့ဘယ်နှနာရီလုပ်ဖို့ဆိုတာထက် အိပ်ချိန်ကိုပဲ သူတို့နဲ့အညီထားကြည့်ရအောင်ပါ။ နိုးထချိန် တစ်နေ့ကို ၁၈ နာရီရှိနေပါမယ်။ ၁၈ နာရီမှာတောင် အခြေအနေပေါ်မူတည်ပြီး စာလုပ်ချိန်ရရှိနိုင်မှု အနည်းအများ ကွာခြားကြဦးမှာပါ။ ဒါကြောင့် တစ်နေ့ ၁၈ နာရီထဲက စာလုပ်ချိန် များနိုင်သမျှများအောင် ယူတတ်ဖို့ပဲပြောချင်ပါတယ်။

**ရင်းနှီးပွင့်လင်းစွာ ဖွင့်ဟတိုင်ပင်ပါ**

ဖြေဆိုရမှာက ကျောင်းသား ကျောင်းသူ ကိုယ်တိုင်ပါပဲ။ စာလုပ်ရင်းနဲ့ ဘယ်ဘာသာ၊ ဘယ်နေရာမှာ အားနည်းနေလဲဆိုတာလည်း ကိုယ်တိုင်သာ အသိဆုံးဖြစ်ပါတယ်။ အားနည်းချက်ကိုကုစားဖို့ အကောင်းဆုံးလုပ်ဆောင်ရမှာကတော့ မိဘ၊ ဆရာတွေနဲ့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်တာပါပဲ။ ကျွန်တော် ကျွန်မတော့ ဒီအတိုင်းဆိုကျလိမ့်မယ်ဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ဒါလေးရသွားရင်တော့ ဂုဏ်ထူးမှန်းနိုင်တယ်ဆိုတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အခုလိုအခြေအနေမျိုးမှာ ရလိုမှုဆန္ဒက ဦးဆောင်နေတာဖြစ်လို့ ရှင်းပြ၊ ထောက်ပြသူနဲ့တွေ့ရင် အမြန်နားလည်သွားတတ်ပါတယ်။ မရနိုင်တော့ဘူးဆိုပြီး လုံးဝလက်လျှော့ပစ်တာမျိုး မလုပ်မိဖို့ပဲ လိုပါတယ်။

**တန်းကိုမြှင့်ပြီး ကြိုးစားကျော်ပါ**

တက္ကသိုလ်ဝင်စာမေးပွဲဟာ လူတစ်ယောက်အတွက် တစ်သက်မှာတစ်ခါကြုံတွေ့ရတဲ့ အတွေ့အကြုံကောင်းလို့ မှတ်ယူသင့်ပါတယ်။ လွယ်လွယ်နဲ့ ဖြတ်ကျော်နိုင်တာမဟုတ်လို့ အောင်မြင်မှုအတွက် အင်မတန်ဂုဏ်ယူဖွယ်လည်း ကောင်းပါတယ်။ အောင်မြင်မှုအတွက် ပြင်ဆင်ကြရာမှာ အမြင့်ခုန် အားကစားသမားတွေလို ကိုယ်ခုန်နိုင်တာထက် တန်းကိုမြှင့်ထားပြီး လွတ်အောင်ကြိုးစားခုန်ကြည့်တာမျိုး ဖြစ်စေချင်ပါတယ်။ ဒီစာမေးပွဲရလဒ်က လူတစ်ယောက်ရဲ့ ဘဝကို အပြီးတိုင် ပြဋ္ဌာန်းပေးလိုက်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်ဘယ်လောက် လုပ်နိုင်ခဲ့တယ်ဆိုတာတော့ ထာဝစဉ် ပီတိဖြစ်နေစေမှာ သေချာပါတယ်။

တကယ်တော့ အောင်မြင်တဲ့ပညာရေးဖြစ်ဖို့ မိဘတွေရဲ့အထိန်းအကွပ်၊ အထောက်အပံ့၊ ဆရာတွေရဲ့ကြပ်မတ်သင်ကြားလေ့ကျင့်ပေးမှုနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ရလိုမှု၊ ကြိုးစားအားထုတ်မှုတွေ ဟန်ချက်ညီညီ ပေါင်းစပ်ပေးကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာတော့ လက်တွေ့ဖြေဆိုကြရမယ့် ကျောင်းသား ကျောင်းသူတွေဘက်ကိုပဲ ဦးစားပေးပြောဖြစ်ခဲ့ပါတယ်။ စာမေးပွဲအတွက် လုံးဝနောက်မကျသေးတဲ့ ပြင်ဆင်ချိန်ရဲ့အစမှာပဲ အောင်စိတ်မွေးပြီး အားမာန်အပြည့်နဲ့ ကြိုးစားခြင်းကိုစတင်လိုက်ကြပါလို့ အားဖြည့်ပေးလိုက်မိပါတယ်။ ။

**တကယ်တော့ အောင်မြင်တဲ့ပညာရေးဖြစ်ဖို့ မိဘတွေရဲ့အထိန်းအကွပ်၊ အထောက်အပံ့၊ ဆရာတွေရဲ့ ကြပ်မတ် သင်ကြားလေ့ကျင့်ပေးမှုနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ရလိုမှု၊ ကြိုးစားအားထုတ်မှုတွေ ဟန်ချက်ညီညီ ပေါင်းစပ်ပေးကြရမှာ ဖြစ်ပါတယ်။**

**စာမေးပွဲအတွက် လုံးဝနောက်မကျသေးတဲ့ ပြင်ဆင်ချိန်ရဲ့အစမှာပဲ အောင်စိတ်မွေးပြီး အားမာန်အပြည့်နဲ့ ကြိုးစားခြင်းကို စတင်လိုက်ကြပါလို့ အားဖြည့်ပေးလိုက် မိပါတယ်။**

# စာပေညီလာခံဆွေးနွေးပွဲ တက်ရောက်လိုသူများအတွက် ကြို၊ ပို့ယာဉ်များ စီစဉ်ပေးထား

**ရန်ကုန် ဒီဇင်ဘာ ၁၀**

လွတ်လပ်သောအသံ လွတ်လပ်သောစာပေ ၂၀၁၇ စာပေညီလာခံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ နံနက် ၉ နာရီ ၄၅ မိနစ်မှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအတွက် ရန်ကုန်မြို့တော်ခန်းမရှေ့တွင် နံနက် ၈ နာရီတစ်ကြိမ်၊ ၈ နာရီ ၁၅ မိနစ်တွင်တစ်ကြိမ် အကြို၊ အပို့ယာဉ်များ စီစဉ်ထားကြောင်း သိရသည်။



"စာပေညီလာခံ ကျင်းပတယ်ဆိုတာ စာရေးသူတွေချည်းပဲသက်ဆိုင်တဲ့ ပွဲမဟုတ်ပါဘူး၊ စာဖတ်သူ ပြည်သူတစ်ရပ်လုံးနဲ့လည်း သက်ဆိုင်တဲ့ပွဲဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ စိတ်ဝင်တစား လာရောက်နားထောင်သင့်ပါတယ်၊ စိတ်ဝင်စားတဲ့ ပြည်သူတွေအတွက် ယာဉ်အကြို၊ အပို့ အစီအစဉ်ရှိပါတယ်၊ လမ်းမှာရပ်မှာက မြေနီကုန်း၊ လှည်းတန်း၊ ကိုးမိုင် ပွဲ့ငြင့်သုံးခုမှာ ရပ်ပါမယ်၊ ဘာလို့လဲဆိုတော့ လမ်းကလူတွေ စောင့်ပြီးစီးလို့ရအောင်ပါ"ဟု စာရေးဆရာမ ဒေါ်ခင်သန္တာက ပြောသည်။

အဆိုပါ စာပေညီလာခံဆွေးနွေးပွဲ အကြိုအဖြစ် ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံ ရှေ့မျက်နှာစာတွင် ဒီဇင်ဘာ ၈ ရက်မှစ၍ ၁၂ ရက်အထိ ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ စာရေးဆရာကြီးများက စာပေဟောပြောမှုများ၊ ကဗျာဆရာကြီးများက ကဗျာရွတ်ဆိုခြင်းများနှင့် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယနေ့ကျင်းပသည့် စာပေညီလာခံ ဆွေးနွေးပွဲအကြို (တတိယမြောက်နေ့)တွင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်၊ စာရေးဆရာမ ဒေါ်ခင်သူသူဝင်း၊ စာရေးဆရာမ ဒေါ်စန်းစန်းနွဲ့(သာယာဝတီ)တို့က စာပေဟောပြောကြပြီး ဒီဇင်ဘာ ၁၁ ရက်တွင် စာရေးဆရာမ မသီတာ(စမ်းချောင်း)၊ ကဗျာဆရာ မိုးဇော်တို့က လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်(နောက်ဆုံးနေ့)တွင် စာရေးဆရာ ကိုလေး(အင်းဝဂုဏ်ရည်)နှင့် စာရေးဆရာ ချစ်ဦးညိုတို့က လည်းကောင်း အသီးသီး ဟောပြောကြမည်ဖြစ်သည်။ နောက်ဆုံးနေ့ စာပေညီလာခံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ညနေ ၄ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာ ၂၀၀ ကျော်မှ စာပေရေးရာစကားဝိုင်း ၅၀ ကျော်ကို အခန်းခြောက်ခန်းခွဲကာ နေ့စဉ်ဆွေးနွေးသွားမည်ဖြစ်ပြီး ဆွေးနွေးသူများသာမက ဧည့်ပရိသတ်များပါ ဝင်ရောက်ဆွေးနွေးနိုင်ရန် အချိန်များထည့်သွင်းပေးထားကြောင်း၊ လက်ရှိတွင် ညီလာခံသို့တက်ရောက်ရန် မြန်မာတစ်နိုင်ငံလုံးမှ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ထုတ်ဝေသူနှင့် နိုင်ငံတကာပညာရှင်များ၊ စာပေဝါသနာရှင်များ အပါအဝင် စုစုပေါင်း ၇၀၀ ခန့် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**သတင်း- အေးမင်းသူ၊ ဓာတ်ပုံ- ဇာနည်မောင်**

## ခွာညိုသင်းပြီမေ

❋ ပြာသိုလတွင်း၊ ခွာညိုသင်းတော့
ရောင်းရင်းငယ်ချစ်၊ မြတ်လေးနှစ်ကို
အသစ်တစ်ဖန်၊ အောက်မေ့ပြန်၏။

❋ ဆောင်းချမ်းမြမြ၊ ပြာသိုညဝယ်
လကလည်းသာ၊ ရှင်းသန့်ဖြာ၍
ဟေမာလေညင်း၊ ဖော့ဖော့သွင်းချိန်
ယမင်းချစ်သူ၊ မောင့်သည်းအူအား
ပျူငှာဖွင့်ဟ၊ ချစ်ခွန်းစသော်
တူမျှကမ်းလင့်၊ ချစ်ပန်းပွင့်၏။

❋ အကြောင်းမလှ၊ မပေါင်းရဘဲ
သဲမြတ်စ်နယ်၊ ကိုယ်တစ်နယ်ဖြင့်
နယ်ပယ်လည်းဝေး၊ ဆွေးကြီးဆွေးခဲ့
အတွေးထဲဝယ်၊ လွမ်းပင်လယ်တည့်။

❋ ကြာခဲ့ပါပြီ၊ ကြာပါပြီတည့်
ဒီအချိန်ပေါ့၊ စိတ်ကူးနော့၍
တစ်ကျော့ပြန်ဆို၊ လွမ်းမိုးပိုပြီ
ခွာညိုသင်းပြီ၊ ကေရီငဲ့
ကေသီ သတိရပါစေ။ ။

ပန်းတောင်းသန်းကြွယ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီနှင့် တွေ့ဆုံ



**ရန်ကုန်  ဒီဇင်ဘာ  ၁၀**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဧည့်ခန်းတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီ၏ ကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီဒီပလိုမာစာရင်းကိုင်အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၁၀**
မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရန်ကုန်မြို့၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက နိုင်ငံတော်က စေတနာအပြည့်အဝနှင့် ရည်ရွယ်ချက်ကြီးမားစွာဖြင့် စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိရာ စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများဖြစ်ကြသည့် အောင်လက်မှတ်ရရှိသူများကလည်း နိုင်ငံတော်နှင့် တိုင်းပြည်၏ အကျိုးစီးပွားအတွက် တစ်ထောင့်တစ်နေရာမှ ကျေပွန်စွာ တုံ့ပြန်ပေးဆပ်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ပြောင်းလဲလာသည့် နိုင်ငံတော်အုပ်ချုပ်ပုံစနစ်သစ်နှင့်အညီ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့်အခါသမယတွင် နိုင်ငံတော်အတွက် ကျွမ်းကျင်သော စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ အထူးလိုအပ်လျက်ရှိရာ အောင်လက်မှတ်ရရှိသူများအနေဖြင့် နေရာမရွေးလိုအပ်ချက်ကို ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းကြရာတွင် စာရင်းပညာရပ်များ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် စိတ်စေတနာထားကာ စွမ်းအားပြည့် တက်ကြွစွာ အလုပ်အကျွေးပြုရန် တိုက်တွန်းလိုကြောင်းနှင့် အောင်လက်မှတ်ရရှိသူများအနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ ကျင့်ဝတ်၊ သိက္ခာ၊ စည်းကမ်းများကို တိကျစွာလိုက်နာ၍ စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူတို့၏ ဂုဏ်သိက္ခာဖြင့် ရိုးသားဖြောင့်မတ်တည်ကြည်စွာ ထမ်းရွက်နိုင်ကြပြီး ကိုယ်ကျင့်သီလ ကောင်းမွန်သည့် နိုင်ငံတော်က အားထားရသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများဖြစ်အောင် ကျင့်ကြံနေထိုင်လုပ်ကိုင်ရန် အထူးလိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဆုနှင့်ပညာရေးရန်ပုံငွေလှူဒါန်းခဲ့သည့် အလှူရှင်များအား မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံစာရင်းကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအမှုဆောင်များက စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယပိုင်းစာမေးပွဲအောင်မြင်သူများနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ်မှတ်ပုံတင်ရန် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ပြည်အကျဉ်းထောင် ကွင်းဆင်းစစ်ဆေး

**ပြည်  ဒီဇင်ဘာ  ၁၀**
ပြည်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေး၊ အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်လွင်လွင်အေးကျော်သည် အဆိုပါ အကျဉ်းထောင်သို့ ဒီဇင်ဘာ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် တရားရုံးတွင် အမှုစစ်ဆေးဆဲ အချုပ်သား၊ တရားစွဲမတင်မီ အမှုစစ်ဆေးဆဲ အချုပ်သားများကို ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိ ဥပဒေနှင့်မညီသော မတရားဆောင်ရွက်မှုများ ရှိ၊ မရှိ အခြေအနေများကို စစ်ဆေးမေးမြန်းခဲ့သည်။ ဆက်လက်၍ အကျဉ်းသားများနှင့် အချုပ်တရားခံများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ အစားအသောက် အာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေးပြည့်စုံမှုနှင့် ဆေးကုသရန်အခွင့်အရေးရှိ၊ မရှိ၊ အမျိုးသမီးအကျဉ်းသားများအား လုံခြုံစွာ အကာအရံဖြင့် ထားရှိခြင်း ရှိ၊ မရှိ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများအပေါ် နှိပ်စက်ညှဉ်းပန်းမတရားပြုမှု ရှိ၊ မရှိ အခြေအနေများနှင့် ပြည်အကျဉ်းထောင်၌ ကလေးသူငယ်အကျဉ်းသား ရှိ၊ မရှိ အခြေအနေတို့ကိုပါ ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ခရိုင် ပြန်/ဆက်**



# အရှေ့တောင်အာရှ ဒေသတွင်းကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဆုရရှိခဲ့

**ရန်ကုန်  ဒီဇင်ဘာ  ၁၀**
အရှေ့တောင်အာရှ ဒေသတွင်း ကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ်ပြိုင်ပွဲ South East Asia Prix Jeunesse Video Festival-SEAPJ (National Level) နှင့် (Regional Level) ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရွေးချယ်ခံခဲ့ရသည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုသည့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) တွင် ပြုလုပ်ခဲ့သည်။



SEAPJ ပြိုင်ပွဲသည် အသက် (၈)နှစ်မှ (၁၇) ကြား ကလေးငယ်များအတွက် အကျိုးပြုစေမည့် ဇာတ်လမ်းများကိုသာ အဓိကထား ရိုက်ကူးရသည့် ပြိုင်ပွဲဖြစ်ပြီး ကလေးငယ်များအားလုံး အသိပညာတိုးတက်လာစေရန်နှင့် ကလေးငယ်များ၏ အနာဂတ်ကောင်းမွန်လာစေရေး ရည်ရွယ်ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ အာဆီယံ ၁၀ နိုင်ငံမှ ပြိုင်ပွဲဝင်များ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် မကျော်နှင်းဆီသည် (သနပ်ခါးပန်းရနံ့လေး မွှေးစေချင်) Video Clip ဖြင့် ဒေသတွင်းအဆင့် (Regional Level) ပြိုင်ပွဲ၏ Professional Video Maker (Fiction) အဆင့် ပြိုင်ပွဲတွင် ဆုရရှိခဲ့သည်။

“ဒီပြိုင်ပွဲမှာ သက်ငယ်မုဒိမ်းနဲ့ပတ်သက်ပြီး မိဘတွေ သိသင့်သိထိုက်တာကို documentary ပုံစံရိုက်ကူးတင်ဆက်ခဲ့တာပါ၊ ဒီမှာတုန်းကတော့ ကိုယ့်ကား အလွန်ကောင်းတယ်၊ ဖိလစ်ပိုင်ပါရင်တော့ ကျိန်းသေရွေးချယ်ခံရမှာပဲ ဆိုပြီး ကြွေးကြော်နေခဲ့တာ၊ တကယ်တမ်း ဖိလစ်ပိုင်ရောက်တော့ ဇာတ်ကားတွေ ထိုးပြတာ ရင်တောင်တုန်သွားတယ်၊ ဇာတ်ကားတွေက ကိုယ့်ထက်ကောင်းနေတော့ ကျွန်မတို့တိုင်းပြည် ဆုကောရပ့်မလားပေါ့၊ မရဘဲနဲ့ပြန်လာရင် အရှက်ကွဲတော့မှာပဲဆိုပြီး စိုးရိမ်ခဲ့ရတာ၊ ဆုတစ်ဆုရအောင် ယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်” ဟု မကျော်နှင်းဆီ ပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မှသာ ပထမဆုံးသွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ကြီးမှူးကာ SEAPJ National Level အား ပညာရှင်အဆင့်၊ အပျော်တမ်းအဆင့် (အသက် ၁၈ နှစ်အထက်)၊ ကလေးသူငယ်အဆင့် (အသက် ၁၈ နှစ်အောက်) စသည်ဖြင့် အဆင့်သုံးဆင့်ခွဲခြား၍ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးသတ်မှတ်ကာ ပြိုင်ပွဲဝင်များအား ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက ဖိတ်ခေါ်ခဲ့သည်။

ယင်းပြိုင်ပွဲမှ အမျိုးသားအဆင့် (National Level) ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး အနက်မှ ကိုးမျိုးတွင် ယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်း ပြိုင်ပွဲဝင် ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၎င်းတို့အနက်မှ ကလေးသူငယ်အဆင့်တွင် ပြိုင်ပွဲဝင် သုံးဦး၊ အပျော်တမ်းအဆင့်တွင် ပြိုင်ပွဲဝင် တစ်ဦးနှင့် ပညာရှင်အဆင့်တွင် ပြိုင်ပွဲဝင် သုံးဦး ပေါ်ထွက်ခဲ့သည်။ အဆိုပါ ဆန်ကာတင် ပြိုင်ပွဲဝင်ခုနစ်ဦး၏ ရုပ်သံအစီအစဉ်များကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ကျင်းပသည့် ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအစီအစဉ်များအနက်မှ ပြိုင်ပွဲဝင် မကျော်နှင်းဆီရိုက်ကူးတင်ဆက်သည့် “Let Fragrance of ThaNaKha be lasted forever” (သနပ်ခါးပန်းရနံ့လေးမွှေးစေချင်) video clip မှ ဒေသတွင်းအဆင့် (Regional Level) ပြိုင်ပွဲ၏ Professional Video Maker (Fiction) အဆင့် ပြိုင်ပွဲတွင် ဆုရရှိခဲ့ခြင်း ဖြစ်သည်။

အာရှေ့တောင်အာရှဒေသတွင်း ကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ် ပြိုင်ပွဲ SEAPJ သည် အသက်အရွယ်မရွေး ရုပ်သံအစီအစဉ် ထုတ်လုပ်သူ မည်သူမဆို ယှဉ်ပြိုင်နိုင်သည့် ပြိုင်ပွဲတစ်ခုဖြစ်သည်။ ယင်းပြိုင်ပွဲကို လာမည့်နှစ်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပသွားမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပထမဆုရ မေသူကျော်အား ဆုချီးမြှင့်စဉ်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း စတုတ္ထဆုရ Sa Paung အား ဆုချီးမြှင့်စဉ်။

**✻ ကျောဖုံးမှ**

ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပွဲတော်တွင် ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်မှုများအပြင် ဧည့်အဆိုရှင်များဖြစ်သည့် မြန်မာမှုတေးသံရှင် ဒေါ်ရီရီသန့်၊ တေးသံရှင် ဇော်ပိုင်၊ Rဇာနည်၊ အောင်ထက်၊ Acid၊ ဖြူဖြူ ကျော်သိန်း၊ ရတနာမိုင်၊ ချမ်းချမ်းနှင့် နီနီခင်ဇော်တို့က လာရောက်ဖျော်ဖြေပေးခဲ့ကြပြီး ပရိသတ်အများအပြား လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို ကျင်းပရခြင်းမှာ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပနေခြင်းဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်အတွက် ပွဲစဉ်များကို မြို့နေရာများသတ်မှတ်၍ ကျင်းပခဲ့ရာတွင် level 1 အဆင့်(၁) ဒေသလက်ရွေးစင် ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့တို့၌ ကျင်းပခဲ့သည်။ အဆိုပါမြို့များမှ လက်ရွေးစင် ၃၆ ဦး ထွက်ပေါ်လာခဲ့သည်။ ဆက်လက်၍ level 2 အဆင့်ပွဲစဉ်လေးခုကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ ဦးကို level 3 အဆင့်အတွက် ရွေးချယ်နိုင်ခဲ့သည်။ level 3 အဆင့်ကိုလည်း ပွဲစဉ်လေးခုဖြင့် ကျင်းပခဲ့ပြီး ယနေ့တွင် နောက်ဆုံးပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သည်။

ယနေ့ကျင်းပသည့် ငြိမ်းချမ်းရေး ဂီတပွဲတော် နောက်ဆုံးပြိုင်ပွဲကြီးတွင် ဆုရရှိခဲ့သူများ၏ အမှတ်တရစကားများအား ငြိမ်းချမ်းရေးဂီတပွဲတော်ကို အစဉ်မပြတ်အားပေးခဲ့ကြသည့် ပရိသတ်ကြီးအတွက် ရေးသားဖော်ပြလိုက်ပါသည်။

**မေသူကျော် (ပထမ)**

သမီး ဒီဆုကိုရတဲ့အတွက် ပျော်ပါတယ်၊ သမီး ဒီပြိုင်ပွဲမှာ ပြိုင်ပွဲအစကနေပြီးတော့ အလွန်ကို ကြိုးစားခဲ့တာပါ၊ သမီးဘက်ကလည်း အများကြီးကြိုးစားထားသလို ပရိသတ်ကြီးကလည်း အားပေးခဲ့ပါတယ်၊ ဒီပြိုင်ပွဲပြီးသွားရင်တော့ နောက်ထပ်ပြိုင်ပွဲတွေဝင်မပြိုင်တော့ပါဘူး၊ ဒီပြိုင်ပွဲက သမီးအတွက် သမိုင်းမှတ်တိုင်တစ်ခုပါ၊ ဒီပြိုင်ပွဲပြီးသွားရင် နောက်ပိုင်းမှာ အနုပညာလုပ်ငန်းတွေ ဆက်လုပ်သွားမှာပါ၊ သမီးရဲ့ ပရိသတ်ကြီးနဲ့ ဆက်လက်ထိတွေ့သွားမှာပါ၊ အခု ဒီပြိုင်ပွဲကြီးက နိုင်ငံတော်အဆင့် ကျင်းပတဲ့ပွဲကြီးဖြစ်ပါတယ်၊ ပြီးတော့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နေတဲ့ ဒီလိုပွဲကြီးမှာ အနုပညာအားနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်၊ သမီးကို ချစ်ခင်ပြီး အားပေးခဲ့ကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်၊ ပရိသတ်ကြီးရဲ့ကျေးဇူးကြောင့် ဒီလိုနေရာထိ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်၊ သမီးကို ဆက်လက်အားပေးကြပါလို့ ပြောချင်ပါတယ်။

**ကြူကြူခိုင် (ဒုတိယ)**

ဒီဆုက မကြူအတွက် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်လိုက်ပြီလို့ ယုံကြည်ပါတယ်၊ မကြူက မြန်မာသံစဉ်တွေကို ချစ်မြတ်နိုးလို့ ထိန်းသိမ်းထားတာဖြစ်ပါတယ်၊ မကြူဘဝ (၁၁)နှစ်သမီးကတည်းက ဆိုခဲ့တဲ့ မြန်မာသံစဉ်လေးတွေကို မြတ်နိုးတယ်၊ ဒါကြောင့် မကြူရဲ့ မြန်မာသံစဉ်လေးတွေကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားခဲ့တာပါ၊ ပြိုင်ပွဲကြီး ပြီးသွားရင်တော့ မကြူခွေလေးတစ်ခွေထုတ်ပြီး မကြူချစ်တဲ့ မြန်မာသံစဉ်လေးတွေကို ဆက်လက်ထိန်းသိမ်းသွားမယ်လို့ မျှော်လင့်ထားပါတယ်၊ အခုလို မကြူရပ်တည်နေနိုင်တာဟာ မကြူရဲ့ ပရိသတ်ကြီးက တာဝန်ကျေခဲ့တာကြောင့်ပါ၊ အလွန်လည်း ဂုဏ်ယူမိပါတယ်၊ မကြူဆက်ပြီးတော့ ကြိုးစားသွားမယ်လို့ ပရိသတ်ကြီးကို ကတိပေးပါတယ်။

**ဖြူလှ (တတိယ)**

ကျွန်တော် ပွဲကြီးတွေမှာ တစ်ခါမှ ဆုမရဖူးပါဘူး၊ အခု Grand Final အထိ ပါလာတယ်၊ ပြီးတော့ အခုလို ဆုရရှိခဲ့တဲ့အတွက် ကျွန်တော် အလွန်ကိုပျော်ပါတယ်၊ ကျွန်တော် အနုပညာအလုပ်တွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ၊ ကျွန်တော် အသက်ရှင်နေသရွေ့ ဒီသီချင်းတွေကို သီဆိုသွားမှာပါ၊ အခုလို မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြုလုပ်တဲ့ ဒီငြိမ်းချမ်းရေးဂီတပွဲတော်မှာ ကျွန်တော် ရခိုင်တိုင်းရင်းသားတစ်ဦးအနေနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတဲ့အတွက်၊ ကိုယ့်ရခိုင်ဒေသအတွက် ဂုဏ်ယူပါတယ်။

**Sa Paung (စတုတ္ထ)**

ကျွန်တော် ဒီဆုကိုရခဲ့တဲ့အတွက် ကျွန်တော်ရဲ့ ရည်မှန်းချက်တွေ အထမြောက်မယ်လို့ မြင်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာမှာ ရည်ရွယ်ချက်ရှိပါတယ်၊ ကျွန်တော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စိတ်ဝင်စားတယ်၊ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရချင်လို့ ဝင်ပြိုင်ခဲ့တာ ဖြစ်ပါတယ်၊ ဒီငြိမ်းချမ်းရေးဂီတပွဲတော်မှာ ယှဉ်ပြိုင်လိုက်ခြင်းအားဖြင့် ကျွန်တော့်ရဲ့ ကျောင်းဆရာအလုပ်ပေါ်မှာ အထောက်အကူ အများကြီးရလာမယ်လို့ မြင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် စာသင်တဲ့နေရာက မဖွံ့ဖြိုးသေးတဲ့ နေရာဖြစ်တယ်၊ တကယ်ကို ခေါင်တယ်၊ မြို့ပြလူနေမှုနဲ့ အလှမ်းဝေးတဲ့ နေရာတစ်ခုဖြစ်တယ်၊ အဲဒီနေရာမှာ ရှိနေတဲ့သူတွေကို လူနေမှုမြင့်မားလာအောင် ကျွန်တော် ဘယ်လိုလုပ်ပေးနိုင်မလဲ။

ပြီးတော့ ကျွန်တော်က ရိုးရိုးသာမန်ကျောင်းဆရာတစ်ယောက်အနေနဲ့ဆိုရင် ရိုးရိုးလိုပဲ ဖြစ်သွားမယ်၊ အကယ်၍ ဒီပြိုင်ပွဲမှာ ဝင်ပြိုင်လိုက်ခြင်းက ကျွန်တော် လုပ်ချင်တဲ့ ရည်ရွယ်ချက်တွေကို အခြားသူတွေက ပါဝင်ပြီးတော့ ဖြည့်ဆည်းပေးနိုင်မယ့် အခွင့်အရေးတွေ ရရှိလာနိုင်မှာဖြစ်တယ်။

ဒုတိယတစ်ချက်က ကျွန်တော့်ပြည်နယ်က အမြဲစစ်ဖြစ်နေတယ်၊ စစ်ဘေးရှောင်စခန်းတွေ ကျွန်တော်သွားတဲ့အခါမှာ အမြဲကရုဏာသက်မိတယ်၊ မငြိမ်းချမ်းသေးတဲ့သူတွေအတွက် ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ၊ ဒါကြောင့် အခု ဒီပြိုင်ပွဲက ရလာတဲ့ငွေကြေးတွေကို သူတို့အတွက်ရော ပညာရေးအတွက်ပါ အများကြီးလုပ်ပေးနိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ နောက်ပိုင်းမှာလည်း ကျွန်တော် ကျောင်းဆရာတစ်ယောက်ပဲ ဆက်လုပ်သွားမှာပါ၊ တိုက်ဆိုင်ရင်တော့ ကျွန်တော် သီချင်းတွေ ဆိုသွားပါမယ်။

အခုလို အကြီးအကဲတွေကနေ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုရရှိဖို့ အကောင်အထည်ဖော်နေတဲ့အချိန်မှာ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အခုလို တစ်ထောင့်တစ်နေရာ မြူမှုန်တစ်မှုန်မျှ ပါဝင်ခွင့်ရတာဟာ ကျွန်တော့်အတွက် အများကြီးဂုဏ်ယူမိတယ်၊ ကျွန်တော့်ကို အနယ်အနယ်အရပ်ရပ်ကနေ အားပေးတဲ့ ပရိသတ်ကြီးကို ကျေးဇူးအများကြီး တင်ပါတယ်၊ ကျွန်တော်တို့ကို အားပေးတဲ့ ပရိသတ်ကြီးရဲ့ရင်ထဲမှာ ဒီနေ့ကျင်းပတဲ့ ငြိမ်းချမ်းရေးခေါင်းစဉ်လိုပဲ ကိုယ်စိတ်နှလုံး ငြိမ်းချမ်းပြီး ထာဝစဉ်ပျော်ရွှင်တဲ့ဘဝကြီး ရရှိပါစေ၊ ကျွန်တော်တို့ မြန်မာနိုင်ငံကြီးဟာလည်း ပြည်တွင်းစစ်တွေ ရပ်တန့်ပြီးတော့ ပြည်နယ်တိုင်း ပြည်နယ်တိုင်းမှာ ချိုးဖြူငှက်တွေ ပျံသန်းနိုင်ပါစေ။

**တွေ့ဆုံမေးမြန်း- ခင်ဇာလီ**

**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**




ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိသူများကို တွေ့ရစဉ်။



မေသူကျော်




ကြူကြူခိုင်




ဖြူလှ



Sa Paung

# ရခိုင်ပြည်နယ်သတင်း

## ရိုတ်သိမ်းပြီး စပါးများ စခန်းသိမ်းလွှဲပြောင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မောင်တော ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မောင်တော-အင့်ဒင်မော်လမ်း တစ်လျှောက်ရှိ ရိတ်သိမ်းခြွေလှေ့ရေးစခန်းများသို့ သွားရောက်ကာ ရိတ်သိမ်းပြီးစပါးများ ဝယ်ယူထားသူများထံ အမြန်ဆုံး စခန်းသိမ်းလွှဲပြောင်းပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် ချိန်ခါလီကျေးရွာအနီး စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းပြီး စပါးများကို ဝယ်ယူထားသည့်ကုမ္ပဏီက မော်တော်ယာဉ်ဖြင့် တင်ပို့ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဝန်ချောင်းကျေးရွာ၊ ကျောင်းတောင်ကျေးရွာ၊ ကျောက်ပန္နူကျေးရွာနှင့် အလယ်သံကျော် ကျေးရွာတို့ရှိ ရိတ်သိမ်းပြီးစပါးများ အိတ်သွတ်နေမှုနှင့် ယာဉ်ဖြင့် တင်ပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး စပါးများဝယ်ယူသူများထံ အမြန်ဆုံး လွှဲပြောင်းပေးရန် တိုက်တွန်းမှာကြားသည်။

မောင်တောခရိုင်အတွင်း နေရပ်စွန့်ခွာသူများ၏ မိုးစပါးများကို စက်မှုလယ်ယာဦးစီးဌာနက စက်ကြီးများဖြင့် ရိတ်သိမ်းပေးပြီး စိုက်ပျိုးရေးဦးစီးဌာနက အိတ်သွတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးကာ ဝယ်ယူသည့် ရခိုင်ဆန်စပါး ကုမ္ပဏီသို့ လွှဲပြောင်းနေခြင်းဖြစ်ပြီး ယခုအခါ စပါးတင်း ၅၀၀၀၀ ကျော် ရောင်းချထားပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းဒင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ၊ရေလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**





**ရခိုင်ပြည်နယ် စစ်တွေမြို့ ဆတ်ရိုးကျမြို့သစ် အကွက်(၁) ကယ်ဆယ်ရေး ဓမ္မာရုံတော်၌ ကိန်းဝပ်မည့် မဟာမုနိရုပ်ပွားတော် သုံးဆူမှာ ဓမ္မာရုံခေါင်မိုးလိုအပ်နေသည့်အတွက်ကြောင့် ယနေ့ မွန်းလွဲပိုင်းမှ စတင်ကာ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ပင့်ဆောင်၍ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၌ မော်တော်ယာဉ်များဖြင့် လှည့်လည်ပြီး စေတနာရှင် အလှူရှင်များထံမှ အလှူငွေ ကောက်ခံနေကြစဉ်။** ဝင်းမင်းစိုး(ပြန်/ဆက်)

**✻ ရွှေဖုံးမှ**

နောက်ပိုင်းတွင် ၉ နာရီအထိ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုဖြစ်စဉ် နောက်ပိုင်းတွင် ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ တစ်နေ့လျှင် ၁၂ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိနေပြီဖြစ်သည်။ မြို့ပေါ်ရပ်ကွက်မဟုတ်သည့် နတလ ကျေးရွာများနှင့် အခြားတိုင်းရင်းသားကျေးရွာ ၃၃ ရွာကို တစ်နေ့လျှင် နှစ်နာရီနှုန်းဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ဒေသများအား လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ "၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေစပြီး တင်ဒါခေါ်ခဲ့ပါတယ်၊ မောင်တောမြို့နယ်မှာဆိုရင် ကျေးရွာပေါင်း ၁၅ ရွာနဲ့ ဘူးသီးတောင်မြို့နယ်ထဲမှာဆိုရင် ကျေးရွာပေါင်း ၁၁ ရွာ စုစုပေါင်း ၂၆ ရွာကို မဟာဓာတ်အား စနစ်က လျှပ်စစ်ဓာတ်အားရရှိတာနဲ့ တစ်ပြိုင်နက် လျှပ်စစ်မီးပေးနိုင်အောင် ဆောင်ရွက်နေပါတယ်၊ အခု လုပ်ငန်းတွေက စနေပါပြီ"ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးက ပြောသည်။ မောင်တောမြို့၌ လက်ရှိမီးပေးရာတွင် တစ်ရက်လျှင် ဒီဇယ်ဆီဂါလန် ၄၀၀ ကျော် ကုန်ကျပြီး ဝယ်ယူမှုအပိုင်းတွင် ဌာနမှ သတ်မှတ်ပေးသည့် ဈေးနှုန်းအတိုင်း ဝယ်ယူရကြောင်း သိရသည်။

မောင်တောခရိုင်တစ်ခုလုံး မီးလင်းရန် ဓာတ်အား စနစ်ရရှိရေးအတွက် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ၆၆ ကေဗွီအေ ဓာတ်အားလိုင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လာမည့် ၂၀၁၈ ခုနှစ် မတ်လတွင် ရသေ့တောင်မြို့၌ လျှပ်စစ်မီး ရရှိမည်ဖြစ်ပြီး ဘူးသီးတောင်မြို့တွင် ဇွန်လကုန်၊ မောင်တောမြို့တွင် ဒီဇင်ဘာလအမီ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နေဝင်းထွန်း၊ ဟန်လင်းနိုင်**

**○ မြန်မာနိုင်ငံမှ**

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် လအလိုက် နိုင်ငံခြားသားဗီဇာဖြင့် ဝင်ရောက်မှုအခြေအနေ နှိုင်းယှဉ်ချက်မှာ-

| စဉ် | လအမည် | ၂၀၁၆ ခုနှစ်၊ | | ၂၀၁၇ ခုနှစ်၊ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ဧပြီလ | ၂၉၃၇၄ | ၁၈၁၀၉ | ၃၄၃၆၇ | ၁၉၆၀၅ | |
| ၂ | မေလ | ၂၉၀၆၇ | ၂၀၅၄၇ | ၂၈၄၄၆ | ၂၀၅၁၈ | |
| ၃ | ဇွန်လ | ၂၇၅၄၁ | ၁၇၅၅၄ | ၂၆၅၆၅ | ၁၈၀၃၄ | |
| ၄ | ဇူလိုင်လ | ၃၃၄၅၄ | ၂၀၂၃၇ | ၃၃၄၉၈ | ၂၀၆၃၄ | |
| ၅ | ဩဂုတ်လ | ၃၁၄၃၈ | ၁၈၆၉၈ | ၃၄၆၀၄ | ၁၈၉၂၂ | |
| ၆ | စက်တင်ဘာလ | ၃၂၆၄၄ | ၁၉၉၅၀ | ၃၀၆၉၃ | ၁၉၂၈၃ | |
| ၇ | အောက်တိုဘာလ | ၄၈၇၂၈ | ၂၁၉၃၅ | ၄၆၆၉၃ | ၂၁၂၅၃ | |
| ၈ | နိုဝင်ဘာလ | ၆၅၄၃၀ | ၂၂၀၆၄ | ၆၃၅၂၉ | ၂၁၈၂၈ | |
| | စုစုပေါင်း | ၂၉၇၆၇၆ | ၁၅၉၀၉၄ | ၂၉၈၃၉၅ | ၁၆၀၀၇၇ | |

**ညီညီသန်း(နေပြည်တော်)**

## ဘူးသီးတောင်မြို့၌ စာပေဟောပြောပွဲအခမ်းအနား ကျင်းပ

**မောင်တော ဒီဇင်ဘာ ၁၀**




ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မြွတ်ဆရာပရဟိတ အသင်းမှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသည်။

"ကျောင်းသား ကျောင်းသူတွေအတွက် ဗဟုသုတရအောင် ပြုလုပ်ရခြင်းဖြစ်ပါတယ်၊ ကျွန်တော်က 'စိတ်၏အာဟာရ' ခေါင်းစဉ်နဲ့ ဟောခဲ့ပါတယ်၊ အဓိက ကတော့ လူငယ်တွေကို စာဖတ်ကြအောင်၊ ဗဟုသုတရအောင်အတွက် အဲဒီခေါင်းစဉ်နဲ့ ဟောပြောရခြင်းဖြစ်ပါတယ်၊ ပညာရှိတွေရဲ့ လျှောက်ထုံးတွေကို ဟောပြောခဲ့ပါတယ်" ဟု စာပေဟောပြောပွဲတွင် ပါဝင်ဟောပြောခဲ့သူ စာရေးဆရာ ဗဂျီးကျော်က ပြောသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဗဂျီးကျော်(စစ်တွေ)၊ ဆရာဝေဟင်အောင်၊ ဆရာသားလှ (ရသေ့တောင်)တို့က ဟောပြောခဲ့ပြီး ဘူးသီးတောင်မြို့ပေါ်မှ စာပေစိတ်ဝင်စားသူ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

"အဓိက ပြောသွားတာကတော့ လူငယ်တွေ စာဖတ်ကြဖို့ အကြောင်းအရာတွေကို ပုံပြင်တွေနဲ့ ရောပြီး ပြောသွားပါတယ်၊ စာပေဟောပြောပွဲလုပ်တော့ ကိုယ်မသိတာတွေ သိရတယ်၊ စာရေးဆရာတွေရဲ့ အသိအမြင်တွေကို ဝေမျှနားထောင်ခွင့်ရခဲ့ပါတယ်၊ ကျောင်းသားလူငယ်တွေကိုလည်း အသိပညာပေးပြီးသား ဖြစ်သွားတယ်၊ ကျောင်းတွေမှာ စာပေဟောပြောပွဲ များများလုပ်ပေးစေချင်ပါတယ်" ဟု စာပေဟောပြောပွဲသို့ တက်ရောက်သူ ဘူးသီးတောင်မြို့မှ ဆရာမ အေးအေးမြတ်က ပြောသည်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

**❖ မြန်မာ့ရိုးရာမှ**

ကော်တန်ယာလွန်မှာ ဘယ်၊ ညာမျက်ခုံးများကွဲကာ ဆရာဝန်မှ ဆက်လက် ထိုးနိုင်ခြင်းရှိ၊ မရှိ နှစ်ကြိမ်တိုင်တိုင် ကြည့်ရှုခဲ့ရသည်။ ပွဲစဉ်တစ်လျှောက် ဒေဝမှ အသာစီးရ ထိုးသတ်နိုင်ခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ပြီးဆုံးသွားသည်။

စောမင်းအောင်(မြန်မာ)နှင့် တိုခဲရှိ(ဂျပန်)တို့ ပွဲစဉ်တွင် စောမင်းအောင်၏ ဘယ်၊ ညာလက်သီးတွဲလုံးများနှင့် ခြေကန်ချက်များကြောင့် ပထမအချီ ၅၆ စက္ကန့်တွင် တိုခဲရှီ အနားတောင်းခဲ့ရပြီး ဒုတိယအချီ ၂ မိနစ်နှင့် ၂၃ စက္ကန့်တွင် တိုခဲရှီ၏ ပတ်တံတောင် ရိုက်ချက်ကြောင့် စောမင်းအောင်မှာ အနားတောင်းခဲ့ရသည်။ ယင်းပွဲစဉ်မှာလည်း သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ထက်အောင်ဦး(မြန်မာ)နှင့် ဒိုင်ခိခနဲကို(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီ ၃၃ စက္ကန့်တွင် ဒိုင်ခိခနဲကို၏ ဘယ်ဝိုက်လက်သီးချက်ကြောင့် ထက်အောင်ဦး ပါးချောင်ထိကာ အနားတောင်းခဲ့ရပြီး ၁ မိနစ်နှင့် ၈ စက္ကန့်တွင် ထက်အောင်ဦး၏ ဝမ်းဗိုက်အား ထပ်မံအထိုးခံရခြင်းကြောင့် ဒိုင်ခိခနဲကိုမှ အလဲထိုးအနိုင်ရရှိခဲ့သည်။

အောင်ပိုင်(မြန်မာ)နှင့် အိ(ဖ်)(စ်)(ပြင်သစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီမှာပင် အိ(ဖ်)(စ်)မှာ အမှတ်စဉ် နှစ်ခါ ရေတွက်ခံရကာ တစ်ခါ အနားတောင်းခဲ့ရပြီး အရှုံးပေးလိုက်ရသည်။ လမ်းမယူ(ရာမညအားမာန်)နှင့် စောဒါဝိတ်(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် နှစ်ဦးလုံး တိုက်စစ်ဖွင့်ကစားခဲ့ရာ လေးချီမြောက်တွင် လမ်းမယူမှာ သက်လုံကြောင့် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်နိုင်းခြင်းမရှိဘဲ အရှုံးပေးလိုက်ရသည်။

အမျိုးသမီး အထူးစိန်ခေါ်ပွဲအဖြစ် ရွှေကိုလေး(ပဲခူး)နှင့် လင်းယုန်မေ (လင်းယုန်ကလပ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ နှစ်ဦးစလုံး တိုက်စစ်ဖွင့်၍ ရေကုန် ရေခန်း ယှဉ်ပြိုင်ထိုးသတ်သော်လည်း သရေပွဲဖြင့်သာ အဆုံးသတ်ခဲ့သည်။

**သတင်း - ဇာနည်မောင်၊ ဓာတ်ပုံ - အေးမင်းသူ**

# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကိုယ်စားလှယ်များ အင်ဒိုနီးရှားသို့ လေ့လာရေးခရီး ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာလမ်းပြမြေပုံတစ်ရပ် ရေးဆွဲချမှတ်ကာ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးရည်ရွယ်ပြီး အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းစီစဉ်သည့် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်



အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ အဆိုပါခရီးစဉ်သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း**

# ဒေါပုံမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ပြည်သူတစ်ထောင်ကျော် ဆန္ဒမဲပေး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်တွင် ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ရာ



တွင် မဲပေးခွင့်ရရှိသည့်ပုံစံ ၆၆/၆ သန်းခေါင်စာရင်း ပိုင်ဆိုင်သည့် အိမ်ထောင်စု ၁၄၈၇ စုရှိသည့်အနက် လာရောက်မဲပေးသူ ၁၁၀၉ ဦးရှိကြောင်း သိရသည်။

"ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးချယ်တဲ့အခါမှာ အရင်စနစ်ဟောင်းကို ပယ်ပြီးတော့ စနစ်သစ်အနေအထားနဲ့ ပြည်ထောင်စုတတိယမဏ္ဍိုင် ၃၁ ချက်နဲ့အညီ ရွေးချယ်တာပါ၊ အရင်လို ရာအိမ်မှူးတွေကနေ အုပ်ချုပ်ရေးမှူးကို ရွေးတာမဟုတ်တော့ဘူး၊ ရပ်ကွက်နေပြည်သူတွေကိုယ်တိုင် ရွေးချယ်ရတာ၊ ဒီရွေးချယ်ပွဲက ပွင့်လင်းမြင်သာမှု ထင်သာမြင်သာရှိတယ်ဆိုတော့ ပြည်သူတွေလည်း တက်တက်ကြွကြွနဲ့ လာရောက်မဲပေးတာကို တွေ့ရပါတယ်၊ ယှဉ်ပြိုင်ခြင်းက အဓိကပါပဲ၊ အားလုံးပူးပေါင်းလုပ်ဆောင်သွားမှာပါ"ဟု အုပ်ချုပ်ရေးမှူး ဝင်ရောက်ရွေးချယ်ခံသည့် ဦးနိုင်အောင်ဆန်းက ပြောသည်။

နွယ်အေးရပ်ကွက်တွင် အုပ်စု ၁၆ အုပ်စုရှိပြီး ဆယ်အိမ်မှူးမှ ရာအိမ်မှူး ၁၅ ဦးအား ရွေးချယ်ခန့်ထားရာ ယင်းရာအိမ်မှူးများထဲမှ အုပ်ချုပ်ရေးမှူးနေရာသို့ ဝင်ရောက်ယှဉ်ပြိုင်သူ နှစ်ဦးသာရှိကြောင်း သိရသည်။

ယနေ့အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲတွင် လက်ရှိအုပ်ချုပ်ရေးမှူး ဦးသန်းစိုးမှာ ပြန်လည်ရွေးချယ်ခြင်းခံရကြောင်း ဦးနိုင်အောင်ဆန်းက ပြောသည်။

**ဇာနည်မောင်**

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ၂၀၁၇ ခုနှစ် ရန်ကုန်မြောက်ပိုင်းခရိုင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းတို့ကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ကေသွယ်စိုး (ဒုတိယညွှန်ကြားရေးမှူး)က အဖွင့်အမှာစကားပြောကြား၍ ခုခံအားကျ ကာလသား အဖွဲ့ခေါင်းဆောင် ဒေါက်တာရဲပိုင်က HIV/AIDS ကာကွယ်ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း အဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ခရိုင်အဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမ၊ ဒုတိယ ရရှိကြသည့် မှော်ဘီ၊ လှည်းကူးမြို့နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဝန်ထမ်းအမျိုးသမီးနှစ်ဦးနှင့် HIV/AIDS ရောဂါဝေဒနာရှင်များကို စွမ်းစွမ်းတမံ ထူးချွန်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည့် ရွှေပြည်သာမြို့နယ်မှ သူနာပြုဆရာမတို့အား တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ကြေးမုံ**

# တောင်ပေါ်ဒေသလမ်းပိုင်း ကျောက်လမ်းခင်းပြုပြင်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စုရှိ ရွာသစ်ကုန်းကျေးရွာနှင့် အ. ဆ. ရ(၂) တောင်ပေါ်ဒေသလမ်းပိုင်း (ကျောက်ခင်းလမ်း) ကိုယ်ထူကိုယ်ထပြုပြင်ခြင်းကို ပြီးခဲ့သည့်သီတင်းပတ်က ပြုလုပ်ခဲ့ရာ ယနေ့တွင် ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းသည် အကျယ် ၁၂ ပေ၊ အရှည် ငါးမိုင်၊ လေးဖာလုံခန့်ရှိပြီး တောင်ပေါ်ဒေသမှ မြေပြန့်ဒေသသို့ ဒေသထွက်သီးနှံများ တင်ပို့ရောင်းချရာတွင် အထောက်အကူပြုသည့်အပြင် ဒေသခံများ၏ လူမှုစီးပွားဘဝအတွက်လည်း အရေးပါလျက်ရှိသည်။

"ပြီးခဲ့တဲ့ မိုးတွင်းကာလက လမ်းခင်းကျောက်တွေ မိုးရေနဲ့အတူ မျောပါသွားတဲ့အတွက် လမ်းတွေပျက်စီးသွားပြီး ဒေသခံတွေ အခက်ကြုံခဲ့ပါတယ်၊ အခုပွင့်လင်း ရာသီရောက်လာတဲ့အတွက် ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီး ရွာသူ ရွာသား တွေနဲ့အတူ အခုလမ်းပိုင်းကို ငွေကြေးရော၊ လုပ်အားရော စိုက်ထုတ်ပြီး ပြုပြင်ခဲ့တာပါ၊ သိန်း ၂၀ လောက်ကုန်ခဲ့ပါတယ်၊ ဒါပေမဲ့ နောင်နှစ်မိုးတွင်းကာလရောက်ရင် လမ်းကပျက်စီးပြီး ဒေသခံတွေ အခက်ကြုံရမှာတော့ အမှန်ပါပဲ၊ အဲဒါကြောင့် တောင်ပေါ်ဒေသခံတွေ အားကိုးအားထားပြုနေရတဲ့ ဒီလမ်းပိုင်းကို ကွန်ကရစ်လမ်းဖြစ်အောင် လုပ်ဆောင်သွားမယ်လို့ ရည်မှန်း



ထားတာတော့ရှိပါတယ်၊ ဖြည်းဖြည်းချင်းတော့ ဖြစ်လာမှာပါ"ဟု ရွာသစ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

အဆိုပါကျေးရွာသည် အိမ်ထောင်စု ၁၄၃ စု၊ လူဦးရေ ၅၆၅ ဦးခန့်ရှိပြီး အဓိကအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တောင်ယာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ကိုမင်း**

# တိုက်ကြီး - ဥက္ကံဘက်မှ ရန်ကုန်မြို့တွင်းသို့ လာရောက်သော ခရီးသည်များ ယာဉ်လိုင်းအခက်အခဲ ဖြစ်ပေါ်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီး-ဥက္ကံဘက်မှ ရန်ကုန်မြို့တွင်းသို့ လာရောက်သော ခရီးသည်များအနေဖြင့် ယာဉ်လိုင်းအဆင့်ဆင့် ပြောင်းစီးနေရပြီး အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်က ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တင်ပြဆွေးနွေးသွားချက်အရ သိရသည်။

တိုက်ကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်က တိုက်ကြီးမြို့မှ ပြေးဆွဲနေသော ယခင် ၅၅ ယာဉ်လိုင်း၊ ယခု ၉၀ ယာဉ်လိုင်းမှာ ၃၇ ယာဉ်လိုင်းနှင့် ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့၍ တိုက်ကြီးမြို့မှပြေးဆွဲသော ယာဉ်လိုင်းကို ပြည်လမ်းပေါ် ပြေးဆွဲခွင့်မပြုသည့်ကိစ္စအား တိုက်ကြီး- ဥက္ကံ-အဖျောက်မှပြေးဆွဲသော ယာဉ်များကို ပြည်လမ်းမှ မော်တင်အထိ ပြေးဆွဲခွင့်ရှိ၊ မရှိ သိရှိလိုကြောင်း ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့တွင် ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက YBS ၅၅ ယာဉ်လိုင်းမှ ယာဉ်တစ်စီး တွိုက်ရော့ပြုတ်ကာ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော YBS ၃၇ ယာဉ်မှ ယာဉ်တစ်စီးကို တိုက်မိ၍ ခရီးသည် ၁၀ ဦးသေဆုံးကာ ၂၄ ဦး အတွင်းဒဏ်ရာများ ရရှိခဲ့ခြင်းအပြင် ပြင်ပလူနာ ၃၀ ရှိခဲ့ပြီး အဆိုပါယာဉ်လိုင်းအား ပိတ်သိမ်းကာ ယာဉ်လိုင်း ၅၅ နေရာတွင် ယာဉ်လိုင်း ၉၀ အဖြစ် ပြောင်းလဲပြေးဆွဲစေခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယာဉ်လိုင်းသည် ယခင်က ရန်ကုန်မြို့တွင်းအထိ ပြေးဆွဲနေခြင်းဖြစ်သော်လည်း ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ပြီးနောက်တွင် ပြေးဆွဲခွင့်မရှိတော့သည့်အတွက် တိုက်ကြီး-ဥက္ကံဘက်မှ ခရီးသည်များအနေဖြင့် ထောက်ကြန့်တွင် YBS ၃၇ ယာဉ်လိုင်းကို ပြန်ပြောင်းစီးနေရကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်က "ကျွန်တော်တို့ ထန်းတပင်မြို့နယ်ကနေ မြို့ထဲကို တိုက်ရိုက်ရောက်ပါတယ်၊ လှည်းကူးကနေလည်း တိုက်ရိုက်ရှိပါတယ်၊ မှော်ဘီကလည်း တိုက်ရိုက်ရှိပါတယ်၊ တိုက်ကြီးမြို့နယ် တစ်မြို့နယ်တည်းသာလျှင် ပြည်လမ်းကို ပြေးဆွဲခွင့်မရှိဘူးဆိုတာ မဲဆန္ဒရှင်ပြည်သူတွေကို ဘယ်လိုပြန်ပြောရမှန်း မသိပါဘူး၊ တိုက်ကြီး- ဥက္ကံ-အဖျောက်ဘက်က ခရီးသည်တွေဟာ ထောက်ကြန့်ကနေ YBS ၃၇ ကို တစ်ဆင့်စီးနေရပါတယ်၊ နှစ်ဆင့်သွားရပါတယ်၊ ခရီးသွားပြည်သူတွေ အဆင်မပြေပါဘူး" ဟု လွှတ်တော်သို့ တင်ပြသွားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

တိုက်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားပေးခဲ့ပြီး လက်ရှိတွင် ယာဉ်လိုင်းအသစ် ထပ်မံဖြည့်စွက်ရန် မရှိသော်လည်း လက်ရှိယာဉ်လိုင်းကို အဆင့်မြှင့်တင်သွားရန်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရန်အတွက် ကျောင်းကားကို YRTA ၏ ဝင်ရောက်ထောက်ပံ့မှုဖြင့် ပြေးဆွဲပေးရန် အစီအစဉ်ရှိကြောင်း၊ အဆိုပါယာဉ်လိုင်းမှ ယာဉ်များအနေဖြင့် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်ပြေးဆွဲရန် သတ်မှတ်ထားသော ယာဉ်အဆင့်အတန်းနှင့် ညီညွတ်ပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသွားခဲ့သည်။

YBS ၃၇ ယာဉ်လိုင်းသည် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့၏ ထည့်ဝင်ငွေဖြင့် Public – Private- Partnership (PPP) စနစ်ဖြင့် Yangon Bus Public Company Ltd. အဖြစ် ထူထောင်ကာ ရန်ကုန်မြို့ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျန်တစ်ဦးတစ်ယောက်ချင်းပိုင်ယာဉ်များ၊ အဖွဲ့အစည်းနှင့် အစုအဖွဲ့ယာဉ်များကို စုပေါင်းကာ ပြေးဆွဲနေသော ယာဉ်လိုင်းများအနေဖြင့် အများပိုင်ကုမ္ပဏီအဆင့်ဖြစ်အောင် ကြိုးစားရုန်းကန်နေရဆဲ အနေအထားဖြစ်ကြောင်း ပုဂ္ဂလိကယာဉ်လိုင်းကုမ္ပဏီများထံမှ သိရသည်။ **၀၀၁**

# (၁၆)ကြိမ်မြောက် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ကျင်းပမည်

**မူဆယ် ဒီဇင်ဘာ ၁၀**

တရုတ်-မြန်မာနယ်စပ်တွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲတွင် ပြည်တွင်းမှ လုပ်ငန်းရှင်များကို ပါဝင်ပြသနိုင်စေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖိတ်ခေါ်ထားသည်။

အဆိုပါကုန်စည်ပြပွဲကို မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မူဆယ်-ရွှေလီ နယ်စပ်တွင် နှစ်စဉ်တစ်နိုင်ငံစီ အလှည့်ကျ ကျင်းပနေခြင်းဖြစ်ပြီး ယခုနှစ်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ရွှေလီမြို့ ကျောက်မျက်ဈေးတွင် ကျင်းပသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုတွင် အဓိက အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်နေပြီး ပြည်တွင်းထွက်လယ်ယာနှင့် သတ္တုတွင်းထွက်အများစုကို တင်ပို့ရောင်းချလျက်ရှိနေသည်။

ပြပွဲတွင် တရုတ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက်အရ မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၃၀ အခမဲ့ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ဒိုက်ဦးမြို့နယ်၌ တွဲကားယာဉ်တစ်စီး လမ်းဘေးသစ်ပင်အားတိုက်မိ၊ ယာဉ်ပေါ်ပါအမျိုးသားနှစ်ဦး သေဆုံး

**ဒိုက်ဦး ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အကြောင်ခင်တန်းကျေးရွာ တံတားအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၈၂/၂ နှင့် ၃ အကြား၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၄ နာရီခန့်က တွဲကားယာဉ်တစ်စီး လမ်းဘေးကုက္ကိုပင်အား ဝင်တိုက်မိကာ အခင်းဖြစ်နေရာတွင် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့မှ ဒိုက်ဦးမြို့သို့ ယာဉ်မောင်း အမည်၊ နေရပ်လိပ်စာ စုံစမ်းဆဲ အမျိုးသားတစ်ဦး မောင်းနှင်ပြီး ယာဉ်၏နောက်အိပ်ခန်းတွင် ကိုအေးကျော် လိုက်ပါလာသည့် ခေါင်းအဖြူရောင် (MAN ဥရောပ) အမျိုးအစား ၂၀ ဘီးတွဲကားယာဉ်သည် လမ်း၏ယာဘက်ဘေးရှိ ကုက္ကိုပင်အား ဝင်ရောက်တိုက်မိပြီး ယာဉ်ပေါ်ပါသူနှစ်ဦးစလုံးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

သို့ပါ၍ အမည်မသိ(စုံစမ်းဆဲ) ယာဉ်မောင်းအား ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**နေလင်း(ညောင်လေးပင်)**

# သီပေါမြို့နယ် ခိုလုံကျေးရွာအနီး ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

**သီပေါ ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ခိုလုံကျေးရွာအနီး မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် ၁၃၇/၆-၇ ကြားရှိ ဦးအိုက်ဦး၏ နေအိမ် နှစ်ထပ်တိုက်အနောက်တောင်ဘက် ပေ ၁၅၀ ခန့်အကွာ ငှက်ပျောပင်နှင့် ကျွန်းပင်ကြား၌ ယနေ့နံနက် ၁၁ နာရီခန့်က ဒေသန္တရ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အဆောက်အအုံ၊ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိဘဲ အဆိုပါဖြစ်ပွားရာသို့ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ ရောက်ရှိစစ်ဆေးခဲ့ကြသည်။ ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ သွားလာနိုင်ရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ အလားတူမိုင်းရှိနိုင်မည့် မသင်္ကာဖွယ်ရာနေရာများကိုလည်း တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ယနေ့ညနေပိုင်းအထိ ရှာဖွေရှင်းလင်းလျက်ရှိသည်။ အလားတူပင် ဒေသန္တရလက်လုပ်မိုင်း ပေါက်ကွဲမှုများကို နိုဝင်ဘာ ၂၇ ရက် ညပိုင်းက ကျောက်မဲမြို့ အမြောက်တပ်အနီးတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက် ညပိုင်းက သီပေါမြို့နယ် နမ့်အွန်ကျေးရွာရှိ ပြည်ထောင်စုလမ်းမကြီးဘေး သစ်တောဘိနယ်ရုံးအဆောက်အအုံအနီးတွင်လည်းကောင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# အင်းတော်မြို့ အကယ်ဒမီလင့်ဖုန်းဆိုင်တွင် ဖုန်းအလုံး ၃၀ ကျော် ဖောက်ထွင်းခံရ

**အင်းတော် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ မြကန်သာလမ်း စည်ပင်တိုက်တန်းမှ အကယ်ဒမီလင့်ဖုန်းဆိုင်တွင် ဒီဇင်ဘာ ၉ ရက် ညက ဖောက်ထွင်းခံရပြီး ဖုန်းအလုံး ၃၀ ကျော် တန်ဖိုးငွေကျပ် ၃၅ သိန်းကျော်ဖိုး ပါသွားကြောင်း သိရသည်။

"ကျွန်တော့်တပည့် မောင်ဟိန်းထက်ဦးက ဒီဇင်ဘာ ၁၀ ရက် မနက် ၇ နာရီခန့်က ဆိုင်ဖွင့်ဖို့လာစဉ် ဆိုင်ဖောက်ထွင်းထားတာတွေ့ရတဲ့အတွက် ကျွန်တော့်ကို ဖုန်းဆက်အကြောင်းကြားလို့ လာကြည့်တော့ ဆိုင်ခန်းတံခါးမကြီးမှာ ခတ်ထားတဲ့ သော့လေးလုံးကို မီးရှို့ဖျက်ဆီးပြီး ဖွင့်ယူသွားတာပါ။ ဆိုင်ခန်းထဲမှာ မှန်ဗီရိုလေးလုံးအနက် မှန်ဗီရိုသုံးလုံးအတွင်းက တံဆိပ်မျိုးစုံ ဖုန်း ၃၂ လုံး၊ တန်ဖိုး ၃၅၆၂၀၀၀ ကျပ်ဖိုး ပါသွားတာပါတယ်" ဟု ဦးအောင်လွင်ဦးက ပြောသည်။ ဆိုင်ဖောက်ထွင်းခံရမှုနှင့်ပတ်သက်ပြီး အင်းတော်မြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်ချစ်လင်း**



**လှိုင်မြို့နယ် အမှတ်(၂) ရပ်ကွက် ဓမ္မာရုံ၌ ဒီဇင်ဘာ ၉ ရက်က လှိုင်မြို့မရဲစခန်းမှူး ဒု-ရဲမှူး သိန်းဆွေမြင့်၊ ဝိတောက်ချောင်းနယ်မြေစခန်းမှူး ရဲအုပ်လှဝင်းတို့ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေး ဆွေးနွေးဟောပြောစဉ်။** ကြေးမုံ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ငွေကျပ် ခုနစ်သန်းဖိုးခန့်ရှိ ဆိုလာများ သယ်ဆောင်လာမှုအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် ဒီဇင်ဘာ ၉ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ဆိုလာ Ta Ta Eco Solar (1x10) (10) Pkgs၊ Energy Solar (1x5)(20)Pkgs ခန့်မှန်းတန်ဖိုး ငွေကျပ် ခုနစ်သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးစစ်ဆေးလျက်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်တားဆီးနိုင်ခဲ့မှု ငါးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၂၀ ဒသမ ၆၇၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၂ ဒသမ ၅၁၇ သန်းခန့်) စုစုပေါင်း တားဆီးနိုင်ခဲ့မှု ခုနစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၂၃ ဒသမ ၁၈၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဒီဇင်ဘာ ၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်

# တရားမဝင်သယ်ဆောင်လာသော ဆိုလာများ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ




ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၉၉၀၊ သွင်းကုန် ၉၇၈ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

# ဆီဘောက်ဆာယာဉ်အတွင်း သို့ဝှက်သယ်ဆောင်လာသော တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်က ဆီဘောက်ဆာ ယာဉ်တစ်စီးအတွင်း တရားမဝင်သစ်များ သို့ဝှက်သယ်ဆောင်လာမှုကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မူဆယ်မြို့သို့ သွားရောက်မည့် ခရီးသည်တင် ယာဉ်တစ်စီးနှင့် မိုင်တိုင် ၁၉၂/၇ ပန်ဖက်ကျေးရွာအနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသော Nissan ဆီဘောက်ဆာ တွဲယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ပိုင်းတွင် အံဝှက်ပြုလုပ်၍ လည်းကောင်း၊ ဆီဘောက်ဆာတွဲအတွင်း အံဝှက်ပြုလုပ်၍ လည်းကောင်း သို့ဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွှေသစ် ၁၂၈ တုံး (၈ ဒသမ ၀၂၃၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁၂၄ ဒသမ ဝ၆၉ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၅၆ ဒသမ ၂၃၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၁၀ ဒသမ ၉၈၂ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၈ မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၆၇ ဒသမ ၂၁၃ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၆ စီး၊ သွင်းကုန် ၁၀၄၉ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

# မြို့သစ်မြို့၌ ဆိုင်ကယ်တိမ်းမှောက်ပြီး အမျိုးသမီးတစ်ဦး ဆေးရုံရောက်

**မြို့သစ် ဒီဇင်ဘာ ၁၀**

မကွေးခရိုင် မြို့သစ်မြို့ နတ်မောက်-မြို့သစ်-တောင်တွင်း အဝေးပြေးလမ်းမပေါ်တွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်မောင်းနှင်လာရာမှ ကျောက်ပုံအား ဝင်တိုက်မိရာ မြို့သစ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ဖြစ်စဉ်မှာ နတ်မောက်-မြို့သစ်-တောင်တွင်းလမ်းမပေါ်တွင် ဆိုင်ကယ်မောင်းနှင်စီးနင်းလာသော ကွက်သစ်ရပ်ကွက်နေ မခင်သန်းဌေးမှာ အဆိုပါလမ်းအတိုင်း မောင်းလာစဉ် မျက်နှာချင်းဆိုင်မှ မောင်းလာသော ယာဉ်အားရှောင်ရာမှ လမ်းဘေးကျောက်ပုံအား ဝင်တိုက်မိခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့ရာ စိုးရိမ်ရသဖြင့် မြို့သစ်ဆေးရုံသို ပို့ဆောင်ခဲ့သည်။

ဆိုင်ကယ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ မခင်သန်းဌေးအား မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ပွဲတော်တွင်း ခြောက်ကောင်ဂျင် လောင်းကစားဝိုင်း ဖမ်းဆီးရမိ

**တိုက်ကြီး ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် လူသန့်အင်းရွာသွား ပုဂံလမ်းဘေးပွဲခင်းအတွင်းတွင် ကြည်ဝင်းနှင့် ရဲဇော်ထွန်းတို့နှစ်ဦးမှာ လျှပ်စစ်မီးလုံးများ ထွန်းလျက် သစ်သားစားပွဲခုံများခင်းကာ ဆင်၊ ကျား၊ ငါး၊ ပုစွန်၊ လိပ်၊ ကြက် ရုပ်ပုံပါ အဖြူရောင် အံစာတုံး သုံးတုံး၊ ပလတ်စတစ်အနီရောင်နှင့် အစိမ်းရောင်ခွက်နှစ်ခွက်၊ ဆင်၊ ကျားရုပ်စုံပါ ဗီနိုင်းတစ်ခု၊ အဖြူရောင် ပိတ်စနှစ်ခု၊ အနီရောင် ပလတ်စတစ်ခုံခုနစ်လုံး၊ လောင်းကစားငွေထည့်ရာတွင် အသုံးပြုသည့် ပလတ်စတစ်အပြာရောင်ခွက်တစ်လုံး၊ လောင်းကြေးငွေကျပ် ၅၉၅၀၀ တို့နှင့်အတူ လောင်းကစားပြုလုပ်နေသည်ကို တွေ့ရှိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်**



# နေမာကို ရီးယဲလ်မှ ခေါ်ယူမည်ဟူသော သတင်းများကြောင့် အဆန်စီယို၏ အနာဂတ်ကို လှုပ်ခတ်

ရီးယဲလ်မက်ဒရစ်အသင်းက ပီအက်စ်ဂျီတိုက်စစ်မှူး နေမာကို ခေါ်ယူမယ်ဆိုတဲ့သတင်းတွေကြောင့် ရီးယဲလ်ကြယ်ပွင့် အဆန်စီယိုရဲ့ အနာဂတ်ကိုပါ ရိုက်ခတ်လာခဲ့ပါတယ်။ ရီးယဲလ်က လာမယ့်နွေဈေးကွက်အတွင်း တိုက်စစ်မှူးနေမာကို ခေါ်ယူဖို့ ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်နဲ့ နေမာရဲ့ဖခင်တို့ ဆွေးနွေးမှုတွေ ပြုလုပ်တယ်ဆိုတဲ့သတင်းတွေဟာ ပြီးခဲ့တဲ့ အောက်တိုဘာလ လောက်ကတည်းက ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

အဆန်စီယိုဟာ နေမာနဲ့ ကစားတဲ့နေရာတူတာကြောင့် တကယ်လို့ နေမာသာ ရီးယဲလ်ကို ရောက်လာရင် အဆန်စီယိုကို ထုတ်ရောင်းမယ်ဆိုတဲ့ ယူဆချက်တွေက နောက်ဆက်တွဲအနေနဲ့ ထွက်လာတာဖြစ်ပါတယ်။ အဆန်စီယိုဟာ ပြီးခဲ့တဲ့ရာသီကမှစပြီး ထင်ရှားလာခဲ့ပေမယ့် သူ့ရဲ့တန်ကြေးကို ပေါင်သန်း ၁၅၀ လောက်အထိ ဈေးကွက်က သတ်မှတ်ထားသူဖြစ်ပါတယ်။ အဆန်စီယိုဟာ နေမာလိုပဲ သုံးယောက်တွဲတိုက်စစ်ရဲ့ ဘယ်တောင်ပံမှာ ကစားတာဖြစ်ပါတယ်။

နေမာဟာ ရီးယဲလ်ရဲ့ မဟာပြိုင်ဘက် ဘာစီလိုနာကနေ ပီအက်စ်ဂျီကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ နဲ့ ပြောင်းရွှေ့သွားခဲ့ပြီး ပြင်သစ်မြေမှာ မပျော်မရွှင်ဖြစ်နေတာကြောင့် ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုပြုနေပြီဆိုတဲ့သတင်းတွေ ထွက်လာခဲ့တာဖြစ်ပါတယ်။ နေမာနဲ့ ဘာစီလိုနာ တိုက်စစ်အတွဲမှာ ခြေစွမ်းပြခဲ့တဲ့ ဆွာရက်ဇ်ကတော့ နေမာဟာ ဘာစီလိုနာ အသင်းဖော်တွေနဲ့ ကလပ်အသင်းပေါ် ချစ်မြတ်နိုးစိတ်ရှိသူဖြစ်တာကြောင့် ရီးယဲလ်ကို ပြောင်းရွှေ့မှာ မဟုတ်ဘူးလို့ ပြောထားဖူးပါတယ်။

## ဒီဇင်ဘာ ၁၀ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၆** | | |
| ဆောက်သမ်တန် | ၁ - ၁ | အာဆင်နယ် |
| လီဗာပူး | ၁ - ၁ | အဲဗာတန် |
| **အီတလီစီးရီးအေ ပွဲစဉ် - ၁၆** | | |
| ဂျူဗင်တပ် | ၀ - ၀ | အင်တာ |
| နာပိုလီ | ၀ - ၀ | ဖီအိုရင်တီးနား |
| ချီယေဗို | ၀ - ၀ | ရိုးမား |
| အူဒီးနီးစ် | ၂ - ၀ | ဘီနီဗန်တို |
| SPAL | ၂ - ၂ | ဗီရိုနာ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၅** | | |
| ကိုလုံး | ၃ - ၄ | ဖရိုင်းဘတ် |
| ဟန်နိုဗာ | ၂ - ၀ | ဟော့ဖန်ဟိမ်း |
| **စပိန်လာလီဂါ ပွဲစဉ် - ၁၅** | | |
| ဆိုစီဒက် | ၀ - ၂ | မာလာဂါ |
| ဗလင်စီယာ | ၂ - ၁ | ဆဲလ်တာဗီဂို |

ခိုင်ဝင်း

## ပရီမီယာလိဂ်ချန်ပီယံပြိုင်ပွဲမှ ချယ်လ်ဆီး နုတ်ထွက်လိုက်ရပြီဟု ကွန်တီ ဝန်ခံ

ချယ်လ်ဆီးနည်းပြ ကွန်တီက ချယ်လ်ဆီး အနေဖြင့် ပရီမီယာလိဂ်ချန်ပီယံပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဟူသော အချက်ကို ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည့် ပွဲအပြီးတွင် ဝန်ခံလိုက်ပြီဖြစ်သည်။ ချယ်လ်ဆီးသည် ဒီဇင်ဘာ ၉ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ရာ ဇယားထိပ်မှ မန်စီးတီးထက် တစ်ပွဲပိုကစား ၁၁ မှတ်လျော့ အနေအထားသို့ ရောက်ရှိသွားခဲ့သည်။ ချယ်လ်ဆီးသည် ပြီးခဲ့သည့်ဘောလုံးရာသီက နိုင်ပွဲဆက်မှတ်တမ်းများဖြင့် အမှတ်ပေး ချန်ပီယံဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် ရလဒ်ပိုင်း ယိမ်းယိုင်လာခဲ့ခြင်းဖြစ်သည်။

ကွန်တီက ပွဲအပြီးတွင် “ဒီအရှုံးက ၁၆ ပွဲကစားပြီးချိန် လေးပွဲမြောက်အရှုံးပါ။ အချက်အလက်တွေကိုကြည့်ရင် ခင်ဗျား ချန်ပီယံ မဖြစ်တော့ဘူးဆိုတာ ဝန်ခံရတော့မယ်။ ဒါက ကျွန်တော့်အတွေ့အကြုံအရဆိုရင် မဖြစ်နိုင်တော့ပါဘူး” ဟု ပြောကြားခဲ့သည်။

## ဖာဂူဆန်ခေတ်လွန်ပြီးနောက် မန်ချက်စတာမြို့ကို မန်စီးတီးသာ နောက်ထပ် ဆယ်စုနှစ် တစ်ခုကြာ လွှမ်းမိုးနေဦးမည်ဟု ကွန်ပနီ ယုံကြည်

မန်စီးတီးနောက်ခံလူ ကွန်ပနီက မန်ချက်စတာမြို့၏ ပါဝါမှာ ဖာဂူဆန်ခေတ်လွန်ချိန်တွင် မန်စီးတီးအသင်းဘက်သို့ ရွှေ့လျားလာပြီး မန်စီးတီးသာ နောက်ထပ် ဆယ်စုနှစ်အထိ မန်ချက်စတာမြို့ကို လွှမ်းမိုးနေဦးမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ ကွန်ပနီက “ယခုအချိန်မှာ အကုန်လုံးက ပြောင်းလဲသွားပါပြီ။ ဒါကို လူတိုင်းမြင်ပါတယ်။ မန်စီးတီးကို ပိုင်ရှင်သစ်တွေ ရောက်လာပြီး သူတို့က အင်္ဂလန်ရဲ့ အကောင်းဆုံးကလပ်ဖြစ်ရမယ်လို့ရည်မှန်း လုပ်ဆောင်ခဲ့တယ်။ သိပ်မကြာခင်မှာပဲ ဖာဂူဆန် ကျောခိုင်းသွားတဲ့ ယူနိုက်တက်ကလည်း ကွက်လပ် အကြီးကြီးဖြစ်ပြီး ကျန်ခဲ့တယ်”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကွန်ပနီက မန်ယူမှာ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ပြီး ဖာဂူဆန်ချန်ခဲ့သော ကွက်လပ်ကို ဖြည့်ဆည်းနိုင်ရန် ကြိုးစားနေသော်လည်း နောက်ထပ် ဆယ်စုနှစ် တစ်ခုအကြာ အထိ မန်စီးတီး၏ အောင်မြင်မှုကသာ မန်ချက်စတာမြို့ကို ထုံလွှမ်းနေဦးမည်ဖြစ်ကြောင်း



ဆိုခဲ့ခြင်းဖြစ်သည်။ ကွန်ပနီသည် အဘူဒါဘီ ရေနံသူဌေးများ ဝယ်ယူခဲ့သည့် မန်စီးတီး၏ အပြောင်းအလဲတွင် အဓိကကစားသမား အဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး ဖာဂူဆန်၏ မန်ယူ အသင်းနှင့် ရင်ဆိုင်ကစားတိုင်း ဖာဂူဆန်၏ အစဉ်အလာကြီးမားသည့် အောင်မြင်မှုများ ကြောင့် လေးစားမိမြဲဖြစ်ကြောင်း ဆိုခဲ့သည်။

# စီရိုနယ်လ်ဒိုကို ခံရခက်စေမည့် ဆလီနက်စ်၏ မှတ်ချက်

ဘာစီလိုနာတိုက်စစ်မှူးဟောင်း ဆလီနက်စ်က မက်ဆီမှာ ကမ္ဘာ့အကောင်းဆုံး ကစားသမား ဖြစ်သည်ဟူသောမှတ်ချက်ကို တွစ်တာ စာမျက်နှာတွင် ရေးသားခဲ့ခြင်းဖြင့် ဘလွန်း ဒီအောဆု ပူပူနွေးနွေးဆုရှင် စီရိုနယ်လ်ဒိုကို အထိနာစေမည်ဖြစ်သည်။ ဆလီနက်စ်သည် ဘာစီလိုနာတွင် ၁၉၈၈ ခုနှစ်မှ ၁၉၉၄ ခုနှစ် အထိ ကစားခဲ့သူဖြစ်ပြီး မက်ဆီသာလျှင် ကမ္ဘာ့အကောင်းဆုံးကစားသမားဟု မှတ်ချက် ပြုခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုက ဒီဇင်ဘာ ၇ ရက် ဘလွန်းဒီအောဆုချီးမြှင့်ပွဲအခမ်းအနားတွင် “ကျွန်တော့်ထက် ပိုကောင်းတဲ့ ကစားသမားမျိုး မတွေ့ဖူးသေးပါဘူး။ ကျွန်တော် အမြဲတမ်း ဒါမျိုး တွေးတတ်တာပါ။ ကျွန်တော့်ထက် ပိုကောင်းအောင်စွမ်းဆောင်နိုင်တဲ့ သူမျိုးလည်း မရှိပါဘူး”ဟု ထည့်သွင်းပြောကြားသည်။ စီရိုနယ်လ်ဒိုမှာ ယခုနှစ် ဘလွန်းဒီအောဆုကို ရရှိခဲ့ရာ မက်ဆီနှင့် အကြိမ်ရေ တူသွားပြီ ဖြစ်ကာ တစ်ဦးချင်း ထူးချွန်ဆုအများဆုံးရ ကစားသမားလည်း ဖြစ်လာခဲ့သည်။

စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့သည် ၂၀၀၈ ခုနှစ်ကတည်းက ဘောလုံးလောကကို လွှမ်းမိုးလာသူများဖြစ်ပြီး အကောင်းဆုံးဆု များကိုလည်း မက်ဆီက တစ်လှည့်၊ စီရို နယ်လ်ဒိုက တစ်လှည့်ဖြင့် ရယူနေသည်မှာ ဆယ်စုနှစ်ပင် ကြာမြင့်နေပြီဖြစ်သည်။

သို့သော် စီရိုနယ်လ်ဒိုက ဘလွန်းဒီအောဆုကို ငါးနှစ်အတွင်း လေးကြိမ် ရယူနိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ယခုနောက်ပိုင်းနှစ်များတွင် စီရိုနယ်လ်ဒို၏ လွှမ်းမိုးနိုင်မှုက ပိုမိုအားကြီး ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

စီရိုနယ်လ်ဒိုက “ကျွန်တော့်ကို ယှဉ်ပြိုင်နိုင်တဲ့ကစားသမားလည်း မရှိပါဘူး။ ကျွန်တော်က ခြေထောက်နှစ်ဖက်လုံး ကောင်းကောင်း ကစားနိုင်တယ်၊ လျင်မြန်တယ်၊ အားအင်ပြည့်ဝတယ်၊ ခေါင်းတိုက်ကောင်းတယ်၊ ဂိုးသွင်းနိုင်တယ်၊ ဂိုးဖန်တီးမှု ပြုလုပ်နိုင်တယ်၊ ဒါပေမယ့် မက်ဆီ၊ နေမာတို့ကို ပိုကြိုက်နှစ်သက်တဲ့သူလည်း ရှိမှာပါ။ ခင်ဗျားတို့ကို ကျွန်တော်ပြောနိုင်တာတော့ ကျွန်တော့်ကို ဘယ်သူကမှ မယှဉ်နိုင်ဘူးဆိုတာပါပဲ”ဟု ဆိုခဲ့သည်။

စီရိုနယ်လ်ဒိုက ဘယ်ကစားသမားမျှ သူ့လောက် ဆုတံဆိပ်များပိုင်ဆိုင်နိုင်မည် မဟုတ်ကြောင်း၊ ယင်းမှာလည်း လေ့ကျင့်မှု တစ်ခုတည်းမှ ရလာခြင်းမဟုတ်ဘဲ တိုက်ဆိုင်သည့်အကြောင်းတရားများကြောင့် ဖြစ်ကြောင်း ဝင့်ဝင့်ကြွားကြွားပင် သူ၏ စွမ်းဆောင်ရည်အပေါ် အလွန်အကျူး ဖွင့်ဟအမွှမ်းတင်ခဲ့သည်။

စီရိုနယ်လ်ဒိုက ဆီဗီလာအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိသည့်ပွဲတွင် သူ၏ ဘလွန်းဒီအောဆု ငါးဆုကို ပရိသတ်များသို့ ချပြမှုပြုခဲ့သလို ယင်းပွဲစဉ်တွင် ကိုယ်တိုင် လည်း သွင်းဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့သည်။



မေလဲ့သင်း ရေးသားသည်

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဃ) ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ချမှတ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာတင်ပြ၍ ယင်း၏အမည်အား ပြောင်းလဲနိုင်သည်။ ကုမ္ပဏီသည် အဆိုပါအထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ၂၈ ရက်အတွင်း ထိုအကြောင်းကြားစာကို တင်ပြရမည်။

(င) ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲသည့်အခါတွင် မှတ်ပုံတင်အရာရှိအနေဖြင့် အဆိုပါအမည်သစ်သည် လက်ခံဆောင်ရွက်ပေးနိုင်သည့် အမည်ဖြစ်ပြီး ဤဥပဒေကို သော်လည်းကောင်း၊ အခြား ဥပဒေတစ်ရပ်ရပ်ကို သော်လည်းကောင်း ချိုးဖောက်ခြင်းမရှိကြောင်း တွေ့ရှိရလျှင် အဆိုပါအမည်သစ်ကို မှတ်ပုံတင်စာအုပ်ရှိ ယခင်အမည်၏ နေရာတွင် ထည့်သွင်းရေးသား ဖော်ပြရမည့်အပြင် ပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်ခုကို ထုတ်ပေးရမည်။ ကုမ္ပဏီအမည် ပြောင်းလဲမှုသည် အဆိုပါသက်သေခံလက်မှတ်ကို ထုတ်ပေးသည့်အခါတွင် စတင်အကျိုးသက်ရောက်စေရမည်။

(စ) အမည်ပြောင်းလဲပြင်ဆင်ခြင်းသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ခြင်းမရှိသေးလျှင် အဆိုပါ အမည်ပြောင်းလဲပြင်ဆင်ခြင်းအား တရားဝင် အသုံးပြုနိုင်ခြင်း မရှိ။ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်ခြင်းမရှိလျှင် အဆိုပါ အမည်ပြောင်းလဲပြင်ဆင်မှုသည် လုံးဝပျက်ပြယ်သည်။

(ဆ) အမည်ပြောင်းလဲမှုသည် ကုမ္ပဏီ၏ အခွင့်အရေး သို့မဟုတ် တာဝန်တစ်စုံတစ်ရာကို အကျိုးသက်ရောက်ခြင်း မရှိစေရ။ အမည်ပြောင်းလဲထားသည့် ကုမ္ပဏီသည် ၎င်းက သော်လည်းကောင်း၊ ၎င်းအပေါ်တွင်လည်းကောင်း တရားစွဲဆို ဆောင်ရွက်မှု တစ်စုံတစ်ရာတွင် ထိခိုက်ခြင်းမရှိစေရ။ ယခင်ကုမ္ပဏီအမည်ဖြင့် ၎င်းအပေါ် ဆက်လက်ပြုလုပ်သော သို့မဟုတ် စတင်ဆောင်ရွက်သော တရားစွဲဆိုမှုတစ်စုံတစ်ရာသည် ကုမ္ပဏီ၏ အမည်သစ်ဖြင့်လည်း ဆက်လက်ဆောင်ရွက်နိုင်သည်။

**အမည်ပြောင်းလဲရန် ညွှန်ကြားခြင်း**

၂၆။ (က) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင်ထားခဲ့သည့် အမည်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်း မပြုသင့်ကြောင်းသင့်လျော်သည့် အကြောင်းပြချက်များကို လက်ခံယုံကြည်လျှင်အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် နေ့ရက်၌ ကုမ္ပဏီအမည်အားပြောင်းလဲရန် စာဖြင့်ရေးသား၍ အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိမှ ကုမ္ပဏီသို့ ပေးပို့နိုင်သည်။ သတ်မှတ်ဖော်ပြထားသည့်နေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ ထက် မနည်းသည့် နေ့ရက်ဖြစ်ရမည်။

(ခ) ကုမ္ပဏီသည် ယင်း၏အမည်အား အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း ပြောင်းလဲခြင်း မပြုခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ၎င်းမှ ရွေးချယ်ပေးသော အမည်အသစ်တစ်ခုကို မှတ်ပုံတင်စာအုပ်တွင် ထည့်သွင်းရေးသားဖော်ပြနိုင်ပြီး အဆိုပါ အမည်အသစ်သည် ဤအပိုင်းအရ မှတ်ပုံတင်နိုင်သည့်အမည် ဖြစ်စေရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ အမည်အသစ်တစ်ခုကို မှတ်ပုံတင်ပေးခဲ့လျှင် ကုမ္ပဏီ၏အမည်အသစ်ကို မှတ်တမ်းတင်ပြီး ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည်။ ကုမ္ပဏီ၏ အမည်အသစ်အား မှတ်ပုံတင်ခြင်းသည် ပုဒ်မ ၂၅ အရ ပြောင်းလဲသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**ကုမ္ပဏီအမည်အား အသုံးပြုခြင်း**

၂၇။ ကုမ္ပဏီတစ်ခုအနေဖြင့် ယင်း၏အမည်သည် အောက်ပါကိစ္စရပ်များတွင် ရှင်းလင်းစွာဖော်ပြရမည်-

(က) ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်မှုများအားလုံးနှင့်

(ခ) ကုမ္ပဏီ၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေသော သို့မဟုတ် ဖြစ်တည်စေမည့် ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံး။

## အခန်း (၇)

## ကုမ္ပဏီ၏ ဆက်သွယ်ဆောင်ရွက်မှုများ

**ဆောင်ရွက်ချက်များ တရားဝင်ခြင်း**

၂၈။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ကန့်သတ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီတွင် ထိုဆောင်ရွက်ချက်အား ပြုလုပ်ရန် သို့မဟုတ် ထိုပစ္စည်းအားလွှဲပြောင်းရန် သို့မဟုတ် လက်ခံရယူရန် အတွက် လုပ်ကိုင်နိုင်စွမ်း သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခွင့်အာဏာ မရှိခဲ့သည်ဆိုသည့် အကြောင်းကြောင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များ၊ ကုမ္ပဏီသို့ သော်လည်းကောင်း၊ ကုမ္ပဏီမှ သော်လည်းကောင်း ပစ္စည်းလွှဲပြောင်းခြင်းများတို့သည် ပျက်ပြယ်ခြင်း မရှိစေရ၊

(ခ) ဆောင်ရွက်ချက်တစ်ခုသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးမဖြစ်သော်လည်း ထိုသို့ဆောင်ရွက်ရန် ကုမ္ပဏီ၏ လုပ်ကိုင်နိုင်စွမ်းကို ထိခိုက်ခြင်းမရှိစေရ။

**ပဋိညာဉ်စာချုပ်များ နှင့် စာချုပ်စာတမ်းများ ချုပ်ဆိုဆောင်ရွက်ခြင်း**

၂၉။ (က) ပဋိညာဉ်စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် သီးခြားလုပ်ထုံးလုပ်နည်း တစ်ရပ်ပါရှိသော ဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် ကုမ္ပဏီက ပဋိညာဉ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့်ကို ကုမ္ပဏီမှ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာအပ်နှင်းခံရပြီး ကုမ္ပဏီကိုယ်စား ဆောင်ရွက်ခွင့်ရှိသူတစ်ဦးဦးက ကျင့်သုံးဆောင်ရွက်နိုင်သည်။ အဆိုပါ အခွင့်အာဏာကို ရုံးတံဆိပ်ခတ်နှိပ်ခြင်းမပြုဘဲ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စာချုပ်စာတမ်းအား အောက်ပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့လျှင် ကုမ္ပဏီသည် ရုံးတံဆိပ်ခတ်နှိပ်ရန်မလိုဘဲ စာချုပ်စာတမ်း တစ်ရပ်အား ချုပ်ဆိုနိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာသို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ နှစ်ဦး သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဂ) ကုမ္ပဏီတစ်ခုသည် စာချုပ်စာတမ်းတစ်ခုအား ရုံးတံဆိပ်ခတ်နှိပ်ပြီး ထိုသို့ ရုံးတံဆိပ် ခတ်နှိပ်ခြင်းကို အောက်ပါပုဂ္ဂိုလ်တို့က သက်သေပြုခြင်းဖြင့် ချုပ်ဆိုဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ နှစ်ဦး သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဃ) ကုမ္ပဏီတစ်ခုသည် ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုကို တရားဝင်သဘောတူစာချုပ်အဖြစ် ချုပ်ဆိုမည်ဖြစ်ကြောင်း အတိအလင်း ဖော်ပြပြီး ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီချုပ်ဆိုခြင်းဖြစ်ပါက ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုအား တရားဝင်သဘောတူ စာချုပ်တစ်ခုအဖြစ် ချုပ်ဆိုနိုင်သည်။

(င) ဤပုဒ်မသည် ကုမ္ပဏီတစ်ခုက တရားဝင်သဘောတူစာချုပ် အပါအဝင် စာချုပ်စာတမ်း တစ်ခုကို ဤဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများအပါအဝင် စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ကန့်သတ်ထားခြင်း မရှိစေရ။

**ကုမ္ပဏီတစ်ခုနှင့် အခြားပုဂ္ဂိုလ်များအကြား ဆက်သွယ်ဆောင်ရွက်ခြင်း**

၃၀။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ပုဒ်မ ၃၁ တွင် ဖော်ပြမှတ်ယူခြင်းများကို အသုံးပြုနိုင်သည်။ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအား အာမခံသူတစ်ဦးဦးသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါမှတ်ယူရမည့် အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့် မရှိစေရ၊

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီထံမှ ပစ္စည်းတစ်စုံတစ်ရာကို ရရှိသူ သို့မဟုတ် ရထိုက်ခွင့်ရှိသူ တစ်ဦးဦးနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဒ်မ ၃၁ ပါမှတ်ယူရမည့် အချက်များကို အထောက်အထားပြုဆောင်ရွက်နိုင်ခွင့်ရှိသည်။ ကုမ္ပဏီနှင့် အခြားပုဂ္ဂိုလ်များသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါ မှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ၊

(ဂ) ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက လိမ်လည်လှည့်ဖြား၍ပြုမူခဲ့ခြင်း သို့မဟုတ် စာချုပ်စာတမ်းတစ်ခုကို လိမ်လည်အတုပြုခဲ့ခြင်းများရှိခဲ့လျှင်ပင် အဆိုပါမှတ်ယူရမည့် အချက်များကို ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်သူများသည် အထောက်အထားပြုဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုပြုသည့်အချိန်တွင် အောက်ပါအချက်အလက်များကို သိရှိခဲ့လျှင် သို့မဟုတ် သံသယရှိခဲ့လျှင် ၎င်းအနေဖြင့် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့်အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်မည် မဟုတ်-

(၁) မှတ်ယူရမည့်အချက်မှာ မှန်ကန်မှုမရှိကြောင်း သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်သည် လိမ်လည်လှည့်ဖြားဆောင်ရွက်ခဲ့ကြောင်း သို့မဟုတ်

(၃) သက်ဆိုင်ရာစာရွက်စာတမ်းသည် လိမ်လည်အတုပြုလုပ်ထားခြင်းဖြစ်ကြောင်း သို့မဟုတ်

(၄) ဖော်ပြပါကိစ္စရပ်သည် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်လျက်ရှိခဲ့ကြောင်း။

**ကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များက အထောက်အထားပြုနိုင်သည့် မှတ်ယူနိုင်သည့် အချက်များ**

၃၁။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်စာအုပ်၌ ရေးသားဖော်ပြထားသော အချက်အလက်များတွင်ပါရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးဖြစ်သူ တစ်ဦးအပေါ် အောက်ပါအတိုင်းမှတ်ယူနိုင်သည်-

(၁) တရားဝင်ခန့်အပ်တာဝန်ပေးထားသည်ဟု ၎င်းအပြင်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးရှိခဲ့လျှင် ထိုတစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့်တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဂ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ အရာရှိသို့မဟုတ် ကိုယ်စားလှယ်တစ်ဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူတစ်ဦးကို အောက်ပါအတိုင်းမှတ်ယူနိုင်သည်-

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု ၎င်းအပြင်

(၂) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ကိုယ်စားလှယ်က သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးဆောင်ရွက်ခွင့်မရှိသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူတစ်ဦးဦးသည် အဆိုပါ လုပ်ပိုင်ခွင့်အား ကျင့်သုံးရန် အခွင့်အာဏာ အပ်နှင်းထားခြင်းခံရသည်ဟု မှတ်ယူနိုင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အတွင်းရေးမှူး၊ အခြားအရာရှိများနှင့် ကိုယ်စားလှယ်များက ကုမ္ပဏီနှင့်သက်ဆိုင်သော ၎င်းတို့၏ တာဝန်များကို လျော်ကန်စွာ ဆောင်ရွက်ကြောင်း မှတ်ယူနိုင်မည်။

(စ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) နှင့်အညီ လက်မှတ်ရေးထိုးဆောင်ရွက်ထားလျှင် အဆိုပါ စာချုပ်စာတမ်းအား ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ဂ) နှင့်အညီ စာချုပ်စာတမ်းတွင် ကုမ္ပဏီ၏ ရုံးတံဆိပ်ကို ခတ်နှိပ်ထားခြင်းနှင့် ထိုသို့ ရုံးတံဆိပ်ခတ်နှိပ်ခြင်းအား သက်သေပြုခြင်းဆောင်ရွက်ထားလျှင် ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည်။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းတစ်ခုခု သို့မဟုတ် စာရွက်စာတမ်းတစ်ခုခု၏ မိတ္တူမှန်ကို ထုတ်ပေးရန် အခွင့်အာဏာရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးသည် အဆိုပါ စာရွက်စာတမ်းမှာ အစစ်အမှန်ဖြစ်ကြောင်း သို့မဟုတ် မိတ္တူမှန် ဖြစ်ကြောင်း အာမခံနိုင်သည့် အခွင့်အာဏာလည်းရှိသည်ဟု မှတ်ယူနိုင်မည်။

## အခန်း (၈)

## ကုမ္ပဏီမှတ်ပုံတင်ခြင်းမပြုမီက ဆောင်ရွက်ချက်များ

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမတိုင်မီ ကုန်ကျစရိတ်များ**

၃၂။ ဤအခန်းတွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအား တည်ထောင်မှတ်ပုံတင်ခြင်း မတိုင်မီ အမှန်ကုန်ကျခဲ့သည့်စရိတ်များကို ရရန်ပိုင်ခွင့်များမှ ကျခံပေးချေနိုင်သည်။

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များ**

၃၃။ (က) ဤပုဒ်မနှင့် ပုဒ်မ ၃၄ မှ ၃၆ အထိ ပါရှိသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် ဟူသည် အောက်ပါတို့ကိုဆိုသည်-

(၁) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ကုမ္ပဏီအနေဖြင့် ရည်ရွယ်ပြီး ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် သို့မဟုတ်

(၂) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီနှင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန် စဉ်းစားသုံးသပ်နေသည့်အချိန်တို့တွင် ကုမ္ပဏီကိုယ်စား လူတစ်ဦးကချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

(ခ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် သင့်လျော်သည့်ကာလ အတွင်း ကုမ္ပဏီသည် အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်သည် ယင်းအား ချုပ်ဆိုစဉ်က ကုမ္ပဏီသည် စာချုပ်ဝင်တစ်ဦးဖြစ်ဘိသကဲ့သို့ တရားဝင် အကျိုးသက်ရောက်သည်။

(ဃ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို အကျိုးသက်ရောက်စေရန်အတွက် ဒါရိုက်တာများက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခြင်းဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၂၉ အရ ပဋိညာဉ်စာချုပ်တစ်ရပ်အားကုမ္ပဏီကိုယ်စားချုပ်ဆိုနိုင်သည့် အခြားသောနည်းလမ်းများအတိုင်း သော်လည်းကောင်း ကုမ္ပဏီမှ အတည်ပြုနိုင်သည်။

(င) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ထိုကုမ္ပဏီက အတည်မပြုနိုင်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၃၅ အရ တရားရုံးက တရားဝင်ကြောင်း မသတ်မှတ်ခဲ့လျှင် ကုမ္ပဏီသည် အဆိုပါပဋိညာဉ်စာချုပ်အား အတည်ပြုခြင်း သို့မဟုတ် အဆိုပါပဋိညာဉ်စာချုပ်မှ အကျိုးခံစားခွင့် တစ်စုံတစ်ရာကို ရယူခံစားခြင်း မပြုရ။ **ဆက်လက်ဖော်ပြပါမည်။**

# ပုဂံရှေးဟောင်းနယ်မြေ နေဝင်ချိန်ရှုခင်းကြည့်ခြင်းကို ရည်ရွယ်ချက်သုံးမျိုးဖြင့် တားမြစ်သွားမည်



**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းတော့မည့် ပုဂံရှေးဟောင်းနယ်မြေ ဘုရားများပေါ်တက်၍ နေဝင်ချိန်ရှုခင်းကြည့်ခြင်းကို ရည်ရွယ်ချက် သုံးမျိုးဖြင့် တားမြစ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်ထံမှ သိရသည်။

"ကျွန်တော်တို့ ပိတ်ပင်ရခြင်းရည်ရွယ်ချက် သုံးမျိုးရှိပါတယ်၊ ပထမတစ်ခုက ဘာသာရေးအရပိတ်ပင်တာပါ၊ နောက်တစ်ခုက သူတို့အသက်အန္တရာယ် မဖြစ်စေဖို့အတွက်ပါ၊ နောက်ထပ်တစ်ခုက ယဉ်ကျေးမှုအမွေအနှစ်တွေဖြစ်လို့ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းတဲ့အနေနဲ့ ပိတ်ပင်တာပါ" ဟု အဆိုပါ ညွှန်ကြားရေးမှူးက ပြောသည်။

"ကျွန်တော်တို့နိုင်ငံက ဗုဒ္ဓဘာသာကို လက်ခံယုံကြည် ကိုးကွယ်တဲ့အချိန်ကစပြီးတော့ အခုအချိန်ထိစဉ်ဆက်မပြတ်ကိုးကွယ်တဲ့ နိုင်ငံဖြစ်တဲ့အတွက် ယဉ်ကျေးမှုအမွေအနှစ်တွေဟာဘာသာရေးနဲ့ အခြေခံထားတဲ့ အဆောက်အအုံတွေ များပါတယ်၊ အထူးသဖြင့် ဒီဘုရားတွေပေါ်မှာ နေဝင်ချိန်ကြည့်ကြတယ်၊ အမျိုးသား၊ အမျိုးသမီးတွေ အမြင်မတော်တာတွေ နောက်ဆုံးဘုရားပေါ်တက်ပြီးတော့ ဘီယာသောက်တာတွေလည်း ရှိတာပေါ့၊ ကျွန်တော်တို့ အထွတ်အမြတ်ထားတဲ့ ဘုရားတွေပေါ်မှာ ဒီလိုအပြုအမူတွေ လုပ်တာဘာသာရေးအရ ဘယ်လိုမှ မသင့်တော်တဲ့အပြုအမူဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ယင်းပုဂံဘုရားများသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ဝန်းကျင်ကတည်းက တည်ရှိခဲ့သည့် ဘိုးဘွားအမွေအနှစ်များဖြစ်သည့်အလျောက် ကာကွယ်ထိန်းသိမ်းရန်လိုအပ်ပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းကာလများအထိ ယင်းဘုရားများပေါ်တွင် နေဝင်ချိန် ရှုခင်းကြည့်ရှုခြင်းကြောင့် ပြုတ်ကျခဲ့သည့် အကြိမ်အရေ လေးကြိမ်ဖြစ်ပေါ်ခဲ့ပြီး သုံးကြိမ်မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ယခုနှစ်အောက်တိုဘာလတွင် အမေရိကန်နိုင်ငံသူ တစ်ဦးပြုတ်ကျ၍ သေဆုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် အသက်အန္တရာယ်မဖြစ်ပေါ်စေရန် ပိတ်ပင်ရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

ယင်းကဲ့သို့ ပိတ်ပင်ရခြင်းမှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အရ ယခုဒီဇင်ဘာမှစတင်ကာ ဖြည်းဖြည်းချင်း ပိတ်ပင်ရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှ သိရသည်။

"အထူးသဖြင့်တော့ လိုဏ်ဂူရှိတဲ့ဘုရားတွေကို တက်တဲ့အခါမျိုးမှာ အထဲက အတွင်းတက်လှေကားတွေမှာလည်း သံပန်းတံခါးတွေ တပ်ဆင်ပြီးတော့ တက်လို့မရအောင် ဆောင်ရွက်သွားမှာပါ၊ နိုင်ငံခြားသားတွေကိုလည်း ဒါတွေ မတက်ရောက်သင့်ဘူးဆိုတာ ဇုန်ဝင်ကြေးစရောင်းကတည်းက လက်မှတ်တွေပေါ်မှာ မတက်ရောက်ပါရန် မေတ္တာရပ်ခံချက်တွေကို တစ်ခါတည်းရိုက်ပြီးတော့ အသိပေးသွားမယ်၊ ဟိုတယ်နဲ့ တည်းခိုခန်းတွေကိုလည်း ဒီဘုရားတွေပေါ်ကို မတက်ကြရန် သတိပေးဆိုင်းဘုတ်တွေ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ နိုင်ငံတကာ ခရီးသွားဝင်ရောက်မှု စာရင်းများအရ ၂၀၁၇ ခုနှစ်ဇန်နဝါရီမှ အောက်တိုဘာအထိ ၃၇၄၂၂၁ ဦးဝင်ရောက်ခဲ့ပြီး တရုတ်၊ ထိုင်း၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ ဂျာမနီ၊ အမေရိကန်၊ အင်္ဂလန်စသည့် နိုင်ငံများအနက် အဆိုပါကာလအတွင်း တရုတ်၊ ထိုင်း၊ ပြင်သစ်နိုင်ငံမှ အများဆုံးဝင်ရောက်ခဲ့သည်။

အဆိုပါဌာနအနေဖြင့် ယခုပိတ်ပင်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်း၍ လက်ရှိတွင် ပညာပေးကာလအဖြစ် ဆောင်ရွက်လျက်ရှိပြီး နေဝင်ချိန်ရှုခင်းများကြည့်နိုင်ရန်အတွက် ၎င်းနေရာများအစား နေရာငါးခု ဖော်ဆောင်သွားမည်ဖြစ်ကာ လက်ရှိတွင် ကိုမောက်ကန်၊ ညောင်လက်ဖက်ကန်နှင့် စူဠာမဏိကန် တောင်ကုန်းသုံးခုကို စီစဉ်ထားရှိပြီး ကျန်နှစ်နေရာအား ရှာဖွေနေဆဲဖြစ်ကာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် တင်သွင်းတော့မည်ဖြစ်သည့်အတွက် ယဉ်ကျေးမှုကို မထိခိုက်စေရန် ပြုလုပ်နေကြောင်း အဆိုပါ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံ) မှ သိရသည်။

**နဒီလှိုင်း**

## နှစ်(၇၀)ပြည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် တူညီဝတ်စုံများဖြင့် စက်ဘီးစီးနင်း၍အသိပညာပေး

**ချမ်းအေးသာစံ ဒီဇင်ဘာ ၁၀**

နှစ် (၇၀) ပြည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၈) လမ်း၊ (၂၆) လမ်းနှင့် (၂၇) လမ်းကြား၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက်ညီမျှခြင်းမြန်မာမှ ဆရာဦးအောင်မျိုးမင်းက လူ့အခွင့်အရေးနေ့သမိုင်းကြောင်းကို ပြောကြားပြီး လူထုလှုပ်ရှားမှုအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်ကာ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများသည် တူညီဝတ်စုံများဝတ်ဆင်ကာ ချမ်းအေးသာစံမြို့နယ်(၂၆) လမ်းနှင့် (၆၈) လမ်းထောင့်မှ ကျုံးတစ်ပတ် စက်ဘီးအစီး ၄၀၀ ကျော်စီးနင်းပြီး လူ့အခွင့်အရေးအသိပညာပေး လက်ကမ်းစာစောင်များဝေငှကြသည်။ **သီဟကိုကို(မန္တလေး)**

## အလေးချိန်ခွင် အခြင်အတွယ် အတိုင်းအတာများ သတ်မှတ်စံနှုန်း ကိုက်ညီမှုရှိမရှိ ကွင်းဆင်းစစ်ဆေး

**ပေါက် ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကုန်ပစ္စည်းများဝယ်ယူ ရောင်းချမှုပြုရာတွင် အသုံးပြုလျက်ရှိသော အလေးချိန်ခွင်၊ အခြင်အတွယ်၊ ကတ္တား၊ တင်းတောင်း၊ ပြည်တောင်းများ၊ ပေတံ၊ ကိုက်တံများ ပုံမှန်စံကိုက်သုံးစွဲမှု ရှိ-မရှိ အခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက မြို့မဈေး၊ ပွဲရုံများနှင့် အိမ်ဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"ကွင်းဆင်းစစ်ဆေးရခြင်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဝယ်ယူစားသုံးသူရော ရောင်းချသူပါ အားလုံး မျှမျှတတ၊ မှန်မှန်ကန်ကန် ဝယ်ယူရောင်းချနိုင်ဖို့အတွက် ပုံမှန်စံကိုက်အလေးချိန်၊ အခြင်အတွယ်၊ အတိုင်းအတာများ မှန်ကန်စွာ ရောင်းဝယ်ဖောက်ကားရေးအတွက် ယခုလို ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူက လုပ်ငန်းရှင်၊ ဈေးဆိုင်ရှင်များအား ရှင်းပြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဈေးကော်မတီဝင်များပူးပေါင်း၍ မြို့မဈေးကိုလည်းကောင်း၊ စည်ပင်သာယာရေးကော်မတီဝင်များဖြင့် ပူးပေါင်း၍ ပွဲရုံများနှင့် အိမ်ဆိုင်များကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးကြရာ သတ်မှတ်ပုံမှန်စံကိုက်သုံးစွဲဝယ်ယူရောင်းချမှုရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## သဘာဝဘေးသင့် ကျေးရွာ ၁၀ ခုတွင် မြစိမ်းရောင်စီမံကိန်း ထပ်မံအကောင်အထည်ဖော်မည်

**မုံရွာ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များရှိ သဘာဝဘေးဒဏ် ခံစားခဲ့ရသော ကျေးရွာ ၁၀ ခုတွင် မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း ၁၅၀၀ ယူနစ်ဆောင်ရွက်ခွင့် ရရှိသည့်အနက်မှ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရန်လျာထားသည့် နေရာ ၇၅ ခုအနက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၁၀ နေရာပြုလုပ်ခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုထပ်မံချပေးတဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း နေရာ ၁၀ ခုက သဘာဝဘေးဒဏ်သင့် ကျေးရွာတွေမှာ လုပ်ဆောင်ပေးတာပါ၊ သူတို့ကျေးရွာတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ ကျန်းမာရေး လုပ်ငန်း ပြန်လည်ထူထောင်ရေးတွေမှာ အထောက်အပံ့ဖြစ်စေဖို့အတွက်ပါ၊ အဲဒီကျေးရွာတွေကို ကျွန်တော်တို့ ဌာနရယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်းချက်အရ သဘာဝဘေးဒဏ်သင့်ခဲ့တဲ့ကျေးရွာတွေကို ဦးစားပေးရွေးချယ်ပေးခဲ့တာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်ကျော်မျိုးက ပြောသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများဖြစ်သော ကလေးဝမြို့နယ်အတွင်းရှိ သာစည်ကျေးရွာ၊ အင်းတော်မြို့နယ်အတွင်းရှိ မံတုံကျေးရွာ၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ကံကြီးကုန်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ငွေးတောက်ကုန်းကျေးရွာ၊ မြင်းမူမြို့နယ်အတွင်းရှိ စိုင်မြစ်ကျေးရွာ၊ မုံရွာမြို့နယ်အတွင်းရှိ မရိုးတောတောင်ကျေးရွာ၊ ဖောင်းပြင်မြို့နယ် ပေါက်ကုန်းကျေးရွာ၊ ပုလဲမြို့နယ်အတွင်းရှိ ဦးနှောက်ကျေးရွာ၊ ရွှေဘိုမြို့နယ်အတွင်းရှိ သံပုရာခြံကျေးရွာနှင့် ဒီပဲယင်းမြို့နယ်အတွင်းရှိ အင်ပင်ကျေးရွာတို့ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြော

**မိုးညှင်း ဒီဇင်ဘာ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာ ဝေနေယျသုခဇရပ်ဆောင်တွင် ဒီဇင်ဘာ ၉ ရက် နံနက် ၁၁ နာရီက ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

"အခုလိုပွင့်လင်းရာသီမှာ မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်နည်းတွေကို ပြုလုပ်ထားရပါမယ်၊ မီးဘေးရှောင် မလောင်ခင်တား၊ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသလို ကြိုတင်ကာကွယ်ခြင်းက ပိုမိုထိရောက်စေနိုင်ပါတယ်၊ ကျေးလက်ဒေသမှာ မီးလောင်မှုတွေ အများဆုံးကလောင်စာကို ထင်းသုံးစွဲတဲ့အတွက် အသက်ကြီးသူတွေ ကလေးသူငယ်တွေကို မီးနှင့်အတူထားရှိတဲ့ အကျိုးပါ။ ဒါကြောင့် သူတို့ကို အထူးဂရုပြုစောင့်ရှောက်ရပါမယ်၊ အခုချိန်မှာ အိမ်တိုင်းနီးပါးက လျှပ်စစ်မီးသုံးစွဲတဲ့နေရာမှာ ဆွေးမြည့်ဟောင်းနွမ်းတဲ့ မီးကြိုးတွေကို မသုံးစွဲဘဲ လျှပ်စစ်မီးကို စနစ်တကျ သတိဝီရိယဖြင့် သုံးစွဲဖို့လိုအပ်ပါတယ်" ဟု မိုးညှင်းမြို့နယ် ဒုမီးသတ်ဦးစီးမှူး ဦးဟိန်းမင်းထိုက်က ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်နည်းများကိုကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ မိုးညှင်းမြို့နယ် ဒုမီးသတ်ဦးစီးမှူး ဦးဟိန်းမင်းထိုက်နှင့် မော်ဟန်ရွာဒေသ အရန်မီးသတ်တပ်ခွဲမှူး ဦးခင်မောင်ကျော်နှင့်အဖွဲ့၊ မော်ဟဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးညိုနှင့်အဖွဲ့၊ ရပ်မိ ရပ်ဖများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများ တက်ရောက်ခဲ့ကြသည်။ **(၀၅၈)**

## (၅၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလား စက်ဘီးပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် Myan Shwe Pyi Tractors Limited, Myanmar C.P. Livestock Co.,Ltd, F&N Co.,Ltd (100 PLUS) နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၅၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလားစက်ဘီးပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပြင်ပပတ်လမ်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



အဆိုပါ (၅၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲများကို ဒီဇင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ ဝဏ္ဏသိဒ္ဓိစက်ဘီးလေ့ကျင့်ရေးကွင်းနှင့် Mount Pleasant တို့တွင် နေ့စဉ် နံနက် ၇ နာရီမှ စတင်ပြီး ယှဉ်ပြိုင်ကစားကြမည် ဖြစ်သဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ကယားပြည်နယ် ဘော်လခဲမြို့တွင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၁၀**

ကလေးများ၏ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေပြီး တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများစာပေနှင့်ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ပျော်ရွှင်မှုကို ဖန်တီးပေးရန် ရည်ရွယ်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ဘောလခဲမြို့ စောလဖော်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အနာဂတ်နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေမယ့် ကလေးစာပေ၊ ကလေးကဗျာ၊ ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးလာစေရန် ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ ကလေးများရဲ့ ဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးစာပေနဲ့ ကလေးစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်အပေါ် သက်ရောက်မှုများစွာရှိမှာဖြစ်တဲ့အတွက် ဝိုင်းဝန်းကူညီဖော်ဆောင်ပေးကြရန်နှင့် ကလေးများ စာပေနဲ့ရင်းနှီးပြီး စာပေပတ်ဝန်းကျင်မှာ မွေ့လျော်လာအောင် မိဘများအပါအဝင်အဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဘော်လခဲ (အ. ထ. က) ကျောင်းသား ကျောင်းသူများက စည်းလုံးခြင်းအင်အားသီချင်းနှင့်ထာဝရမြန်မာသီချင်းဖြင့် ဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်အား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါကလေးစာပေပွဲတော်တွင် ဘော်လခဲမြို့နယ်၊ မယ်စဲ့မြို့နယ်၊ ဖားဆောင်းမြို့နယ်မှ ကျောင်းသား ကျောင်းသူပေါင်း ၁၂၅၀ ပါဝင်ဆင်နွှဲကြပြီး ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပူဖောင်းညှပ်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ကလေးစာပေပြပွဲ၊ စာအုပ်ရောင်းပွဲနှင့် စာပေဟောပြောပွဲများကို နံနက် ၉ နာရီမှညနေ ၄ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# Mr.Crown & Miss.Crown 2017 ဆု ခါးနံပါတ်(၁၅) လိုတရနှင့် ခါးနံပါတ်(၁၃) ယမုံတို့ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

သရဖူမဂ္ဂဇင်းမှ ကြီးမှူးကျင်းပသော သရဖူမဂ္ဂဇင်း နှစ်(၂၀) ပြည့် အထိမ်းအမှတ် Mr.Crown & Miss. Crown 2017 ရွေးချယ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် ညပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ Mr. Crown 2017 ဆုကို ခါးနံပါတ်(၁၅) လိုတရ(ရန်ကုန်)မှ ရရှိခဲ့ပြီး Miss. Crown 2017 ဆုကို ခါးနံပါတ်(၁၃) ယမုံ(ရန်ကုန်)မှ ရရှိခဲ့သည်။



အဆိုပါပြိုင်ပွဲကို သရဖူမဂ္ဂဇင်းမှ ငါးနှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး မဂ္ဂဇင်းတွင် လစဉ်တိုင်း အလှဓာတ်ပုံဆုရရှိထားကြသည့် Mr.Crown နှင့် Miss Crown များအား ပြိုင်ပွဲပြုလုပ်၍ ၂၀၁၇ ခုနှစ် Mr.Crown နှင့် Miss Crown ရွေးချယ်ပေးခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အနယ်နယ် အရပ်ရပ်မှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြပြီး Mr.Crown ၁၅ ဦးနှင့် Miss. Crown ၁၅ ဦးတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲဝင် အလှမယ် ၃၀ မှ Mr.Crown နှင့် Miss.Crown တစ်ဖက်လျှင် Top-5 ငါးဦးစီရွေးချယ်၍ ၁၀ ဦးထဲမှ နှစ်ဦးကို Mr.Crown & Miss.Crown 2017 ဆုနှင့် ငွေကျပ်ဆယ်သိန်းစီ ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး အခြားဆုများအနေဖြင့် People Choice Award ဆုနှင့် Title ဆုများကိုလည်း ချီးမြှင့်ခဲ့ရာ Mr.People Choice Award ဆုကို ခါးနံပါတ်(၁) မျိုးဇေယျာဝင်း (မော်လမြိုင်)နှင့် Miss.People Choice Award ဆုကို ခါးနံပါတ်(၁၂) စန္ဒာကျော်(ရန်ကုန်)တို့မှ ရရှိခဲ့သည်။

Title ဆုများအနေဖြင့် Best Designer Award ဆုကို ဒီဇိုင်နာကျော်ထက်အောင်ကလည်းကောင်း၊ MR.Citi Fashion နှင့် MISS Citi Fashion ဆုကို ခါးနံပါတ်(၆) ဇာနည်အောင်(ရန်ကုန်)နှင့် ခါးနံပါတ်(၅) မေသဒ္ဒါ(ရန်ကုန်)တို့မှ လည်းကောင်း၊ MR.Cool နှင့် MISS Cool ဆုကို ခါးနံပါတ်(၁၅) လိုတရ(ရန်ကုန်)နှင့် ခါးနံပါတ်(၉) လဲ့ယမင်းဦး (ရန်ကုန်)တို့မှ လည်းကောင်း၊ MR.Note နှင့် MISS Note ဆုကို ခါးနံပါတ်(၁၅) လိုတရ(ရန်ကုန်)နှင့် ခါးနံပါတ်(၁၃) ယမုံ(ရန်ကုန်)တို့မှ လည်းကောင်း၊ MR.BEST BODY နှင့် MISS BEST BODY AWARD ဆုကို ခါးနံပါတ်(၇) Mဆိုင်းရတ်(မြစ်ကြီးနား)နှင့် ခါးနံပါတ်(၄) စန္ဒီကေခိုင်သင်း(ရန်ကုန်)တို့မှလည်းကောင်း၊ MR.OSIM က Love နှင့် MISS က Stiletto Award ဆုကို ခါးနံပါတ်(၅) ဒွန်မင်းခ (ဟသ်ာတ)နှင့် ခါးနံပါတ်(၁၃) ယမုံ(ရန်ကုန်)တို့မှလည်းကောင်း၊ MR.HEDGREN နှင့် MISS.HEDGREN Award ဆုကို ခါးနံပါတ်(၁၅) လိုတရ(ရန်ကုန်)နှင့် ခါးနံပါတ်(၄) စန္ဒီကေခိုင်သင်း(ရန်ကုန်)တို့မှလည်းကောင်း၊ MR.PHOTOGENIC နှင့် MISS.PHOTOGENIC ဆုကို ခါးနံပါတ်(၈) အောင်ကောင်းပြည့်(မန္တလေး)နှင့် ခါးနံပါတ်(၅) မေသဒ္ဒါ(ရန်ကုန်)တို့မှလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ဇာဏီ**

# ကြံဈေးနှုန်းကောင်းမွန်၍ တောင်သူများအဆင်ပြေကြသော်လည်း တန်ပိုကန့်သတ်ချက်ကြောင့် နစ်နာမှုများရှိနေ

**ရေတာရှည် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စပါးနှင့်ပဲမျိုးစုံပြီးလျှင် အများဆုံး စိုက်ပျိုးသည့် ကြံသီးနှံမှာ အမှတ်(၆)သကြားစက်ရုံမှ တစ်တန်လျှင် စက်ရုံအရောက်ဈေးနှုန်း ငါးသောင်းကျပ်ဖြင့် ဝယ်ယူလျက်ရှိရာ တောင်သူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်းသိရသည်။

ကြံဈေးနှုန်းကောင်းမွန် သော်လည်း ရန်ကုန်-မန္တလေးကားလမ်းအတိုင်း စက်ရုံသို့ပို့ဆောင်ရောင်းချရာ၌ တိုးဂိတ်မှတန်ပို တင်ဆောင်ခွင့်မပြုသည့်အတွက် ကြံများကိုပြန်ချရခြင်း၊ ထော်လာဂျီယာဉ်များဖြင့် ပြန်ကဲ့ရခြင်းတို့ကြောင့် အလုပ်သမားစရိတ်နှင့် ယာဉ်အပိုငှားရမ်းခများ ထပ်မံကုန်ကျမှုများရှိနေကြောင်း မြို့လှမြို့နှင့် ဆွာမြို့ဝန်းကျင်မှတောင်သူများကပြောကြားလျက်ရှိသည်။

"၂၀၁၁-၂၀၁၂ ခုနှစ်ကနေ ၂၀၁၆- ၂၀၁၇ ခုနှစ်အထိ ကြံတောင်သူတွေကို တန်ပိုတင်ဆောင်ခွင့်ပြုခဲ့တဲ့အပြင် အပြင်ပတ်လမ်းကနေ ပုံမှန်တန်ကြေးပေးပြီး ဖြတ်သန်းခွင့်ပြုခဲ့လို့ ကျွန်တော်တို့ တောင်သူတွေအဆင်ပြေကြပါတယ်၊ ဒီနှစ်ကြံရာသီကျမှ တန်ပိုဖြတ်သန်းခွင့်မပြုတော့ဘူး၊ အပြင်ပတ်လမ်းကလဲသွားခွင့်မရတော့လို့ အကုန်အကျတွေပိုများကုန်တယ်၊ သုံးလဆိုတဲ့ ကြံရာသီကာလမှာ ကြံတောင်သူတွေအတွက် ခြွင်းချက်အနေနဲ့ခွင့်ပြုပေးသင့်ပါတယ်၊ ကြံပင်ကောက်ရင် ပွယောင်းယောင်းဆိုတော့ တန်အလေးချိန်ခန့်မှန်းရခက်သလို ကြံအပင်ဖြောင့်တော့လည်း တန်ကခန့်မှန်းရခက်တယ်"ဟု ဆပ်သေကျေးရွာနေ တောင်သူ ဦးတင်မောင်စိုး ကပြောကြားသည်။

ကြံတောင်သူများကြုံတွေ့နေရသည့်အခက်အခဲများအား လမ်းဦးစီးဌာနနှင့် ညှိနှိုင်းသည့်အခါ တိုင်းလမ်းဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနအထိ တင်ပြထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင် ကရှင်းလင်းပြောကြားသည်။သကြားစက်ရုံများအလိုက် ကြံဝယ်ယူရာ၌ ဈေးနှုန်းအမျိုးမျိုးဖြင့်ဝယ်ယူလျက်ရှိပြီး ဈေးအမြင့်ဆုံးပေးဝယ်သည့် ရေတာရှည်အမှတ်(၆)သကြားစက်ရုံသို့သာ တောင်သူများက ရောင်းချလိုခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# သန့်ရှင်းရေး နှင့် ရေစီးရေလာကောင်းမွန်ရေး ရတနာမွန်ဈေးတွင် စုပေါင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့ရှိဈေးအသီးသီးတွင် ဈေးပတ်ဝန်းကျင် သန့်ရှင်းစင်ကြယ်စေရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ရှိ ရတနာမွန်ဈေးတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းနှင့် ဈေးများဌာနဌာနစုမှူး ဦးရဲဦးမော်တို့က ဦးဆောင်၍ ဈေးဝန်းကျင်မှ အမှိုက်သရိုက်များ သိမ်းဆည်းရှင်းလင်းခြင်း၊ ဈေးပတ်လည် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက် နုန်း၊သဲများကို ဆယ်ယူရှင်းလင်းခြင်းနှင့် အန္တရာယ်ရှိ သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ကြသည်။

အဆိုပါ ရတနာမွန်ဈေးသည် အမှတ် ၃ ရပ်ကွက်အတွင်း တည်ရှိပြီး ဈေးရုံအတွင်းဈေးဆိုင်ပေါင်း ၂၉၉ ဆိုင်၊ဈေးပတ်ဝန်းကျင်တွင် ပျံကျဈေးသည် ၂၅၀ ခန့် ရောင်းဝယ်မှုရှိနေရာ ဈေးထွက်အမှိုက်များကို သတ်မှတ်အမှိုက်ပုံး၊ အမှိုက်ကန်များတွင် စနစ်တကျစွန့်ပစ်ရန်နှင့် လမ်းနယ်နိမိတ် ကျူးကျော်ရောင်းဝယ်ခြင်းနှင့် အမိုးအဖီများ ပြုလုပ်ရောင်းဝယ်ခြင်းမပြုလုပ်ရန် ဈေးတာဝန်ခံက မှာကြားထားသည်ဟု သိရသည်။

**မောင်သုည**



# မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မှူခင်းအသိပညာပေး

**သန်လျင် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်သည် ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက သန်လျင်မြို့ ပဲခူးစုရပ်ကွက် မာယလမ်း အထက(၄)ကျောင်းရှေ့၌ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

သန်လျင်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဆန်းမြင့်သည် သန်လျင်မြို့မရဲစခန်းမှူး ဒုရဲမှူးစောထွန်း၊ အမှတ် (၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီး ဇော်မင်းလွင်၊ အမှတ်(၆၀)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သန်းထွန်း၊ အမှတ်(၄၁)မူးယစ်တပ်ဖွဲ့စုမှ တပ်ကြပ်ကြီး စိုးနိုင်တို့က မှုခင်းကျဆင်းရေး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်း စနစ်ဆောင်ရွက်နေမှုများအား ပြည်သူများသိရှိနားလည်နိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းတို့ကို ဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၇၀ခန့် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(၆၇၉)**

# ဆလုံလူမျိုးများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတောင်ဘက်စွန်း ပင်လယ်ကျွန်းများအတွင်း နေထိုင်ကျက်စားသည့် ဆလုံလူမျိုးများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပသည်။



တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် အလုပ်ရုံဆွေးနွေးပွဲခန်းမ ပြတိုက်ငယ်အတွင်း ကော့သောင်းခရိုင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းခင်းကျင်းပြသထားသည့် ဆလုံတိုင်းရင်းသားများ၏ အသုံးအဆောင် ပစ္စည်းများ၊ ရိုးရာဓလေ့ မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး ဦးညိုအေးက ဆလုံကျေးရွာများတွင် ခရီးသွားလုပ်ငန်း ဖော်ဆောင်နေမှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး ဆလုံလူမျိုးများ၏ လူနေမှုဓလေ့များအား အချိန်ယူလေ့လာသုတေသနပြုထားသည့် မနုဿဗေဒပညာရှင် Dr. Jacques Ivenoff၊ Mr.Mazime Boutry နှင့် Miss, Fabienne Galangau တို့က မြန်မာနိုင်ငံ မြိတ်ကျွန်းစုများအတွင်းရှိ ဆလုံ(ခ) မော်ကင်း တိုင်းရင်းသားများနှင့် ပတ်သက်၍ လေ့လာသုတေသနပြုချက်များအား မှတ်တမ်းအထောက်အထားများ၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် ရှင်းလင်း ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံ တောင်ဘက်စွန်း မြိတ်ကျွန်းစုများဖြစ်သည့် မြိတ်၊ ကော့သောင်း ၊ ဘုတ်ပြင်းမြို့နယ်တို့အတွင်းရှိ ရှားပါးလူသားမျိုးနွယ်စုများဖြစ်သည့် ဆလုံလူမျိုးများ၏ အခက်အခဲများ၊ လိုအပ်ချက်များ၊ စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှု ရှင်သန်ဖွံ့ဖြိုးလာရေး၊ မူးယစ်ဆေးဝါးနှင့် အရက်သောက်သုံးမှု၊ လျှော့နည်းလာရေး၊ ဆလုံမျိုးဆက်များ ဆက်လက်တည်တံ့စေရေး၊ ပညာသင်ကြားခွင့်နှင့် ရိုးရာဓလေ့များ မပပျောက် မတိမ်ကောစေရေး၊ ဆလုံလူမျိုးများနှင့် ပတ်သက်၍ ကမ္ဘာ့အရပ်ရပ်မှ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုဖြစ်ပေါ်လာကာ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာရေး ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာနေမှုနှင့်အတူ ဆလုံလူမျိုးများ လူနေမှုဘဝ အကျပ်အတည်းများ မဖြစ်ပေါ်စေရေး ရည်ရွယ်ကာ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာန UMTA တို့ ဦးဆောင်ကာ နိုင်ငံခြားသုတေသနပညာရှင်များ၊ ဒေသခံများ၊ ဆလုံတိုင်းရင်းသားများဖြင့် ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်းပင်လယ်ကျွန်းများတွင် နေထိုင်သည့် ဆလုံတိုင်းရင်းသားများ တက်ရောက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့ မြို့တွင်းလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ၊ မြို့မဆိပ်ကမ်းတံတား မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆိပ်ခံတံတားတွင် ထားရှိမည့် X-Ray အဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မြောင်းမြအကျဉ်းထောင် လှည့်လည်ကြည့်ရှုစစ်ဆေး

**မြောင်းမြ ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးညွန့်သည် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညို၊ မြောင်းမြခရိုင် တရားသူကြီး ဒေါ်ခင်မာဆွေတို့လိုက်ပါလျက် မြောင်းမြအကျဉ်းထောင်ကို ဒီဇင်ဘာ ၈ ရက်က လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ယင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းသားများ၊ အချုပ်တရားခံများအား ဥပဒေပါ အခွင့်အရေး ရရှိမှုရှိ၊ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

## r|, pfq;0g; tE¨A, ftoyhnmay;a[majym

**ဖားကန့် ဒီဇင်ဘာ ၁၀**

မိုးညှင်းမြို့နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၃)မှ "ဧရာဦး" စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းကိုလည်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မော်ဝမ်း)ရှိ ကျောင်းခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၃)မှ ဒုရဲမှူးမြင့်သောင်းက မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး ပျံ့နှံ့ဝင်ရောက်လာပုံ၊ မူးယစ်ဆေးဝါးကြောင့် ခန္ဓာကိုယ်တွင်းရောဂါများနှင့် ကူးစက်ရောဂါဖြစ်ပွားမှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောကာ တပ်ဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

အလားတူ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲများကို မိုးညှင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (နန့်မွန်း)နှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဟဲပု)တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# နာမည်ကောင်းတစ်ခုကို ထိန်းသိမ်းခြင်း

**ခင်မောင်ဌေး(ပညာရေး)**

နာမည်ကောင်းတစ်ခုသည် ချမ်းသာကြွယ်ဝမှုကို ဖန်တီးနိုင်သည်။

A good name can make a fortune.

(Jake Ruebinson)

လူတိုင်းလူတိုင်းသည် အမိဝမ်းတွင်းမှ မွေးဖွားလာပြီး နောက်များမကြာမီ မိမိနှင့် သင့်တင့်လိုက်ဖက်သည့် အမည်သညာ ခေါ်စရာ တစ်ခုရလာကြသည်။ လူမျိုး ဘာသာအလိုက် မျိုးရိုးနာမည်၊ ဘာသာရေးနှင့် ဆက်နွယ်သည့် အမည်များရှိတတ်၏။ ထို့ပြင် ငယ်ရွယ်စဉ်ကပင် ချစ်စနိုးဖြင့် ခေါ်ခဲ့သည့် အမည်များလည်း ကြီးပြင်းလာသည့်တိုင် မပျောက်ပျက်ဘဲ ရှိနေတတ်သည်။ မည်သို့ဆိုသော် နာမည်တစ်လုံးသည် မိမိတို့၏ မိဘဆွေမျိုး အသိုင်းအဝိုင်းများ ကြားတွင် တည်မြဲနေသည်သာ ဖြစ်သည်။ အကြောင်းအားလျော်စွာ နာမည်တစ်ခုမှစ၍ နှစ်မျိုးသုံးမျိုးအထိရှိတတ်သည့် သဘောမျိုးတွေ့ရလေသည်။

### အရေးပါလာ

မည်သို့ပင်ဆိုစေ ငယ်စဉ်ဘဝတွင် မိမိ၏ နာမည်တစ်လုံးသည် မိမိအတွက်ရော မိမိမိသားစုအတွက်ရော ရေးကြီးခွင်ကျယ် ဟုတ်ကောင်းမှ ဟုတ်မည်ဖြစ်သော်လည်း တစ်စစ ကြီးပြင်းလာသည်နှင့် မိမိနေထိုင်သည့် ဝန်းကျင်၊ မိမိစာပေသင်ယူရာ ကျောင်းပုရဝဏ်၊ မိမိအလုပ်လုပ်ကိုင် ကျင်လည်ရာ ဝန်းကျင်တွင် ပိုမိုဝင်ဆံ့လာလေလေ ပို၍ လူသိလာလေလေ ပို၍အရေးပါလာလေဖြစ်သည်။

လူတိုင်းသည် ထင်ပေါ်ကျော်ကြားလိုကြသည်။ အထူးသဖြင့် မိမိဘဝအတွက် မိမိနာမည်တစ်လုံးဖြင့် လူသိများဖို့ ပေါ်လွင်ဖို့ အမျိုးမျိုးကြိုးပမ်းလာကြသည်သာ ဖြစ်သည်။ ထင်ပေါ်ကျော်ကြားအောင် စွမ်းဆောင်ရာတွင် မိမိ၏ စစ်မှန်သည့် အရည်အချင်းစွမ်းရည်သတ္တိတို့ဖြင့် ကြိုးပမ်းနိုင်သကဲ့သို့ မတော်လောဘနှင့် ထင်ပေါ်မှုအတွက် ဘဝတစ်ခုလုံးကိုပင် စတေးကြသူများလည်းရှိ၏။ မိမိအရည်အချင်း ကိုယ်ပိုင်စွမ်းရည်သတ္တိရှိသူများကား မိမိ၏အရည်အချင်း၊ စွမ်းရည်သတ္တိများကိုထုတ်၍ အသုံးချကြသည်သာဖြစ်၏။ ထိုသူတို့ရရှိသော အောင်မြင်မှုမျိုးသည် ရေရှည်တည်တံ့နိုင်မည်သာဖြစ်သည်။

### ထင်ပေါ်လျှင် စင်တော်ကကောက်

"ထင်ပေါ်လျှင် စင်တော်ကကောက်" ပါသည်။ သို့ဖြစ်၍ ထင်ပေါ်ရန်စင်ပေါ်တွင် အမျိုးမျိုးသရုပ်ပြနေကြသည်ကိုတွေ့ရ၏။ အထူးသဖြင့် လူမှုကွန်ရက်ကဲ့သို့ fb များပေါ်လာသည့် အခါ လူတိုင်းတွင် လက်ကိုင်ဖုန်းတစ်လုံးရှိ ရုံမျှဖြင့် မိမိစိတ်ကူးရှိသလို ဗီဒီယိုဖိုင်ဖြင့် လူထုရှေ့မှောက် အရောက်တင်ဆက်နိုင်သည့် ခေတ်ဖြစ်၏။ မိမိ၏အနုပညာ စွမ်းရည်ကိုလည်း ပြသနိုင်၏။ မိမိ၏ အရေးအသား၊ မိမိ၏တီးခတ်မှု၊ မိမိ၏အသံမှစ၍ မိမိ၏ ကိုယ်လုံးပေါ်သရုပ်ပြမှုမျိုး ကိုပင် တင်ပြလာကြသည်ကို တွေ့ကြရမည်သာ ဖြစ်၏။

စင်စစ်လူတိုင်းရရှိခံစားရသည့် ကုသိုလ်ကံ အခွင့်အရေးချင်းက မတူညီနိုင်။ အချို့သည် ကြီးကျယ်သည့် ယှဉ်ပြိုင်မှုများ၊ စိန်ခေါ်မှုများ မရှိပါဘဲ လူသိများနှစ်ခြိုက်ခြင်းကို ခံရကာ ထင်ပေါ်ကျော်ကြား သွားသူများလည်းရှိ၏။ အချို့ ခက်ခက်ခဲခဲယှဉ်ပြိုင်ကာ ဇွဲလုံ့လကိုအရင်းတည်ပြီး အောင်မြင်သူများလည်း ရှိ၏။ အချို့ကားမည့်သို့ပင် လူသိများစေရန်၊ လူကြိုက်များစေရန် မည်သို့သော Performance မျိုးများရှိနေစေကာမူ ထင်သလောက် ပေါက်မြောက်ခြင်း မရှိကြပေ။ အထူးသဖြင့် ထင်ပေါ်ကျော်ကြားလိုသူများနှင့် ထင်ပေါ်ကျော်ကြားနေသူများအားလုံးတို့၏ နှလုံးသားတွင် "မှတ်ပိုက်ထားသင့်သည်မှာ ကိုယ်ကျင့်သီလသည် ဆင်းရဲသား၏ ငွေပင်ငွေရင်းပင်ဖြစ်သည်" ဆိုသည့် အချက်ပင်ဖြစ်သည်။

အဓိကဆိုလိုချင်သည်မှာ ကိုယ်ကျင့်တရားပင်ဖြစ်သည်။ လူတစ်ဦးတွင် ပညာမဲ့ခြင်း၊ ဥစ္စာပစ္စည်းမဲ့ခြင်းထက် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းကား မရှိခြင်း၏ အဆုံးမဲ့သို့ တွန်းပို့စေခြင်းသာဖြစ်သည်။

သို့ဖြစ်ရာ မိမိ၏ ထင်ပေါ်ကျော်ကြားလိုမှု၊ နာမည်ကောင်း တစ်ခုရဖို့ဆိုသည်မှာ မိမိ၏ကိုယ်ကျင့်တရားနှင့် များစွာနီးနွယ်ပတ်သက်နေသည်သာ ဖြစ်သည်။ ဆိုရလျှင် နာမည်ကောင်းတစ်ခုရရှိစေရန် လွယ်ကူလှသည် မဟုတ်သကဲ့သို့ ရရှိလာသည် နာမည်ကောင်း တစ်ခုကို ရေရှည်တည်တံ့ရန် ထိန်းသိမ်းရန်လည်း လွယ်ကူလှသည် မဟုတ်။

### လေးစားတန်ဖိုးထား

လူတို့သည် ဆင်းရဲဒဏ်ကို ခံနိုင်ကြသည်။ ချမ်းသာမှုဒဏ်ကို မခံနိုင်ကြဟုဆိုသည်။ ထို့အတူ ထင်ပေါ်ကျော်ကြားမှုကိုလည်း တလွဲအသုံးချလိုကြသည်။ ထင်ပေါ်ကျော်ကြားမှုသည် လူ့အသိုက်အဝန်းအတွင်း နေချင်သလိုနေ၍ လုပ်ချင်သလို လုပ်နိုင်ရန် အခွင့်အရေး တစ်ရပ်ရရှိထားခြင်းမဟုတ်။ မိမိနှင့် မိမိပတ်ဝန်းကျင် (သို့) မိမိကို အထူးတလည် အသိအမှတ်ပြုရသူများအား ပြန်၍လေးစားတန်ဖိုးထားရန်ပင် ဖြစ်သည်။

စင်စစ် ထင်ပေါ်ကျော်ကြားသူ၊ နာမည်တစ် လုံးရနေသူများသည် အစစအရာရာ ဆင်ခြင်နှိုင်းဆနိုင်မှ တန်ရာကျပါသည်။ အကြောင်းမှာ မိမိတို့သည် တစ်တိုင်းပြည်လုံးကို ကိုယ်စားမပြုသည့်တိုင် လူ့အဖွဲ့အစည်း အဝန်းအဝိုင်းအတွင်းရှိ အများစု အသိအမှတ်ပြုခြင်းကို ခံနေရရာ စံနမူနာပြဖြစ်လျှင်ဖြစ်၊ သို့မဟုတ်ပါက စိတ်ပျက် အားလျော့စရာ အထင်သေးစရာမဖြစ်ဖို့တော့ အထူးလိုအပ်လှပါသည်။

### ဘယ်သူမပြု မိမိမှု

ထင်ပေါ်ကျော်ကြားသူများ၊ နာမည်ကောင်းရထားသူများသည် မည်သည့်အလုပ်ကိုမျှ ပေါ့ပေါ့ဆဆတွေး၍ စိတ်လိုက်မာန်ပါ မလုပ်ရန်လိုသည်။ ဘယ်သူမပြု မိမိမှု ဆိုသကဲ့သို့ မိမိတို့ဖောက်ခဲ့သည့်လမ်း ရုန်းကန်ခဲ့ရသည့် ဘဝရယူခဲ့ရသည့်အောင်မြင်မှုများသည် လွယ်လွယ်ကလေးတည်ဆောက်ခဲ့ကြရသည် မဟုတ်ပါ။ များစွာရင်းနှီးပေး ဆပ်ခဲ့ရသည်သာဖြစ်သည်။ နာမည်ကောင်း တစ်ခုရဖို့ ကြိုးစားခဲ့ရသော်လည်း ယင်းနာမည်ကောင်း တစ်ခုသည်ပင် အချိန်တိုအတွင်း လျင်မြန်စွာလွင့်ပျယ်သွားရန် လွယ်ကူလှသည်။ ထို့အတူပင် နာမည်ကျော်ကြားဖို့ လူသိများဖို့ မိမိ၏အရှက်အကြောက်တရားကို စွန့်ပယ်ခြင်း၊ မိမိ၏ကိုယ်ကျင့်တရားကို နင်းခြေမွခံရခြင်းသည် ကျရှုံးခြင်း၏ နိဒါန်းပင်ဖြစ်သည်။ ခေတ္တပျော်၍ အရှည်နိမ့်ကျနေမည့် ဘဝနေထိုင်မှုမျိုးကို မလျှောက်လှမ်းသင့်ပေ။

ထို့ကြောင့် နာမည်တစ်ခုသည် ကံကောင်း၍ ရလာခြင်းမဟုတ်ပါ။ မိမိ၏ အပြောအဆိုအနေအထိုင် အကျင့်အကြံနှင့် ဉာဏ်ပညာစွမ်းရည်အလိုက် ရရှိကြခြင်းပင်ဖြစ်သည်။ သူခိုးဓားပြဆိုသည်မှာလည်း အကြောင်းမဲ့ရမည်မဟုတ်။ လူကောင်းသူကောင်းဆိုသည်မှာလည်း အခမဲ့ရကြသည်တော့ မဟုတ်။ မိမိတို့၏ သိစိတ်ကြောင့်ဖြစ်စေ မသိစိတ်ကြောင့်ဖြစ်စေ မိမိတို့၏ပြုမူဆောင်ရွက်မှုများမှ ပေါ်ထွက်လာခဲ့သည့် ပုံရိပ် များပင်ဖြစ်သည်။ သို့ဖြစ်၍ ရှေးလူကြီးသူမများက "လူသာသေချင်သေပါစေ နာမည်တော့ မသေစေနှင့်" ဟူ၍ ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ။

# လာမယ့်နှစ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲရဲ့ ပရိုမိုးရှင်းသံတမန်ဖြစ်လာတဲ့ ဂျန်ဂန်ဆွတ်




တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသား တစ်ဦးဖြစ်တဲ့ ဂျန်ဂန်ဆွတ်ကိုတော့ မြန်မာ ပရိသတ်တွေက အိန်ဂျယ်ချစ်သူဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား ထယ်ကျွမ်းအဖြစ် စတင်သိကျွမ်းခဲ့ကြတာဖြစ်ပါတယ်။ သူဟာ လာမယ့်နှစ်အတွင်း တောင်ကိုရီးယားမှာ ကျင်းပသွားမယ့် ၂၀၁၈ ခုနှစ် ဆောင်းရာသီအိုလံပစ်ပွဲတွေအတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကို လုပ်ဆောင်ဖို့ သံတမန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြုံချမ်းမှာ ကျင်းပသွားမယ့် လာမယ့်နှစ်ရဲ့ ဆောင်းရာသီအိုလံပစ်ပွဲတော်မှာ သံတမန်တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရတဲ့ ဂျန်ဂန်ဆွတ်ကို တောင်ကိုရီးယားအစိုးရက ပြီးခဲ့တဲ့ ဒီဇင်ဘာ ၈ ရက်မှာ အခမ်းအနားနဲ့ ဂုဏ်ပြုခန့်အပ်ပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဂျန်ဂန်ဆွတ်ဟာ ပြုံးချမ်း ဆောင်းရာသီအိုလံပစ်ပွဲတော်အပြင် ပြုံချမ်း ဆောင်းရာသီပါရာအိုလံပစ်ပြိုင်ပွဲရဲ့ ပရိုမိုးရှင်းသံတမန်အဖြစ်ပါ ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

ဂျန်ဂန်ဆွတ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးက "၂၀၁၈ ပြုံချမ်းအိုလံပစ်နဲ့ ၂၀၁၈ ပြုံချမ်းပါရာအိုလံပစ်ပွဲတွေအတွက် ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်ခွင့်ရတာ တကယ့်ကိုဂုဏ်ယူစရာပါ။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၈ ခုနှစ် အိုလံပစ်ပွဲတော်အပြီး နှစ်ပေါင်း ၃၀ ကြာမှာ ပြန်လည်ပြုလုပ်ခွင့်ရတဲ့ပွဲလည်း ဖြစ်ပါတယ်။ ဂျန်ကလည်း နိုင်ငံကိုယ်စားပြုသူတစ်ဦးအဖြစ် တက်တက်ကြွကြွပါဝင်လုပ်ဆောင်သွားဖို့ ဆန္ဒပြင်းပြနေပါတယ်။ သူဟာ ဒီဆောင်းရာသီအိုလံပစ်ပွဲတော်အကြောင်း၊ တောင်ကိုရီးယားနိုင်ငံနဲ့ ဂန်းဝန်ပြည်နယ်အကြောင်းတွေကို အများသိအောင်လုပ်ဆောင်ပေးဖို့ ကြိုးစားလုပ်ဆောင်သွားမှာပါ"လို့ ပြောကြားခဲ့ပါတယ်။

သံတမန်အဖြစ် ဂျန်ဂန်ဆွတ်ကို ရွေးချယ်ဖြစ်ခဲ့တာနဲ့ပတ်သက်ပြီး ဂန်းဝန်ပြည်နယ်ရဲ့အုပ်ချုပ်ရေးမှူး ချွိုင်မွန်စွန်းက ဂျန်ဂန်ဆွတ်ဟာ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်နဲ့ အခြားသော အာရှနိုင်ငံများအကြား ယဉ်ကျေးမှုပေါင်းကူးပေးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တာကြောင့် ဖြစ်ကြောင်းနဲ့ လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပမယ့် တိုကျိုအိုလံပစ်နဲ့ ၂၀၂၂ မှာ ကျင်းပမယ့် ဘေဂျင်းအိုလံပစ်တို့အတွက် ပြုလုပ်သွားမယ့် ပရိုမိုးရှင်းလုပ်ငန်းလုပ်ဆောင်သူတွေရဲ့ စံပြအဖြစ် လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်တာကြောင့် ရွေးချယ်ဖြစ်ခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ပြုံချမ်းအိုလံပစ်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂျန်ဂန်ဆွတ်ဟာ လက်မှတ်ပေါင်း ၂၀၁၈ စောင်ကို ရောင်းချပေးရမှာဖြစ်ပြီး ပရိသတ် ၂၀၁၈ ဦးကို အိုလံပစ်ပွဲတော်ကို လာရောက်အားပေးဖို့အတွက် ဖိတ်ခေါ်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဂျန်ဟာ ပါဝင်ကစားကြမယ့် အားကစားသမားတွေနဲ့လည်း မှတ်တမ်းဗီဒီယိုကို ရိုက်ကူးရမှာဖြစ်ပါတယ်။ ဂျန်ကန်ဆွတ်ဘက်ကလည်း လာမယ့် အိုလံပစ်ပွဲတော်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကို သူ့ရဲ့ လာမယ့်နှစ်အစောပိုင်းမှာ တိုကျိုနဲ့ အိုဆာကာမှာ ကျင်းပသွားမယ့် နယ်လှည့်ဖျော်ဖြေပွဲတွေမှာပါ ဆောင်ရွက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ခြောက်နှစ်ကျော်အကြာက အနုပညာကြေးကို မရသေးကြောင်း ကူဟေဆန်းဖွင့်ဟ

တောင်ကိုရီးယား သရုပ်ဆောင်တစ်ဦးဖြစ်သူ ကူဟေဆန်းဟာ လွန်ခဲ့တဲ့ နှစ်များစွာအကြာက ဒရမ်မာရုပ်ရှင်ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အနုပညာကြေးကို လတ်တလော အချိန်အထိ လက်ခံရယူခဲ့ပြီးခြင်း မရှိသေးဘူးလို့ ဖွင့်ဟခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ကူဟေဆန်းဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်အတွက် အနုပညာကြေးရရှိဖို့ ကျန်နေသေးတာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲ ရုပ်ရှင်ကို ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင်ထုတ်လုပ်ရေးက မပေးသေးတာဖြစ်ပါတယ်။ တရားရုံးက အနုပညာကြေးတွေကို ပေးဆောင်ဖို့ အမိန့်ချမှတ်ခဲ့ပေမယ့် ခြောက်နှစ်ကျော်ကြာသည်အထိ မရသေးတာလည်း ဖြစ်ပါတယ်။ ကူဟေဆန်း မရသေးတဲ့ အနုပညာကြေးကတော့ ဝမ်သန်း ၂၆၀ ဖြစ်တယ်လို့လည်း သိရပါတယ်။

တောင်ကိုရီးယား EMA ရဲ့ ပြောကြားချက်အရ အနုပညာရှင်များစွာဟာ အလုပ်ပြီးသည့်တိုင် အနုပညာကြေးမရတာတွေ ရှိနေကြောင်းလည်း သိရပါတယ်။ ကူဟေဆန်းရဲ့ ကိစ္စနဲ့ပတ်သက်ပြီး အနုပညာကြေးပေးဆောင်ရမယ့် ကုမ္ပဏီက ပေးဆောင်ရမယ့်ရက် ရွှေ့ဆိုင်းနေမှုအပေါ် ဖိအားတွေပေးသွားမှာဖြစ်တယ်လို့လည်းဆိုပါတယ်။ ကူဟေဆန်းလိုပဲ အနုပညာကြေးရရှိဖို့ရာ ကျန်ရှိနေတဲ့ အနုပညာရှင်တွေထဲမှာတော့ လက်ရှိမှာ ကင်ဆာရောဂါခံစားနေရတဲ့ မင်းသား ကမ်ဝူဘင်နဲ့ မင်းသမီး ဂိုဆိုးတို့လည်း ပါဝင်နေကြပါတယ်။ ကမ်ဝူဘင်ကတော့ ဝမ် ၆၆ သန်းရရှိဖို့ ကျန်နေသေးတာဖြစ်ပြီး ဂိုဆိုးကတော့ ဝမ် ၁၂၅ သန်း ကျန်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

# ကောလာဟာလများ အကြားက ဟောလီဝုဒ် ကြယ်ပွင့်များ

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလီဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာလဟာတွေအထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။

အေးပြည့် စုစည်းသည်

## ချစ်သူနဲ့ လမ်းခွဲခဲ့ချိန်က တကယ့်ကို ခက်ခဲခဲ့ပါတယ်

ဟောလီဝုဒ်ရဲ့ တက်သစ်စသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကိုးလ်ဂရေ့စ်မိုရက်ဇ်ဟာ မကြာသေးမီကမှ ချစ်သူ ဘရွတ်ခ်ကလင်းဘတ်ခမ်းနဲ့ နောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့တာဖြစ်ပါတယ်။ ဒီလိုချစ်သူဟောင်းနဲ့ ပြန်လည်ဇာတ်လမ်းဆက်ခဲ့တဲ့ ကိုးလ်က လတ်တလောမှာတော့ ဘရွတ်ခ်လင်းနဲ့ လမ်းခွဲခဲ့ချိန်ကာလအတွင်း သူ့ရဲ့ခံစားချက်တွေကို ပြန်လည်မျှဝေခဲ့တာဖြစ်ပါတယ်။ ကိုးလ်ထုတ်ဖော်ပြောကြားချက်အရ ဘရွတ်ခ်လင်းနဲ့ လမ်းခွဲခဲ့ချိန်ဟာ သူ့အတွက် အလွန်ကို ပင်ပန်းခဲ့ရကြောင်းလည်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၂၀)အရွယ်ရှိပြီဖြစ်တဲ့ ကိုးလ်နဲ့ ဘောလုံးကြယ်ပွင့် ဒေးဗဟ်ဘတ်ခမ်းနဲ့ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဗစ်တိုးရီးယားဘတ်ခမ်းတို့ရဲ့ သားဖြစ်သူ ဘရွတ်ခ်လင်းဘတ်ခမ်းတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအချိန်နောက်ပိုင်းကစလို့ ချစ်သူနဲ့ သီးခြားစီ ရှင်သန်နေရတဲ့ သူ့အတွက် ခက်ခဲတဲ့အချိန်တွေ ဖြစ်ခဲ့ရကြောင်း ကိုးလ်က မီဒီယာကို ရင်ဖွင့်ခဲ့တာလည်း ဖြစ်ပါတယ်။

ကိုးလ်က "ကျွန်မအနေနဲ့ ခက်ခဲတဲ့အချိန်တွေကို ဖြတ်သန်းခဲ့ရပြီးတဲ့နောက် ဆက်လက်ဖုံးကွယ်ထားလိုတဲ့ ဆန္ဒမရှိတော့ပါဘူး။ အရင်ကတော့ ကျွန်မဟာ ကြီးပြင်းလာတာနဲ့အမျှ အောင်မြင်မှုတွေကိုလည်း ထပ်ဆောင်းရရှိလာခဲ့ပါတယ်။ ဒီလိုအချိန် ကျွန်မမှာ ချစ်သူရှိနေပြီး ဒီအကြောင်းတွေဟာလည်း တကယ်ကို လူသိရှင်ကြားဖြစ်ခဲ့တာပါ။ ဒါကြောင့် ကျွန်မဖုံးကွယ်ထားချင်ခဲ့ပါတယ်"လို့ ပြန်လည်ရင်ဖွင့်ခဲ့ပါတယ်။

"Neighbors 2"ရဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ကိုးလ်က သူ့ရဲ့ခက်ခဲတဲ့အချိန်တွေကို ကူညီဖေးမပေးခဲ့တဲ့သူကတော့ မိသားစုဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ လတ်တလောမှာတော့ ကိုးလ်နဲ့ အသက် (၁၈)နှစ်အရွယ် ဘရွတ်ခ်လင်းဘတ်ခမ်းတို့ဟာ ပျော်ရွှင်စွာ ပြန်လည်လက်တွဲခဲ့ပြီဖြစ်ကာ မကြာသေးမီကလည်း ကိုးလ်ရဲ့ ရုပ်ရှင်ရိုက်ကွင်းကို ဘရွတ်ခ်လင်းက သွားရောက်လည်ပတ်ကာ ချစ်သူကို အံ့အားသင့်စေခဲ့တာကိုလည်း တွေ့ရပါတယ်။

- - - - - - - - - - -

## ဂျိုးအော်ဝင်န်နဲ့အတူတွဲကာတွေ့ခဲ့ရပြန်တဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ကို ချစ်သူသစ်ဖြစ်တဲ့ ဗြိတိန်နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျိုးအော်ဝင်န်နဲ့ ပြီးခဲ့တဲ့ သောကြာနေ့က အတူတွေ့ခဲ့ရပြီး နှစ်ဦးသား ချိန်းဆိုတွေ့ဆုံခဲ့ကြတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ယခုနှစ်အစောပိုင်းကစပြီး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်ခဲ့ပေမယ့် လတ်တလောအချိန်အထိ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၈ ရက်မှာတော့ တေလာဆွစ်ဟာ "iHeartRadio"က ကျင်းပပြုလုပ်တဲ့ ဖျော်ဖြေပွဲမှာပါဝင်ဖျော်ဖြေခဲ့ပြီး ဖျော်ဖြေပွဲအပြီးမှာတော့ ဂျိုးအော်ဝင်န်နဲ့ အတူ ချိန်းဆိုကာ ညစာစားခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းဖျော်ဖြေပွဲအပြီးမှာ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ အတူလက်တွဲကာ ဖျော်ဖြေပွဲကို တက်ရောက်ခဲ့ပြီး ဖျော်ဖြေပွဲကျင်းပရာ ခန်းမထဲမှာရောအပြင်မှာပါ လက်ချင်းတွဲကာ သွားနေတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးဟာ တွဲဖက်ကာ ဓာတ်ပုံအရိုက်ခံခဲ့ကြောင်းလည်း သိရပါတယ်။ ယခင်က နှစ်ဦးသား အတူတွေ့ဆုံခဲ့စဉ်မှာတော့ မီဒီယာတွေကို ရှောင်ရှားကာ အမြဲလိုလိုဓာတ်ပုံ အရိုက်မခံခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ ဓာတ်ပုံအရိုက်ခံခဲ့တာလည်း ဖြစ်ပါတယ်။

တေလာဆွစ်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်မှာ သူ့ရဲ့ခြောက်ခုမြောက်နဲ့ နောက်ဆုံးတေးအယ်လ်ဘမ်ဖြစ်တဲ့ "Reputation"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး တေးအယ်လ်ဘမ်သစ်နဲ့အတူ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်မစတင်မီက သူ့ရဲ့သတင်းတွေနဲ့ပတ်သက်ပြီး မီဒီယာတွေကို အသိပေးခဲ့ခြင်းမရှိပါဘူး။ တေးဂီတလှုပ်ရှားမှုနဲ့ပတ်သက်တဲ့ သတင်းတွေအပြင် သူ့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာသတင်းတွေကိုပါ လျှို့ဝှက်ထားခဲ့တာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ချိန်မှာတော့ လူမှုကွန်ရက်မီဒီယာပေါ် ပြန်လည်တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ ဂျိုးအော်ဝင်န်နဲ့ လက်တွဲခဲ့ပြီးနောက်မှာ လျှို့ဝှက်တွေ့ဆုံခဲ့တာဖြစ်ပြီး နိုင်ငံခြားမှာ ချိန်းဆိုတွေ့ဆုံလေ့ရှိကာ အများအားဖြင့် အင်္ဂလန်မှာ တွေ့ဆုံလေ့ရှိတာကိုလည်း တွေ့ရပါတယ်။ နောက်ပိုင်းမှာတော့ တေလာဆွစ်ဟာ လက်ရှိချစ်သူ ဂျိုးအော်ဝင်န်နဲ့ တွဲသွားတွဲလာလုပ်ခဲ့ပြီး ယခုလို အနုပညာအခမ်းအနားတွေမှာပါ အတူတက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း တေလာဆွစ်ဟာ လတ်တလောအချိန်အထိတော့ ဂျိုးအော်ဝင်န်နဲ့ သူ့ရဲ့ဇာတ်လမ်းကို တရားဝင်ထုတ်ဖော်ပြောကြားအသိပေးတာမျိုးတော့ မရှိသေးတာကိုလည်း တွေ့ရပါတယ်။

ဂုဏ်ထူး မြန်မာစာ
မြန်မာစာ အတတ်သင်ကျောင်း
တရားဝင် အပ်နှံနိုင်ပြီ
ဧရာ
• တစီစာကုံး နှင့် သဒ္ဒါ အထူးတန်းများ
• (၈၊၉၊၁၀)သင်ရိုးကုန် တစ်ခွဲစီသာ
ပြီးလဲပြီးစေ ပိုင်လဲ ပိုင်စေသည်
မှတ်ချက် ကျန်းမာရေး၊ အသိ၊ သတိ အရ နှစ်တိုင်းထက် တန်းခွဲ ထက်ဝက်မျှသာ ဖွင့်လှစ်နိုင်ပါသည်.
• မတ်လ(၉)ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈(ဒု)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၀၉၊ ၀၉ ၄၅၀၀၅၅၈၅၂၊ ၀၉ ၅၀ ၁၂၆၁၁

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
"ရွှေပင်နားမှ ရွှေကျေး"
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ပညာရေး အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ



■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်းအထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။

• နေ့တက် ဘော်ဒါ လက်ခံသည်၊ ကိုယ်တိုင်လာရောက် စုံစမ်းလှည့်ပါ။ ထူးခြား၍ ထူးချွန်ရမည်။

ကျောင်းလိပ်စာ
● မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ဗွတ္တိတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄ ၂၀၁၀၇၂၇၊ ၀၉ ၉၆၇၇၆၇၅၁၉

"အတု မရှိ၊ အတူမရှိ ပညာရေးအင်အား"
• ဂုဏ်ထူးဦးသိန်းနိုင်
• ဆရာ နေအုပ်(စိန်ပေါင်)
• ဂုဏ်ထူးဦးအောင်နိုင်
• ဒေါက်တာညီညီ(Ph.D)
• ပါမောက္ခ ဒေါက်တာထွန်းခင်
• ဆရာမကြီး ဒေါ်ဆွေညွှန့်လွင်
• ဆရာ ဇော်လင်းအောင်
• ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်
အထွေထွေအုပ်ချုပ်ရေးမှူး...
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)

ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံး (၉၂. ၁၁)%
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၃/၀၉/၀၂၈
# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ
(၂၀၁၇) ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ချက် အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏
ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို Gandamar Grand Ballroom တွင်(၂၈. ၁၀. ၂၀၁၇)စနေနေ့က ဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။
၅–တန်း မှ ၁၀–တန်း အထိ ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ ၂၀၁၈–၁၉ ပညာသင်နှစ် အတွက်ကျောင်းအပ်လက်ခံပြီ



အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၁ ၈၅၆၂၈၃၀ တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။ Ferry ရှိသည်

သောက ကင်းဝေး စိတ်အေးစေနိုင် FNI

FNI
FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

FNI ၏ Customer များ အာမခံလုပ်ငန်းများ ကို
အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်
မြစ်ကြီးနားရုံးခွဲ အား ယနေ့ (၁၁–၁၂–၂၀၁၇)တွင်
ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

NOW OPEN

MYITKYINA OFFICE
No.304, Room(4), Pyi Htaung Su Street, Myo Thit Ward, Myitkyina.
Tel : 074-2529293, 09-400072626, 09-400072727, 09-400137070

www.fnipublic.com

YANGON (HEAD OFFICE)
No. 400/406, Merchant Road, Botahtaung Township,Yangon.
Tel: 01-8610661~5, Fax: 01-8610675, 01-8610676
E-mail: customerservices@fnipublic.com

MAYANGONE BRANCH
No.220, Thamine Butaryone Street,Mayangone Township,Yangon.
Tel: 09-444435037~8, Fax : 01-9666163

SANCHAUNG BRANCH
No.27/A-1, Baho Road, Sanchaung Township, Yangon.
Tel : 09-444435067-9

MANDALAY
No.176, 81 Street & 26 Street of Coner, Pyi Gyi Kyatthayay Ward, Aung Myay Thar Zan Township, Mandalay, Myanmar.
Tel : 02-60027, 09-423687900, 09-423687166, Fax : 02-60034

MAWLAMYINE
No. 223, Corner of Lower Main Road & Thida Street, Shwe Taung Ward, Mawlamyine, Myanmar.
Tel : 09-442258990, 09-442258991, 057-26538, Fax : 057-24404.

MONYWA
No.8/10, Bo Gyoke Road, Aye Thar Yar Ward, Monywa, Myanmar.
Tel : 09-442258992~3, 071-28131, Fax : 071-26281.

PYAY
No.35, Bo Gyoke Road, Ywar Bel Ward, Pyay, Myanmar.
Tel : 09-442258994, 09-442258995, 053-24220, Fax : 053-25607.

NAY PYI TAW
No.190, Yaza Htar Ni Road, Aung Thar Yar Ward, Potebathiyi Township, Oattaya District, Nay Pyi Taw, Myanmar.
Tel : 067-25902, 09-404090049, 09-4040900094, Fax : 067-25903





မိမိယုံကြည်ကိုးကွယ်ရာ
ဘာသာတရားကဲ့သို့
အခြားဘာသာတရားများသည်လည်း
ကောင်းမွန်၊ မြင့်မြတ်သော
ရည်ရွယ်ချက်များရှိကြောင်း
မသိခြင်းသည်
ဘာသာရေးပဋိပက္ခအပေါင်း၏
အခြေခံအကြောင်းတရားဖြစ်သည်ဟု
ကျွန်တော်အလေးအနက်
ယုံကြည်ပါသည်။

ဦးမြင့်ဝေ (ကြို့ပင်ကောက်)




**ရန်ကုန်...** City Mart ၊ စာပေဗိမာန်၊ စာပေနန်းတော်
စာပေလောကစာအုပ်ဆိုင်များ၊
ပိဋကတ်သုံးပုံစာအုပ်ဆိုင် (ကမ္ဘာအေးဘုရားအနီး)၊
ရွှေတိဂုံစောင်းတန်းရှိ စာအုပ်ဆိုင်များ

**မန္တလေး...** ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီစာပေ
တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

နယ်မှ မှာယူလိုသူများ ငါးအုပ်နှင့်အထက်
ပို့ပေးပါသည်။
ဖုန်း- ၀၉-၇၉၃၉၅၉၀၃၀၊ ၀၉-၂၅၃၃၂၅၆၆၅၊
၀၉-၇၈၁၀၀၀၆၇၃၊






ဦးသာချင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
လေငန်းပေါ်၍ကိုယ်တစ်ခြမ်းသေခြင်း၊
ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း
ဖြစ်ကျွင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာချင်ဆေးတိုက်
Certificate TH06/3966.01

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃စီ၂အင်န်၊မြေကွက်အမှတ်- V၉၉၊ မြေကွက်တည်နေရာအမှတ်-၁၈၊သုခလမ်း၊ကျောက်မြောင်းကြီးရပ်ကွက်၊တာမွေမြို့နယ်၊ဒေါ်ပြုံးရီ(၁၂/တမန(နိုင်)၀၄၄၆၇၄)ကိုယ်တိုင်မှဂရန်မူရင်း၊မြေခွန်ပြေစာတို့တင်ပြပြီးဂရန်သက်တမ်းတိုးလျှောက်ထားလာရာမြေရာဇဝင်မှတ်ချက်ရှိ(၁၉၉၆)ခုနှစ်ကမြေပုံမြေရာဇဝင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ဒေါ်ပြုံးရီမှအဆိုပါမြေပုံမြေရာဇဝင်လျှောက်ထားခဲ့ခြင်းသည်အိမ်ဆောက်ရန်အတွက်ကူးယူခဲ့ခြင်းဖြစ်ကြောင်း၊အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းပုဇွန်တောင်မြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်-၈-၂၇၃/၂၀၁၇(၄-၈-၂၀၁၇)တို့တင်ပြရှင်းလင်းပါသည်။မြေပြင်ကွင်းဆင်းစိစစ်ခဲ့ရာတွင်မြေပြင်၌(၆)ထပ်(၂)ခန်းတွဲ(၁)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်(၂)ခန်းနှင့်ကျန်အခန်းများသည်အပျောက်ခန်းများရှိပြီးလျှောက်ထားသူမှအပျောက်ခန်းများနှင့်ပတ်သက်၍တာဝန်ယူကြောင်းဝန်ခံကတိတို့တင်ပြ၍ဂရန်သက်တမ်းတိုးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်(၃၇၅)၊ အမည်ပေါက်-ဦးခင်မောင်ဝင်း(ကွယ်လွန်)၏သမီး ဒေါ်တင်တင်ဦးမှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၃၈/က)၊မြေကွက်အမှတ်(၁၀/က)၊ မြေကွက်တည်နေရာအမှတ်(၁၀/က)၊ဘုံရှည်ကုန်းရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဦးဘိုးချို့အမည်ပေါက် "ဝ" မြေ၃(က)ရပြီးမြေအားအမည်ပေါက်ထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူသူဦးဆေစိုးထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူသူဒေါ်နန်းလိတ်(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်သီသီအေး)မှတရားလိုပြုလုပ်၍ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်-၃၀၅/၂၀၁၆(၁၂-၁၀-၂၀၁၆)ဖြင့်ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အားမှတ်ပုံတင်ပေးစေလိုမှုစီရင်ချက်ဖြင့်ဦးဝေစိုးအားတရားပြိုင်ထားရှိပြီးတရားစွဲဆိုခဲ့ရာတရားလိုမှအနိုင်ဒီကရီရရှိခဲ့ပြီးတရားမစီရင်မှုအမှတ်-၁၀၂/၂၀၁၆(၁-၁၂-၂၀၁၆)အရတရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက်တရားရုံးမှခန့်အပ်ခြင်းခံရသူဒေါ်အေးငြိမ်းနိုင်(ဘီလစ်)(၁၂/မရက(နိုင်)၁၄၃၇၃၉)မှတရားရုံးဒီကရီအထောက်အထားများ၊၈-၁၁-၂၀၁၇ရက်စွဲပါစာအမှတ်၊၂၉၉၂/ခရိုင်/၂၀၁၇အရတရားရုံးမှတာဝန်ပေးအပ်ခြင်းစာနှင့်နေ့စဉ်မှတ်တမ်း၊၃(က)ဝန်ခံချက်လက်မှတ်တို့တင်ပြ၍အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၃၈/က)၊မြေကွက်အမှတ်(၁၀)၏တစ်စိတ်တစ်ဒေသ၊မြေကွက်တည်နေရာအမှတ်(၁၀)၊ဘုံရှည်ကုန်းရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ကိုဘိုးချို့အမည်ပေါက်၊ "ဝ" မြေ($R_3$,$R_4$)မြေအားအမည်ပေါက်ထံမှအရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူသူဒေါ်ရင်မွေး(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စုစုလှိုင်)မှတရားလိုပြုလုပ်၍ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏တရားမကြီးမှုအမှတ်-၈၄/၂၀၁၇(၃၀-၃-၁၇)ဖြင့်ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အားမှတ်ပုံတင်ပေးစေလိုမှုဖြင့်ဒေါ်နန်းမြင့်အားတရားပြိုင်ထားရှိပြီးတရားစွဲဆိုခဲ့ရာတရားလိုမှအနိုင်ဒီကရီရရှိခဲ့ပြီးတရားမစီရင်မှုအမှတ်-၄၈/၂၀၁၇(၁၇-၅-၁၇)အရတရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက်တရားရုံးမှခန့်အပ်ခြင်းခံရသူဒေါ်သူဇာမွန်(ဘီလစ်)(၁၂/လကန(နိုင်)၁၄၈၃၀၈)မှတရားရုံးဒီကရီအထောက်အထားများ၊(၁၈-၅-၂၀၁၇)ရက်စွဲပါတရားရုံးမှတာဝန်ပေးအပ်ခြင်းစာနှင့်နေ့စဉ်မှတ်တမ်းတို့တင်ပြ၍၃(က)ဝန်ခံချက်လက်မှတ်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

YOMA STRATEGIC HOLDINGS LTD.

# CPCL

NEW HOLLAND AGRICULTURE

ဖော်ပြပါကျွန်ုပ်တို့ ဝန်ဆောင်မှုများအား သင်ရရှိခံစားလိုပါက ယခုပင်နီးစပ်ရာနယူးဟော်လန်ရုံးခွဲများ (သို့မဟုတ်) နီးစပ်ရာစက်မှုလယ်ယာစခန်းများသို့ ဆက်သွယ်ဝယ်ယူလိုက်ပါ ........

## " လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့ "

## ရုံးခွဲပေါင်း (၁၅) ခုဖွင့်လှစ်ပြီး .....




- အကောင်းဆုံးထဲမှ အကောင်းဆုံးလယ်ထွန်စက် နယူးဟော်လန်




- အပိုပစ္စည်းများကို အချိန်မရွေး အလွယ်တကူဝယ်ယူအသုံးပြုနိုင်ခြင်း




- ရိုးမဘဏ်နှင့်ချိတ်ဆက်၍ ၁နှစ်၊ ၂နှစ်၊ ၃နှစ် ဖြင့်ဝယ်ယူလိုလျှင် ၁၀%၊ (သို့မဟုတ်) ၃၀% ကနဦးပေးသွင်းပြီး ၅နှစ် ဖြင့်ဝယ်ယူလိုလျှင် ၁၀% ကနဦးပေးသွင်းခြင်းဖြင့် ဝယ်ယူနိုင်ခြင်း
- နယူးဟော်လန်လယ်ထွန်စက်များကို နီးစပ်ရာစက်မှုလယ်ယာစခန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ၁၀% ကနဦးပေးသွင်းပြီး (၃) နှစ် (၇) ရစ် စနစ်ဖြင့်ဝယ်ယူနိုင်ခြင်း
- ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုများကိုအကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ (၂၂ ဖွဲ့) ဖွဲ့စည်းထားခြင်း
- နယူးဟော်လန်လယ်ထွန်စက်များကို တစ်နှစ်တိတိအာမခံပေးထားပြီး အာမခံကာလအတွင်း စက်ပျက်စီးမှုရှိပါက ကောင်းမွန်အဆင်ပြေသည်အထိ ပြုပြင်လုပ်ဆောင်ပေးလျှက်ရှိခြင်း
- တောင်သူဦးကြီးများ ပိုမိုအဆင်ပြေစေရန် မြန်မာနိုင်ငံအနှံ့ရုံးခွဲပေါင်း (၁၅) ခုအထိ ဖွင့်လှစ်ပေးခဲ့ပြီး ရုံးခွဲများဆက်လက်ဖွင့်လှစ်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျှက်ရှိခြင်း
- တောင်သူဦးကြီးများအတွက် နယူးဟော်လန်လယ်ထွန်စက်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် မောင်းနှင်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျှက်ရှိခြင်း
- နယူးဟော်လန်လယ်ထွန်စက်များ၏ စက်စွမ်းဆောင်ရည်ကို တောင်သူဦးကြီးများပိုမိုသိရှိနားလည်စေရန် စက်စွမ်းရည်လက်တွေ့သရုပ်ပြပွဲများ ပြုလုပ်ပြသခြင်း

100 YEARS OF TRACTORS 1917-2017

**Hot Line : 09765642725**

### တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ

ရန်ကုန်ရုံးချုပ် : အမှတ် (၁၁၅၉)၊ (အက်ဖ်အမ်အိုင်) ပဒေသပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဆက်သွယ်ရန်ဖုန်း - ရန်ကုန် - ၀၁၃ - ၆၈၇၀၀၂~၀၀၃၊ ၆၈၇၈၈၁။

နယ်ရုံးခွဲများ : မန္တလေး - ၀၉ ၄၃၀၁၄၄၅၂၊ နေပြည်တော် - ၀၉ ၄၄၈၅၄၁၄၅၈၊ ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇၊ တောင်ကြီး - ၀၉ ၄၅၇၄၅၅၄၀၉၊ နောင်ချို - ၀၉ ၄၅၇ ၄၅၅၄၀၈၊ မောင်းကုန်း - ၀၉ ၇၇၁ ၃၄၃၂၃၈၊ ပခုက္ကူ - ၀၉ ၄၅၇ ၄၅၅၄၁၀၊ ပြည် - ၀၉ ၇၈၃ ၃၈၈၀၅၇၊ မကွေး - ၀၉ ၇၆၁ ၀၉၅၀၂၄၊ ဟင်္သာတ - ၀၉ ၄၅၃၂၃၅၈၈၀၊ မအူပင် - ၀၉ ၇၇၃၈၂၆၅၇၉၊ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀၊ လှိုင်ကော် - ၀၉ ၇၆၉၂၀၅၂၉၂၊ ရွှေဘို - ၀၉ ၉၆၃၄၇၃၉၄၃။

**မြင်းကောင်ရေ ၄၅ ကောင်မှ ၁၈၀ ထိ နယူးဟော်လန်လယ်ထွန်စက်များကို အဆင်ပြေစွာဝယ်ယူနိုင်ပါသည်။**




လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်၊
LCCI & Dip: IFR

| Level I+II | သင်တန်းချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | 16.Dec |
| Sec(B) Sat+Sun | 9-11 (am) | 23.Dec |
| Sec(C) Sat | 11-3 (pm) | 30.Dec |
| Sec(D) Sun | 11-3 (pm) | 31.Dec |
| Sec(E) Mon+Tue | 6-8 (pm) | 1. Jan |
| Sec(F) Fri | 12-4 (pm) | 5.Jan |
| Sec(G) Mon to Fri | 12-3 (pm) | 8. Jan |

| Level III | သင်တန်းချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 3- 8 (pm) | 16.Dec |
| Sec(B) Wed to Sun | 6- 8 (pm) | 23.Dec |
| Sec(C) Mon to Fri | 8-12 (am) | 1.Jan |

တန်းခွဲသစ်စမည်
ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ၊
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်။ လှည်းတန်းမှတ်တိုင်အနီး။ရန်ကုန်




**နေရာကောင်းတိုက်ခန်းကျယ် ပိုင်ရှင်ကိုယ်တိုင်လျှော့ရောင်းမည်။**
သုဝဏ္ဏ-ကမာကြည်လမ်းမကြီး ထောင့်ပေ(၁၈×၅၄) ၆လွှာ၊ အိပ်ခန်း ၁ခန်း Aircon ၁လုံး၊ ရှယ်ပြင်ဆင်ပြီး၊ view အလွန်ကောင်း၊ ရောင်း(၃၅၅) သိန်း ဖုန်း-၀၉-၇၉၉၅၇၆၂၀၁

**မြေကွက်များ ဝယ်လိုသည်**
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့မြို့နယ် များရှိမြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၀၀၉၄၀၀၄၁
ဖုန်း-၀၉-၄၀၀၉၄၀၀၄၂

ရှိုင်ရယ် ပတ္တမြား အဆင့်မြင့်ခရီး
ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ် 11000
မြဝတီ၊ မဲဆောက်၊ ဘားအံ ၃(၅)ဂူ ဆောကြာ 80000
မန္တလေး၊ ပြင်ဦးလွင်၊ ✱ ဇော်ရန်ဂျီကမ်းခြေ 70000
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ရွှေပြာအိုင် 70000
ပုဂံညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး 70000
ခရီးစဉ်တိုင်းကို အဆင့်မြင့်ကား/တည်းခိုခန်း/စားသောက်ဆိုင်/တဆင့်ကားခ အားလုံးငြိမ်း။
444463699, 444462599, 43054879

မြန်မာမြတ်ချယ်ရီ Travel & Tours
01-551240, 09-5003647
အရှေ့တန်တွဲ
ထိုင်ဝမ် (၆)ရက် $850
Jan 16/Mar 22
အမှတ်(၁၂၂/၁၂၄)၊ကျိုက္ကဆံလမ်း၊တာမွေ။Fb: Myanmar Myat Cherry Travel & Tours



## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတေဇထွန်း (Director)

## (Terabit Wave Co.,Ltd)

## အသက် (၅၃) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်လမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ အမှတ် (၁၁)နေ ဦးကျော်တင့်-ဒေါ်ခင်တီဦးတို့၏သားကြီး၊ ဦးဌေးလွင်-ဒေါ်သီတာအေး၊ ဦးကိုကိုခိုင်-ဒေါ်သူဇာခင်တို့၏အစ်ကို၊ ဒေါက်တာမြတ်ဆုသင်း၊ မောင်စစ်နိုင်တို့၏ ဖခင် ဒေါ်အေးအေးမွန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးပြေစိုး-မကုံကော်ခင်၊မောင်ကျော်မင်းဟိန်း၊ မဆုဆုစံတို့၏ဘကြီးသည် (၇.၁၂.၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ**

**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ညွှန့်(ခ)Robert Sims

### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်/စားဖျော်

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် 35-D၊ ပြည်လမ်း၊ (၇)မိုင်နေ MHR သင်တန်းကျောင်း၏ Academic Advisor ဖြစ်သူ ဆရာမကြီး ပါမောက္ခဒေါက်တာ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးဝင်းခိုင်-ဒေါ်ချိုနွယ်ညွှန့်တို့၏ဖခင် မောင်သက်ပိုင်ထွန်း၊ မောင်မျိုးထွန်းထက်တို့၏ အဘိုးဖြစ်သူ ဦးအောင်ညွှန့်သည် ၈-၁၂-၂၀၁၇ ရက် (သောကြာနေ့) နံနက်၆း၀၀နာရီတွင် ပါရမီအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MHR Management Institute မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်မောင်ဇော် (B.E Civil)

### အသက် (၅၉) နှစ်

Victoria University College တွင် ပညာသင်ကြား နေသော မနင်းသန္တာအောင်၏ချစ်လှစွာသော ဖခင်ကြီး ဦးမောင်မောင်ဇော် အသက် (၅၉)နှစ် သည် ၁.၁၂.၂၀၁၇ (သောကြာနေ့) တွင် ကွယ်လွန် သွားကြောင်း သိရပါ သဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်း ကြေကွဲရပါသည်။

Victoria University College

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်မောင်ဇော် (B.E Civil)

### အသက် (၅၉) နှစ်

Victoria University College တွင် ပညာသင်ကြားနေသော မနင်းသန္တာအောင်၏ချစ်လှစွာသော ဖခင်ကြီး ဦးမောင်မောင်ဇော် အသက် (၅၉)နှစ် သည် ၁.၁၂.၂၀၁၇(သောကြာနေ့) တွင် ကွယ်လွန် သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်း ကြေကွဲရပါသည်။

B.Eng(Hons:) Cohort-5 Civil Engineering

ဆရာ/မများနှင့် သူငယ်ချင်းများ

Victoria University College

## (၄)နှစ်ပြည့်လွမ်းဆွတ်အမှတ်ဝေခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ဆွမ်း ဒါယိကာမကြီး

### ဒေါ်အမာကြည်

### (၁၁-၁၂-၂၀၁၃မှ ၁၁-၁၂-၂၀၁၇)

သားသမီးများအပေါ် မေတ္တာကြီးမားပါသော မိခင်ကြီး ခွဲခွာသွားသည်မှာ (၄)နှစ်ပြည့်ပါပြီ။ မိခင်ကြီး လှူဒါန်းခဲ့သော ဆွမ်းအလှူကို လစဉ်လှူဒါန်းပါသည်။ မိခင်ကြီးအား ရည်စူး၍ ရွှေတိဂုံစေတီတော်အား မီးရောင်စုံပူဇော်ခြင်း၊ ဓမ္မာနန္ဒ ကျောင်းရှိ သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ နဝကမ္မ အလှူငွေများ လှူဒါန်း၍ လူပရိသတ်တို့အား နေ့လယ်စာဖြင့် ဒါနပြုခဲ့ပါသည်။

မေမေ ရောက်ရာအရပ်မှ မြင်နိုင် ကြားနိုင် သာဓုခေါ်ဆိုနိုင်ပါစေ-

အမျှ-အမျှ-အမျှ

**ချစ်ခင်ပွန်း-ဦးမောင်ကိုနှင့် သားသမီးများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီးအောင်ညွန့်(ငြိမ်း)

### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်စားဖျော်

### အသက်(၉၄)နှစ်

ပါမောက္ခဒေါက်တာဒေါ်လှမြင့်(ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းခိုင်၊ ဒေါ်ချိုနွယ်ညွန့်တို့၏ဖခင်၊ မောင်သက်ပိုင်ထွန်း၊ မောင်မျိုးမင်းထက်တို့၏အဘိုး၊ ဒုတိယဗိုလ်မှူးကြီးအောင်ညွန့် (ငြိမ်း)သည် ၈-၁၂-၂၀၁၇ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝါဏိဇ္ဇဗေဒဌာနဝန်ထမ်းမိသားစုများ**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်နု

### အသက်(၇၆)နှစ်

### လက်ထောက်အထွေထွေမန်နေဂျာ

### မြန်မာ့သစ်လုပ်ငန်း

ကျွန်တော်တို့ သူငယ်ချင်း ဦးတင်နုသည် ၅-၁၂-၂၀၁၇ရက်၌ ကွယ်လွန် သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၇-၁-၁၉၆၄ ခုနှစ်အလုပ်ဝင်**

**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်သက်ဇင်

### အသက်(၃၁)နှစ်

မန္တလေးပြည်သူ့ဆေးရုံကြီး၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ ဒေါက်တာဦးမိုးဟိန်း၏ဇနီး ဒေါ်ခင်သက်ဇင် အသက်(၃၁)နှစ်သည် ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခနှင့်ဆရာဝန်၊ ဆရာမများ**

**သွေးရောဂါအထူးကုဌာန**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

### မြေညီထပ်တိုက်ခန်းငှားရန်ရှိသည်။

အကျယ် 20'၊ အလျား 50'၊ အမြင့် 16'

ရွှေတောင်တန်းလမ်း အလယ်ဘလောက်၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၅၁၅၆၇၅၀၅

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မြေကွက်အမှတ်(၂၅၀၆/ခ)အား အမည်ပေါက် ဒေါ်အုန်းကြည်ထံမှ ဝယ်ယူထားသူ ဒေါ်မနှင်းကြူ[၁၂/ဒဂတ(နိုင်)၀၃၄၅၄၃]မှ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**နေပြည်တော်**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအား ရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်နေရာချထားခဲ့ရာတွင် ပါဝင်သူ ဦးကျော်ဌေး[၁၂/ရပသ(နိုင်)၀၁၃၆၅၇]သည် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/တိုးချဲ့၊ မြေကွက်အမှတ်(၇၃၈)တွင် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ အမည်ပေါက် ဦးကျော်ဌေးမှ မြေချပါမစ် မထုတ်ရသေးပါသဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် ငွေသွင်းချလန်မူရင်း၊ ရပ်ကွက်ထောက်ခံစာများ ပူးတွဲတင်ပြ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေချပါမစ် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**မြေယာဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရုံး**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၈-၂၀၁၇ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာ၁ကြော်ငြာ(ဆ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၈)ဦးကြီးတင်၏ဂရန်သက်တမ်းတိုးတွင်လျှောက်ထားသူအမည်ဦးကြီးတင်အစားဦးကြီးတင်+၁ဟုအမှန်ဖတ်ရှုပါရန်။

### ယာဉ်အိုဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- Taxi၊ တိုက်ကျေ
- Bus, C.N.G စလစ်

**Ph-09448007377**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၄ ၊ မြေကွက်အမှတ်–၂၂၃ ဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် တိုက်အမှတ်(၂၂၃)၊ ရွှေစင် (၁)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃)ထပ်တိုက်အနက် (ခေါင်းရင်းခန်း) မြေညီထပ်၊ အခန်းအမှတ် (အေ–၁) တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူက မိမိအမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုအထောက်အထားပြသ၍ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်း ဖိုးငွေ၏တစ်စိတ်တစ်ဒေသစရန်ငွေကိုရောင်းသူအားငွေသားသက်သက်ဖြင့် ( ၆–၁၂–၂၀၁၇ )ရက်နေ့၌ပေးချေ၍စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်း ဥပစာအရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်အားမနာတမ်းလာရောက်၍ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။**

**ဒေါ်စုစု (၁၁/ကဖန (နိုင်) ၀၀၅၆၃၇)**

**၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနေဝင်း**

**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၄၉၄၃)**

**တိုက် (၅)၊ အခန်း(၆)၊ (၁၁)လမ်း၊ (၃) ရပ်ကွက်၊**

**ဘုရင့်နောင်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

### ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

### ၂၀၁၇ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၂၃

| | | |
|---|---|---|
| ဒေါ်လှလှရီ | နှင့် | ၁။ ဦးကျော်မင်းဦး |
| | | ၂။ ဒေါ်ကြူကြူဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ်၊ အမှတ်-၆၊ ကျုံးကြီး(၂)လမ်း၊ ရွှေဆံတော်ရပ်ကွက်နေ ကျော်မင်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက စာချုပ်ပါ ပဋိညာဉ်အတိုင်း မြေလက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ရောင်းဖိုးငွေကျပ်သိန်း ၁၀၀ (ကျပ်သိန်းတစ်ရာတိတိ)နှင့် နစ်နာကြေးငွေကျပ်သိန်း ၂၀ (ကျပ်သိန်းနှစ်ဆယ်တိတိ)ပေါင်း ကျပ်သိန်း ၁၂၀ (ကျပ်သိန်းတစ်ရာနှင့်နှစ်ဆယ်တိတိ) ပြန်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်၊ (၁၃၇၉ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာ ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်အတွင်း တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိခိုင်)**

**ဒုတိယခရိုင်တရားသူကြီး(၃)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

### ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

### ၂၀၁၇ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၂၂

| | | |
|---|---|---|
| ဒေါ်လှလှရီ | နှင့် | ၁။ ဦးကျော်မင်းဦး |
| | | ၂။ ဒေါ်ကြူကြူဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ်၊ အမှတ်-၆၊ ကျုံးကြီး(၂)လမ်း၊ ရွှေဆံတော်ရပ်ကွက်နေ ကျော်မင်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စာချုပ်ပါပဋိညာဉ်အတိုင်း မြေလက်ရောက် ပေးအပ်စေလိုမှု(သို့မဟုတ်) ရောင်းဖိုးငွေ ကျပ်သိန်း ၈၀ (ကျပ်သိန်းရှစ်ဆယ်တိတိ)နှင့် နစ်နာကြေးငွေကျပ်သိန်း ၃၀ (ကျပ်သိန်းသုံးဆယ်တိတိ)ပေါင်း ကျပ်သိန်း ၁၁၀ (ကျပ်သိန်းတစ်ရာနှင့်တစ်ဆယ်တိတိ) ပြန်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်၊ (၁၃၇၉ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာ ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်အတွင်း တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိခိုင်)**

**ဒုတိယခရိုင်တရားသူကြီး(၃)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**



# ငြိမ်းချမ်းရေးဂီတပွဲတော် နောက်ဆုံးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီး နောက်ဆုံး ဆန်ခါတင်ရွေးချယ်ပွဲတွင် ပထမဆု မေသူကျော် ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် ဆက်လက်ယှဉ်ပြိုင်ရန် ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်လေးဦး၏ သီဆိုယှဉ်ပြိုင်မှုများကို ယနေ့ည ၈ နာရီခွဲတွင် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အားပေးခဲ့သည်။

ပြိုင်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ကျင်းပခဲ့သည့် နောက်ဆုံးပြိုင်ပွဲအခမ်းအနားတွင် ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်လေးဦးအနက်မှ ပထမဆုကို မေသူကျော်က လည်းကောင်း၊ ဒုတိယဆုကို ကြူကြူခိုင်က လည်းကောင်း၊ တတိယဆုကို ဖြူလှက လည်းကောင်း၊ စတုတ္ထဆုကို Sa Paung က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမဆုရရှိသူ မေသူကျော်နှင့် ဒုတိယဆုရရှိသူ ကြူကြူခိုင်တို့အား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တတိယဆုရရှိသူ ဖြူလှနှင့် စတုတ္ထဆုရရှိသူ Sa Paung တို့အားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ဆုကြေးငွေများအဖြစ် ပထမဆု ကျပ်သိန်း ၃၀၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၀၊ တတိယဆု ကျပ်သိန်း ၁၀၀၊ စတုတ္ထဆု ကျပ်သိန်း ၅၀ တို့ဖြင့် ချီးမြှင့်ခဲ့သည့်အပြင် အထူးဆုရရှိသူ ခုနစ်ဦးအတွက် တစ်ဦးလျှင် ဆုကြေးငွေ ကျပ်သိန်း ၃၀ စီကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋

# မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ပရိသတ် အကြိုက်ဆုံးတွဲဆိုင်း သရေပွဲဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် AIR KBZ ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ၊ ဂျပန်၊ ပြင်သစ်နိုင်ငံတို့မှ လက်ဝှေ့သမားများ ပါဝင်ထိုးသတ်ရာ ပရိသတ်အကြိုက်ဆုံးနှင့် စိတ်ဝင်စားမှုအရှိဆုံး တွဲဆိုင်းဖြစ်သည့် ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် စောဂေါ်မူဒို(သတ္တိ)တို့ပွဲမှာ ဘတစ်ပြန်ကျားတစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ရာ သရေပွဲဖြင့်သာ ပြီးဆုံးသွားသည်။

မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်သည့် ကနေဒါနိုင်ငံသား မြန်မာ့လက်ဝှေ့အလွတ်တန်းချန်ပီယံ ဒေ့ဗ်(ခ်ေါ)ဒေဝနှင့် ကော်တန်ယာလွန်(ပြင်သစ်)တို့ယှဉ်ပြိုင်ထိုးသတ်ရာတွင် နှစ်ဦးစလုံး တိုက်စစ်ဖွင့်ထိုးသတ်ကြရာ ငါးချီပြည့်သည်အထိ ဒေဝက ဒူး၊ တံတောင်၊ ခေါင်း စသည်ဖြင့် စုံလင်စွာယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့ခြင်းကြောင့်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖



ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် စောဂေါ်မူဒို(သတ္တိ)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။






